www.burmeseclassic.com

# သူမသာ ပိုက်ကြ
# တစ်ကောင်
# မြင်းဆွားတယ်
# ဒီပါဒိုး

မင်း
ဗိုလ်
ဓားရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ........ ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ........ ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ........ ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

★ တရားဥပဒေစိုးမိုးရေး။
★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

★ တစ်မျိုးသားလုံး စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓါတ်ရှင်သန် ထက်မြက်စေရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၄၉၁/၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၆၀/၂၀၀၄ (၁၀)
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com


BURMESE CLASSIC .com

# ၁

ပင်လယ်ပြင်သည် ညီမလေး သေးသေး ကွေးကွေးလေးတစ်ယောက်လို ချစ်စရာကောင်းနေလေသည်။ ပါးချိုင့်တွေ ခွက်ဝင်သွားအောင် ပြုံးပြနေပုံမျိုးနှင့် တူသည့် လှိုင်းများကို ငှက်ခါး ငေးကြည့်နေမိသည်။

ထိုစဉ် သူ့နောက်မှ လှမ်းမေးလိုက်သော ရေမြင်း၏ စကားသံကို ကြားရ၏။

"ဟော့ကောင်...ငှက်ခါး။ ၁၈၈၅ ဟာ သီပေါမင်း ဘာဖြစ်တယ် ဆိုလားပဲ။ အဲဒါ...မင်း သိလား"

"၁၈၈၅...ဟုတ်လား။ အင်း...သီပေါမင်းရဲ့ ဖုန်းနံပါတ် ဖြစ်ချင်ဖြစ်မှာပေါ့။ ဘာလုပ်မလို့လဲ...မင်းက ဖုန်းဆက်ကြည့်ချင်လို့လား"

ရေမြင်းက ခေါင်းကို ကုတ်သည်။


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူးကွာ။ ဟိုနေ့က ဘူးသီးကြော်စားတော့ အကြော်ထုပ်ထားတဲ့ စာရွက်မှာ မသဲမကွဲတွေ့လိုက်လို့ မေးကြည့်တာပါ"

"အောင်မာ...။ ဟောကောင်...မင်းက အကြော်တွေ ဘာတွေ ဝယ်စားနိုင်နေတယ်ပေါ့...ဟုတ်လား။ ပိုက်ဆံ ဘယ်ကရလဲ။ အယုတ်တမာကောင်။ မင်းမှာရှိတဲ့ ပိုက်ဆံကို ငါတို့ မသိအောင် ဝှက်ထားတယ်ပေါ့။ ပြစမ်း...။ ဘယ်လောက်ကျန်သေးလဲ"

ငှက်ခါးက ဆတ်ခနဲထပြီး ရေမြင်းဘက်သို့ လှည့်လိုက်သည်။ ရေမြင်းက လေ့နံရံကို ကော်ပတ်စားနေရာမှ အလန့်တကြား နောက်သို့ ဆုတ်သွားရင်း...

"ဟာ...ပိုက်ဆံ မရှိပါဘူးကွာ။ အကြော်ဆိုင်က အလကား ပေးလိုက်တာပါ။ တကယ်ပြောတာ...ငါ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး"

ရေမြင်းက လက်ထဲမှ ကော်ပတ်စက္ကူကြမ်းကို လွှတ်ချပြီး စုတ်ပြတ်သတ်နေသော သူ့အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များကို အကုန်လှန်လှောပြနေသည်။

ငှက်ခါးက မျက်မှောင်ကျုံ့ထားသည်ကို ဖြေလျှော့လိုက်ရင်း လေသံချိုချိုလေးဖြင့်...

"တကယ်မရှိဘူးလား...။ အရက်တစ်လုံးဖိုးတောင် မရှိတော့ဘူးလား သူငယ်ချင်းရာ..."

"တကယ်ပြောတာကွ ငှက်ခါးရ။ ရှိရင် ငါ ဒီလိုနေမလား။ ဟူး..."

ငှက်ခါး၏မျက်နှာက ပြန်၍ရှုံ့မဲ့သွား၏။ ထို့နောက်...ဆဲရေးလိုက်ပြီး

"ဒီလိုဆိုလည်း မင်းရဲ့ ဟောဒီ အသုံးမကျတဲ့ လှေကြီးကို ရောင်းပစ်လိုက်ကွာ"

ငှက်ခါးက ရေမြင်း ဆောက်နေသော လှေကြီးကို မေးငေါ့ပြပြီး စိတ်ထဲက ခပ်ချဉ်ချဉ်နှင့် ပြောလိုက်သည်။ ရေမြင်းက...

"ဟာ...ဒါတော့ ဘယ်ဖြစ်မလဲကွ။ မဖြစ်ဘူး မဖြစ်ဘူး။ ငါ့လှေက





ပြီးလည်း ပြီးသေးတာ မဟုတ်ဘူး"

တကယ်ဆိုလျှင်... ရေမြင်းသည် ထိုလှေကို သူတစ်သက်တာလုံး ဆောက်လာခဲ့ခြင်းဖြစ်သည်ဟု ပြော၍ရ၏။ တစ်နေ့ကုန် သူ့လှေအနီးတွင် တကုပ်ကုပ်လုပ်ရင်း အချိန်ကုန်သည်။ ညအိပ်တော့လည်း လှေကို ဒေါက်တင်ထားသည့် ကျင်းထဲမှာပင် အိပ်၏။

နေ့တိုင်းနေ့တိုင်း သူ့လှေကို ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း လုပ်ရင်း အချိန်ကုန်သည်။ သို့သော် နှစ်တွေ မည်မျှမည်မျှ ကြာသွားကြာသွား သူ့လှေက ပြီးစီးသည်ဟူ၍ မရှိ။

လှေကလွဲလို့ ရေမြင်းမှာ တစ်ခြားလုပ်စရာလည်း ဘာမှမရှိ။ သူဆောက်နေသည့် လှေကိုလည်း ဘယ်တော့မှ အပြီးမသတ်။ ရေမြင်းသည် သူ နောက်ဆုံး သေမည့်နေ့အထိ သူ့လှေကို ဆောက်လက်စ တန်းလန်း ထားသွားမည့်ပုံ ပေါ်သည်။ ငှက်ခါးက စိတ်တိုတိုဖြင့် ..

"မင်းရဲ့ သောက်လှေက ဘယ်ပြီးမလဲကွ။ မင်း သောက်လုပ် လုပ်နေပုံက သောက်သုံးမှ မကျဘဲ၊ အဲဒီတော့... သောက်ပိုက်ဆံကလည်း မရဘူးပေါ့။ နောက်ပြီး...အချိန်တန်ရင် ငါ့ဆီက သောက်အရက်ကို ကပ်သောက်ဦးမယ် မဟုတ်လား"

ရေမြင်းက ဘာမှမပြောဘဲ တိတ်တိတ်ကလေး ငုံ့ခံနေ၏။ သူ၏ လက်ဖဝါးများကိုမူ အချင်းချင်း ဂနာမငြိမ်စွာ ပွတ်သပ်နေသည်။ ယင်းမှာ စိတ်ကျဉ်းကျပ်လာတိုင်း လုပ်လေ့ရှိသော သူ့အကျင့်ဖြစ်သည်။

ငှက်ခါးက တစ်ချစ်တောက်တောက် ပြောဆိုနေပြီးနောက် ဆူပူရသည်ကို အကြီးအကျယ် ကျေနပ်အားရသွားဟန်ဖြင့် သောင်ပြင်တွင် ပြန်၍ ထိုင်ချလိုက်သည်။ သူ၏ ရည်လျားကြမ်းတမ်းသော ဆံပင်များမှာ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် တဟူးဟူး လွင့်နေကြ၏။

တကယ်တမ်းပြောရလျှင် ငှက်ခါးကိုယ်တိုင်လည်း ဘာအလုပ်မှ လုပ်သူမဟုတ်ချေ။ (သူက "လေကိုရှူရှိုက်ဖို့အတွက် သက်သက်သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေထိုင်နေခြင်းဖြစ်သည်''ဟု ပြောလေ့ရှိသည်။)

သို့သော် ငှက်ခါးကို မွေးစားသည့် အဒေါ်မုဆိုးမကြီး သေဆုံးသွားသည့်အခါ သူ့အတွက် ပင်လယ်ကမ်းစပ်အနီးတွင် တဲအိမ်အစုတ်ကလေးတစ်လုံးကို အမွေအဖြစ် ထားရစ်ခဲ့သည်။ ပင်လယ်ပြင်ကို ငါးဖမ်းစက်လှေများဖြင့် ထွက်ကြသော တံငါသည်တို့က ထိုတဲစုတ်ကလေးကို အခကြေးငွေ နည်းနည်းပါးပါးပေး၍ ငှားရမ်းတတ်ကြခြင်းကြောင့်သာ သူ့အတွက် တစ်နေ့လျှင် ထမင်းတစ်နပ်စာခန့် အဆင်ပြေနေခြင်း ဖြစ်လေသည်။

ငှက်ခါးကမူ သူ့တဲကို ငှားရမ်းတတ်သော တံငါသည်များကို 'လူပျက်တွေ'ဟု အမြဲ ခေါ်ဝေါ်ရည်ညွှန်းလေ့ရှိ၏။

''ဟို...လူပျက်တွေကလည်း ငါ့တဲကို သိပ်မငှားချင်ကြတော့ဘူးကွ ရေမြင်းရ...သိလား။ ငါက တဲခေါင်မိုးကို အသစ်မမိုးပေးလို့တဲ့။ တဲက မိုးရွာရင် အမြဲမိုးယိုနေတော့ သူတို့ နေလို့မရဘူးဆိုပဲ။ ငါ့လခွေး... မိုးရွာတာပဲ မိုးမယိုလို့ စိန်တွေ၊ ပတ္တမြားတွေ ယိုရဦးမှာလား။ တောက်... တော်တော်အသိဉာဏ်မရှိတဲ့ လူပျက်တွေ''

ရေမြင်းက 'ဟုတ်တာပေါ့' ဟု သံယောင်လိုက်၍ ရေရွတ်ရင်း သူ့လက်သည်းများကို အပဲ့ပဲ့အရွဲ့ရွဲ့ဖြစ်အောင် သွားဖြင့် ကိုက်နေ၏။ သူ၏ ကြောင်စိစိနိုင်သော မျက်လုံးသေးသေးကလေးများကမူ ''ငှက်ခါး စိတ်ဆိုးနေသေးသလား''ဟု စူးစမ်း အကဲခတ်နေကြလေသည်။

ထို့နောက် ရေမြင်းက...

''အင်း...။ အခုနေ မိုးပေါ်က စိန်တွေ ရွာချလိုက်ရင် ကောင်းမှာနော်''

''မင်းက... ဘာလုပ်မလို့လဲ''

ငှက်ခါးက သူ့ပါးပြင်ပေါ်မှ ငုတ်စိစိ ပါးသိုင်းမွေးများကို လက်ဖြင့် စမ်းနေရာမှ လေသံပြတ်ပြတ်ဖြင့် မေးလိုက်၏။ ရေမြင်းက...

''ဟ...ရွာချလာတဲ့စိန်တွေကို လိုက်ကောက်ပြီး ပြန်ရောင်းမှာပေါ့။





အဲဒီအခါကျရင် မင်းကော၊ ငါကော ဟို...နုလပိန်းတုံး နှစ်ကောင်ကော သူဌေးဖြစ်ပြီပေါ့ကွ''

ငှက်ခါးက စိတ်ဝင်စားပုံမပြဘဲ ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး...

''တုံးလိုက်တဲ့ စိတ်ကူးကွာ...။ ကောင်းကင်ပေါ်ကနေ စိန်တွေ ရွာချပြီဆိုတာနဲ့ လူတိုင်း ဝိုင်းပြီးကောက်ကြမှာပဲ။ အဲဒီအခါကျရင် စိန်ဆိုတာ တန်ဖိုးရှိပါဦးမလား။ လမ်းဘေးက ကျောက်ခဲလို ပေါသွားမှာပဲ ဉစ္စာ''

ရေမြင်းက သူ့စကားကို ကန့်ကွက်ခံလိုက်ရသောကြောင့် ဘာပြောရမည်မှန်း မသိတော့ဘဲ ကြောင်စိစိ မျက်လုံးကလေးများကိုသာ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း နားထောင်နေ၏။ ငှက်ခါးက ဆက်၍...

''ငါကတော့...ရွာချင်းရွာရင် အရက်မိုးပဲ ရွာစေချင်တယ်။ အဲဒီအခါကျရင် စဉ့်အိုးကြီးကြီးတစ်လုံးရှာပြီး ရွာချသမျှ အရက်တွေကို ခံထားမှာ။ ပြီးမှ...တဝကြီးသောက်ပစ်လိုက်မယ်''

''အဲဒီအခါကျရင် ငါ့ကိုလည်း နည်းနည်းတိုက်နော်...ငှက်ခါး''

ရေမြင်းက မဝံ့မရဲ လေသံကလေးဖြင့် ပြောသည်။ ငှက်ခါးက

''အေး...တိုက်မယ်။ မင်းကိုကော တောက်တဲ့နဲ့ ကြက်ဖကြီးကိုကော သုံးယောက်စလုံးကို နည်းနည်းစီ တိုက်မယ်''

''နည်းနည်းစီတော့ မလုပ်နဲ့လေကွာ...။ ညီတူမျှတူပေါ့။ ဘာပဲဖြစ်ဖြစ် ငါတို့ သူငယ်ချင်းလေးယောက်က မရှိအတူ ရှိအတူ ဝေမျှစားသုံးမှု ဖြစ်သင့်တယ် မဟုတ်လား''

စိတ်ကူးယဉ် စကြာဝဠာထဲတွင် ပျံသန်းနေသော ငှက်ခါး၏ စေတနာကောင်းကလေးသည် ရေမြင်း၏ အလိုက်ကန်းဆိုး မသိတတ်သော တောင်းဆိုမှုကြောင့် ဖြုန်းခနဲ ပြိုကွဲပျောက်ပျက်သွားလေသည်။

''ဟင်...အသုံးမကျတဲ့ မြည်းပိန်။ မျောက်နဲ့ လဒ စပ်ထား ထားတဲ့အကောင်။ ဒါ... ငါ့စိတ်ကူးလား၊ မင်းတို့ စိတ်ကူးလား။ ဟင်...



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါဦး။ မင်းတို့ရဲ့ အာလူးပုပ်နဲ့တူတဲ့ ဦးနှောက်က ဒီလိုစိတ်ကူးမျိုး ထွက်လို့လား''

ငှက်ခါးက ပါးစပ်မှ အယုတ္တ အနတ္တ စုံအောင် ရေရွတ်ဆဲဆိုရင်း သောင်ပြင်ပေါ်ထိုင်နေရာမှ ကုန်းထလာသည်။ ရေမြင်းကတော့ ငှက်ခါး ရိုက်လားနှက်လားလုပ်လာလျှင် ထွက်ပြေးနိုင်ရန် ဖွာလန်ကြဲနေသော ဘောင်းဘီအောက်နားစကို လိပ်တင်ပြီး အသင့်ပြင်နေ၏။

ထိုစဉ် တစ်စုံတစ်ယောက်က သူတို့၏နာမည်ကို အော်ခေါ်ရင်း သောင်ပြင်တလျှောက် မောကြီးပန်းကြီး ပြေးလာနေသည်ကို တွေ့ရ၏။

ရေမြင်းက ပြေးလာနေသူကို လှမ်းကြည့်လိုက်ရင်း စိုးရိမ်သံဖြင့်...

''ဟာ...ဟိုမှာ တောက်တဲ့ကွ။ ဘာဖြစ်လို့လဲ မသိဘူး''

ငှက်ခါးက ရေမြင်း၏မျက်နှာကို ပေါက်ရန် သဲစိုစိုများကို လက်ခုပ်ဖြင့် ကျုံး၍ ခပ်ယူနေရာမှ မော့ကြည့်လိုက်၏။

တောက်တဲ့က ပြေးလာရာမှ အရှိန်လျှော့ချလိုက်ရင်း...

''ဟေ့ကောင်တွေ...ကြက်ဖကြီး အခြေအနေမကောင်းတော့ဘူး ကွ''

''ဟင်...ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ''

ရေမြင်းက ထိတ်ထိတ်ပျာပျာဖြင့် ပြန်မေးသည်။ တောက်တဲ့က ဟောဟဲ...ဟောဟဲ ဖြစ်နေသည့် သူ့အသက်ရှူသံကို မနည်းမှန်အောင် ထိန်းရင်း...

''ဒီကောင်...ဒီကောင် အသက်အန္တရာယ်တောင် ရှိနိုင်တယ်ကွ''

''ဟာ...ဟုတ်လား။ ဒုက္ခပဲ...။ ဟေ့ကောင်...ငှက်ခါး၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ''

ရေမြင်းက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရာမှ ငှက်ခါး ဘက်သို့ လှည့်၍ ပြူးတူးပြဲတဲ မေး၏။

ငှက်ခါးက မှုန်ကုပ်ကုပ်လုပ်ရင်း တောက်တဲ့ကို စိုက်ကြည့် နေသည်။ ဘာမှ ရေးကြီးခွင်ကျယ်မဟုတ်ပါဘဲနှင့် မိုးလားကဲလား





ပြောတတ်သော တောက်တဲ့၏အကျင့်ကို သိထားသောကြောင့် သူ သိပ်မယုံ။ ငှက်ခါးက...

''ဟေ့ကောင် တောက်တဲ့၊ ကြက်ဖကြီး ဘာဖြစ်လို့လဲ၊ ရှင်းရှင်း ပြောစမ်း''

သေသေချာချာ မေးလိုက်သောအခါ တောက်တဲ့က ချက်ချင်း မဖြေ။ ဟိုလိုလို ဒီလိုလို လုပ်နေသည်။ ပြီးမှ...

''ဒီကောင်...၊ အင်း...သေမယ်ဆိုရင်တောင် သေနိုင်တယ်ကွ''

ဟု စကားကို ဝေ့လည်လည် ဖြေသည်။ မျက်လုံးများကလည်း ငှက်ခါးကို တည့်တည့်မကြည့်မိအောင် ရှောင်ရင်း သူ့နှာခေါင်းထဲမှ နှပ်ချေးဖတ်ကို လက်ညှိုးဖြင့် ကလော်ထုတ်နေ၏။

ငှက်ခါးက လေသံမာမာဖြင့်...

''ဟေ့ကောင်...တောက်တဲ့၊ မင်း နှပ်ချေးတွေကို ကလော်ထုတ် မနေနဲ့ကွာ။ ငါ့ကို ရှင်းရှင်းပြော။ အခုကြက်ဖကြီး ဘယ်မှာလဲ၊ ဘာ လုပ်နေသလဲ၊ ဘာဖြစ်နေသလဲ''

တောက်တဲ့က နှပ်ချေးကလော်နေသော သူ့လက်ကို ဘောင်းဘီ တင်ပါးမှာ သုတ်လိုက်သည်။ နောက်...အနည်းငယ် စဉ်းစားသလိုလို လုပ်ရင်း...

''ကြက်ဖကြီး တော်တော်ထောနေတယ်ကွ။ ဒီကောင် ပိုက်ဆံ ဘယ်ကရသလဲ မသိဘူး။ တော်တော်တော့ များတာ သေချာတယ်။ အရက်ကိုလည်း နင်းကန်ပြီး သောက်ထားလိုက်တာကွာ...လူမှန်းသူမှန်း မသိအောင်ကို မူးနေတာကွ။ ဒါနဲ့လည်း မရပ်သေးဘူး။ ဒီကောင့် လက်ထဲမှာ ရမ်ပုလင်းအကြီးတစ်လုံး ကိုင်ထားသေးတယ်''

''ဘာ...ကြက်ဖကြီးဆီမှာ အရက်တစ်လုံးရှိနေတယ်...ဟုတ်လား''

ရေမြင်း၏ အငမ်းမရလေသံက ဝက်တစ်ကောင် အစာတောင်း သည့်အသံမျိုး စီခနဲထွက်လာ၏။ တောက်တဲ့က...

''အေး...မင်း စဉ်းစားကြည့်လေ ရေမြင်း။ ငါတို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အရက်အမူးလွန်နေတယ်။ ဒါနဲ့တောင် မရပ်သေးဘဲ ဆက်ပြီး သောက်နေဦးမယ်ဆိုရင် သူ့အသက်အန္တရာယ်ကို ထိခိုက်လာမယ် မဟုတ်လား။ အဲ...ဒါပေမဲ့ ငါတို့က သူငယ်ချင်းကောင်း ပီပီသသနဲ့ သူ့လက်ထဲက ပုလင်းကို ဝိုင်းပြီး မျှသောက်ပေးမယ်ဆိုရင်တော့ သူ့ ကျန်းမာရေးအတွက် ကာကွယ်ပေးရာ ရောက်တာပေါ့ကွာ''

ရေမြင်း၏ မျက်လုံးသေးသေးလေးနှစ်လုံးက ပုတီးစေ့ကလေး များလို အရောင်တလက်လက် တောက်ပြောင်လာပြီး...

''ဟာ...သိပ်ဟုတ်တာပေါ့။ ငါတို့ အရမ်းချစ်တဲ့ သူငယ်ချင်း အတွက် သူ့လက်ထဲက ပုလင်းကို အမြန်ဆုံးတားဆီးမှ ဖြစ်တော့မယ်။ ဟုတ်တယ် မဟုတ်လား ငှက်ခါး''

သူတို့အားလုံးသည် ကြက်ဖကြီး၏ ကျန်းမာရေးအတွက် ချက်ချင်းကြီး ကောက်ခါငင်ခါဆိုသလို စိုးရိမ်ပစ်လိုက်ကြသည်။

ငှက်ခါးက သံများပေကျံနေသော သူ့လက်ဖဝါးနှစ်ဘက်ကို ပွတ်သပ်ခါရင်း...

''အေး...ငါတို့ ကြက်ဖကြီးကို သွားရှာကြရအောင်''

ငှက်ခါး၏ ထိုအချက်ပေးသံကို သူတို့ အားတက်သရော စောင့် မျှော်နေကြခြင်းဖြစ်သည်။

■





၂

ကြက်ဖကြီး လမ်းလျှောက်နေပုံမှာ လေပြင်း အတိုက်ခံရသဖြင့် ယိမ်းထိုးနေသော ဝါးပင်တစ်ပင်နှင့် တူနေလေသည်။

သူ မူးနေသော်လည်း အသိစိတ်က လုံးလုံး လျားလျား မလွတ်သေး။ လက်ထဲမှ အရက်ပုလင်းကို သတိကြီးစွာဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲ ရှိသေးသည်။

နောက်ပြီး သူ့အင်္ကျီအိတ်ကပ်ထဲတွင် ကျန်နေ သော ပိုက်ဆံတစ်ရာနှစ်ဆယ်နှင့် အကြွေတစ်ချို့ ကိုလည်း မကြာခဏ လက်ဖြင့် ဖိစမ်းကြည့်သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သူ အလကားရလာသည် မဟုတ်။ (တစ်ခါတစ်ရံ မလွဲသာ မရှောင်သာလွန်းမှသာ အသုံးပြုလေ့ရှိသော) သူ၏ ဉာဏစွမ်းရည် ကာယစွမ်းရည်တို့ကို ရက်ရက်ရောရော အားထုတ်ပြီး ရယူလာခဲ့ခြင်း ဖြစ်၏။

ဒီနေ့ သူလုပ်ခဲ့သမျှကို ပြန်တွေးရင်း အရက်မူးနေသည့် ကြက်ဖကြီး၏ မျက်နှာသည် ပြုံးဖြီဖြီ ဖြစ်လာလေသည်။

●

မနက်က ပိုက်ဆံမရှိသဖြင့် စိတ်ညစ်နေသော ကြက်ဖကြီးသည် ရွာထဲမှ ငါးဒိုင်အနီးတွင် သွားထိုင်ရင်း အလုပ်သမလေးတွေ ငါးရွေးနေကြပုံကို ငူငူငေါင်ငေါင်ဖြင့် ကြည့်နေ ငေးနေသည်။ တစ်ခါတစ်ရံ သနားတတ်သော အလုပ်သမကလေး တစ်ယောက်တစ်လေက ရောင်း၍ မရနိုင်သော ငါးပိန်၊ ငါးဖျင်းကလေးများ ပေးတတ်ကမ်းတတ်သည်ကို သူ့အတွေ့အကြုံအရ သိထားသောကြောင့်ဖြစ်၏။

ထိုစဉ် ငါးဒိုင်ပိုင်ရှင် ဒေါ်ချို၏ခင်ပွန်း ဦးစိန်ထွန်းက လက်ထဲတွင် ပုလင်းလေးတစ်လုံးကိုင်လျက် သူ့ဆီသို့ လျှောက်လာနေသည်ကို မြင်ရ၏။ ဦးစိန်ထွန်း၏မျက်နှာမှာ ပြုံးစေ့စေ့နှင့် တစ်စုံတစ်ခုကို ပြောချင်ဆိုချင်ဖြစ်နေပုံ ရသည်။

လျှောက်လာရင်းနှင့်လည်း သူ့လက်ထဲမှ ပုလင်းငယ်လေးကို မကြာခဏ ထောင်၍ ကြည့်သေး၏။ ထိုပုလင်းမှာ သူ့ဇနီး ဒေါ်ချို၏ ဆီးပုလင်းဖြစ်သည်။

သူတို့လင်မယားသည် အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး အထိ ကလေးမရ။ နတ်မေး၊ ဗေဒင်မေး၊ ယတြာချေ၊ သားဆုပန် စသဖြင့် မျိုးစုံလုပ်ကြည့်ပြီးပြီဖြစ်သော်လည်း ဘာမှ အကြောင်းမထူး။ ဆရာဝန်နှင့် ပြကြည့်တော့လည်း 'လင်ရောမယားမှာပါ ချွတ်ယွင်းချက်မရှိ'





ဟုသည့် အဖြေကြောင့် သူတို့အတွက် မျှော်လင့်ရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်။

နောက်...ကြာလာတော့လည်း စိတ်ပင် လျှော့ချင်သလိုလို ဖြစ်လာခဲ့ကြသည်။ ထူးထူးခြားခြား လွန်ခဲ့သည့် သုံးလေးရက်ခန့်ကမှ ဒေါ်ချို တစ်ယောက် မနက်စောစောစီးစီး ပျို့ချင်သလို အန်ချင်သလို ဖြစ်၏။

"ခါတ်ရှင်(ရုပ်ရှင်)တွေထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့...အင်း ဟုတ်နေပြီထင်ပါရဲ့..."

ဟု ဦးစိန်ထွန်းက သူလိုချင်သည့်ဘက် ဆွဲပြီးတွေးသည်။ မြို့ပေါ်ရှိ ဆရာဝန်နှင့် တိုင်ပင်ကြည့်သောအခါ 'ဆီးစစ်ရမည်'ဟု ပြောပြီး ပုလင်းလေးတစ်လုံး ပေးလိုက်၏။

မနက်လေးနာရီလောက်ကတည်းက ဇနီးဖြစ်သူကို အတင်းနှိုးပြီး ဆီးသွားခိုင်းသည်။ ကောင်းကင်တွင် အလင်းရောင်မလာသေးခင် ဦးစိန်ထွန်းက အဝတ်အစားလဲပြီး အသင့်ဖြစ်နေပြီ။ ဒေါ်ချိုက...

"တော်က... ဘယ်သွားမှာမို့လို့ စောစောစီးစီး အဝတ်အစားတွေ လဲထားရတာတုန်း"

"ငါ၊ ပုစွန်ပို့တဲ့ ကားတွေနဲ့ မြို့ကို လိုက်သွားမယ်လေကွာ...။ ဆီးစစ်ဘို့ ဒီပုလင်းကို ဆေးခန်းပို့ရမယ်"

"တော့ ဆေးခန်းက မနက်လေးနာရီကြီး ဖွင့်လို့လား"

ထိုသို့ ပြောလိုက်တော့မှ ဦးစိန်ထွန်းက ဟုတ်သားပဲဟု သတိရသည်။ သို့သော်.... စိတ်လှုပ်ရှားမှုကြောင့် သူတို့လင်မယားနှစ်ယောက်စလုံး ပြန်အိပ်၍ မရတော့။ ဦးစိန်ထွန်းက ပိုဆိုး၏။ အိမ်နောက်ဖေးသို့ ဝင်လျှင်လည်း ဆီးနမူနာ ဟည့်ထားသောပုလင်းကို ကိုင်၍ ဝင်သွားသည်။ အိမ်ရှေ့သို့ ပြန်ထွက်လာလျှင်လည်း ထိုပုလင်းကို ကိုင်၍ ပြန်ထွက်လာသည်။

ဘာလုပ်တာမှန်းလည်း သူကိုယ်သူ မသိ။ မည်သည့်နေရာ သွားသွား ထိုဆီးနမူနာထည့်ထားသော ပုလင်းကို လက်က တကိုင်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။ မနက် ရှစ်နာရီထိုးသောအခါ သူ ဘယ်လိုမှ မနေနိုင်တော့။

"ငါ...မြို့တက်လိုက်ဦးမယ်ကွာ"

ဟု စကားကို ခပ်တိုတိုပြောပစ်ခဲ့ပြီး ဆီးပုလင်းကို လက်မှ ကိုင်ကာ အိမ်မှ ထွက်သည်။

ဦးစိန်ထွန်းစိတ်ထဲမှာ အလိုလိုနေရင်း ရိုးတိုးရွတဖြစ်နေ၏။ ဒီအကြောင်း တစ်စုံတစ်ယောက်ကို ပြောပြချင်စိတ်ဖြင့် လျှာယားနေသည်။

အဲဒီအချိန်မျိုးမှာမှ သူ့ငါးဒိုင်နှင့် မနီးမဝေးမှာ ပေါင်တောင်တောင်ဖြင့် ထိုင်နေသော ကြက်ဖကြီးကို တွေ့လိုက်ရခြင်းဖြစ်လေသည်။

"ဟေ့...ကြက်ဖကြီး"

ကြက်ဖကြီးက မျက်လုံးတစ်ချက်လှန်ကြည့်သည်။ ပေကပ်ကပ် မထုံတက်တေးနိုင်သော ပျင်းရိလေးကန်မှုဖြင့် တုံ့ပြန်၏။ ဘာမှမပြော။

ဦးစိန်ထွန်းက နှုတ်ဆက်မိသည်ကို နောင်တရသလိုလို ဖြစ်သွား၏။ အစကတည်းကလည်း ကြက်ဖကြီးတို့အုပ်စုကို သူ သိပ်စကားပြော အရောဝင်လှေ့ မရှိ။

"ဒီကောင်တွေဟာ လူရှုပ်တွေ"ဟု ဦးစိန်ထွန်း ပါးစပ်က အမြဲရေရွတ်ညည်းတွား အပြစ်တင်လေ့ရှိသည်။ သူတို့လေးယောက်ကြောင့်လည်း ဦးစိန်ထွန်း ဒုက္ခရောက်ရပေါင်း များလှပြီ။

တစ်ရွာလုံးကလည်း ငှက်ခါး၊ ရေမြင်း၊ တောက်တဲ့နှင့် ကြက်ဖကြီးတို့ လေးယောက်ကို ခပ်လန့်လန့်ဖြစ်၏။ အလုပ်မရှိ အကိုင်မရှိ ကလေကချေတွေဟုလည်း သိပ်အထင်မသေးရဲ၊ လူရာသွင်းပြီး ဆက်ဆံရလောက်အောင်လည်း စိတ်မချရ(မထင်မှတ်သောအချိန်တွင် မထင်မှတ်သောထောင့်တစ်ထောင့်ထောင့်က ထပြီး ဒုက္ခပေးတတ်သောကြောင့် ဖြစ်သည်)။

"ဟေ့ကောင်...ကြက်ဖကြီး"

ဦးစိန်ထွန်းက ထပ်ခေါ်လိုက်သည်။ အခုမှတော့ မထူးတော့ပြီ။ သူ့ပါးစပ်ထဲမှ ပြောချင်စိတ်ကလည်း ဥလက်စ ဘဲဥလို အပြင်ကို ထွက်ကျဖို့





တဲတဲကလေးသာ လိုတော့သည်။ အရမ်းပြောချင်လှပြီ။

နောက်ပြီး မြို့ကိုသွားလျှင်လည်း အဖေါ်လေး ဘာလေး ခေါ်သွားချင်သေးသည်။ ဒီလို ငါးဖမ်းရာသီမျိုး၌ တစ်ရွာလုံးတွင် အားအားယားယား ရှိသူကလည်း တစ်ခြားရွေးချယ်စရာ မရှိ။ ထို့ကြောင့် ဦးစိန်ထွန်းသည် ပြုံးဖြီဖြီ စပ်ဖြီးဖြီး ဖြစ်လက်စ မျက်နှာနှင့်ပင် ကြက်ဖကြီးဆီသို့ တည့်တည့်မတ်မတ် လျှောက်လာခဲ့တော့သည်။

ကြက်ဖကြီးကလည်း 'ဒီငနဲကြီး ဘာဖြစ်လို့ အူမြူးနေတာပါလိမ့်' ဟု ရိုးစုမဲ့စုအသိဉာဏ်ကလေးကို ဖျစ်ညှစ်ပြီး စဉ်းစား အဖြေရှာကြည့်သည်။ မရ။ ထို့ကြောင့် သူက ဦးစိန်ထွန်းကို...

"ဦးလေး...ပြုံးလှချည်လားဗျ"

"ဟဲ...ဟဲ...။ ငါ ဘာဖြစ်လို့ ပြုံးနေတာလဲဆိုတာ မင်းသိလား"

"ဗျာ...။ အဲ...ဟိုဒင်း..."

"ဟဲဟဲ... ဟဲဟဲ...ဟီးဟီး"

"သြော်...သိပြီ သိပြီ။ ဦးလေးပြုံးနေတာ လက်စသတ်တော့ ရယ်ချင်လို့ကိုး"

ဦးစိန်ထွန်း နည်းနည်း စိတ်ပျက်သွားသည်။ ထို့ကြောင့်...

"ဒီလိုကွ... ဟဲဟဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်..."

"ဟာ...အမှန်အတိုင်းပဲ ပြောပါဦးလေး။ ကျွန်တော်က လိမ်ပြောတာတို့၊ ဘာတို့ဆိုရင် သိပ်အမြင်ကတ်တာ"

ဒီတစ်ခါတော့ ဦးစိန်ထွန်း တော်တော်စိတ်ပျက်သွားလေပြီ။

"ဟေ့ကောင်...ကြက်ဖကြီး၊ ငါပြောတာကို ဖြတ်ဖြတ်ပြီး ဝင်မပြောနဲ့ကွာ။ ဆုံးအောင်နားထောင်။ မင်းအတွက်လည်း အကျိုးရှိစေရမယ်"

"အကျိုးရှိစေရမယ်"ဟူသော ကတိကြောင့် ကြက်ဖကြီး၏ မျက်လုံးများ ပြူးကျယ်သွား၏။ ယုတ်စွအဆုံး ဦးစိန်ထွန်းက သူ့ကိုသို့ နောင်ပွင့်မည့် ဘုရားအလောင်းပါဟု ပြောလာသည့်တိုင် ငြိမ်ပြီး နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေပေးလိုက်မည်ဟု ကြက်ဖကြီး၏စိတ်ထဲက ရက်ရက်ရောရော ဆုံးဖြတ်လိုက်၏။

ဦးစိန်ထွန်းက...

''ဒီလိုကွ။ အခု...ငါ့မိန်းမမှာ ကိုယ်ဝန်ရှိသလိုလို ဘာလိုလို ဖြစ်နေတယ်''

ပြောပြီး ကြက်ဖကြီး၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ ထုံးစံအတိုင်းဆိုလျှင် ကြက်ဖကြီးဘက်မှ ''ဟုတ်လား...ဝမ်းသာစရာပဲ'' ဘာညာအစရှိသော စကားတစ်ခွန်းခွန်း တုံ့ပြန်လိမ့်မည်ဟု ဦးစိန်ထွန်း မျှော်လင့်ထားသည်။

သို့သော် ကြက်ဖကြီး၏မျက်နှာက အသေကောင်လို မတုန်မလှုပ်၊ ထုံပေပေ မျက်လုံးများဖြင့်သာ တွေတွေငေးငေးကြည့်နေ၏။ ဦးစိန်ထွန်းက အားမလို အားမရ ဖြစ်သွားပြီး...

''ဟင်...။ မင်းက... ဘာမှလည်း ပြန်မပြောဘူး''

''ဦးလေးပဲ စကားပြောနေတုန်း ဖြတ်ဖြတ်ပြီး ဝင်မပြောနဲ့ဆို။ အခု... ဦးလေးစကားက ဆုံးသွားတာလား''

''ကျွတ်... ပြောရတာ လက်ပေါက်ကတ်လိုက်တာကွာ...။ နည်းနည်းပါးပါး အလိုက်တသိနဲ့ စကားလေးဘာလေး ထောက်ပေးဦးမှပေါ့ကွ။ ဒါမှ ပြောရတဲ့လူ အားရှိမှာပေါ့''

''ဟုတ်... ဟုတ်ကဲ့ ဦးလေး။ ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ဟဲဟဲ...ရုတ်တရက်ဆိုတော့ ဝမ်းသာလွန်းအားကြီးပြီး ဘာပြောရမှန်း မသိဘူး ဖြစ်နေလို့၊ ဟီး...ဟီး...။ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ညကျရင် ဦးလေးတို့အိမ်ရှေ့ လာပြီး 'နိုင်ပြီ၊ တို့မြန်မာနိုင်ပြီ'ဆိုတဲ့သီချင်း လာဆိုရဦးမယ်''

''ငါ့လခွေးမပဲ၊ မင်းသီချင်းက တလွဲကွာ။ နေဦးကွ...။ ကိုယ်ဝန်ရှိတယ်ဆိုတာက ငါ့စိတ်ထင်သက်သက်ပဲရှိသေးတာ။ ဒီနေ့မှ ဆီးသွားစစ်ရမယ်။ ဆီးစစ်တဲ့အဖြေက ကိုယ်ဝန်ရှိတာ သေချာပြီ ဆိုလို့





ကတော့ကွာ...။ ဟဲဟဲ...ဟဲ...ဟီးဟီး...ဟီး''

''ဟဲဟဲ... ဦးလေး၊ ဟဲဟဲ...''

''ဒီမှာ ကြက်ဖကြီး၊ ကိုယ်ဝန်ရှိတာ သေချာလို့ကတော့ကွာ... မင်းကို ဒီနေ့တစ်နေ့လုံး အပြတ်ပြုစုမယ် သိလား။ စားချင်သလောက်စား သောက်ချင်သလောက်သောက်...ဟဲဟဲ။ ဟုတ်ပြီလား''

ကြက်ဖကြီးက ဦးစိန်ထွန်း၏ လက်ထဲမှ ဆီးနမူနာပုလင်းကို ကြည့်ရင်း အလျင်အမြန် စဉ်းစားတွက်ချက်လိုက်သည်။ တကယ်ဆိုလျှင် ဒေါ်ချိုက အသက်ငါးဆယ်ပင် ပြည့်လုပြည့်ခင်ဖြစ်နေပြီ။ ကိုယ်ဝန်ရှိဖို့ ဆိုသည်မှာ တော်တော်မရေရာသော ကိစ္စဖြစ်၏။

ဆီးစစ်ပြီးမှ ကိုယ်ဝန်မရှိဘူးဟု သိရလျှင်....

''ဟော့ကောင် ကြက်ဖကြီး...မင်း ငါနဲ့ အဖော်လိုက်ပေးမယ် မဟုတ်လား''

''ဘယ်လဲ... ဦးလေး မြို့ပေါ်တက်မလို့လား''

''အေးပေါ့ကွ။ ဒီဆီးပုလင်းကို သွားစစ်ရမယ်လေ''

''ဟာ...ဒါဆို လိုက်ရမှာပေါ့ ဦးလေးရ၊ ဒီလောက် အရေးကြီးတဲ့ ကိစ္စကို။ အဲ...ဆီးစစ်တဲ့အဖြေက 'အိုကေ'ဆိုရင်သာ ကျွန်တော့်အတွက် မမေ့နဲ့နော်။ ဟဲ.... ဟဲ''

ဦးစိန်ထွန်းက နှစ်ဆယ့်ငါးကျပ်တန် ဖီးထုပ်တံဆိပ်ပေါ်မှ အပေါစား ဗီဒီယိုမင်းသားတစ်ယောက်၏ အက်တင်မျိုးဖြင့် တစ်ဝက် မပြည့် တပြည့် ပြုံးလိုက်ရင်း....

''ငါ့ကတိကို စိတ်ချစမ်းပါကွာ။ အရှေ့တောင်အာရှ အာဖရိကနဲ့ လက်တင်အမေရိကတစ်လွှားမှာ ငါဟာ ကတိအတည်ဆုံးကောင်ပါ''

ကြက်ဖကြီးက ထိုင်နေရာမှ သွက်လက်စွာ ခုန်၍ထလိုက်ပြီး ..

''ပေး...ပေး။ အဲဒီ ဆီးပုလင်း ကျွန်တော့်ကိုပေး ဦးလေး။ ကျွန်တော် ကိုင်ခဲ့မယ်''

''ဟာ.... ဟော့ကောင် ဖြစ်ပါ့မလား။ မတော်တဆ ကျကွဲနေမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်''

''စိတ်ချစမ်းပါ ဦးလေးရာ...။ ကျွန်တော့်အဘွားကို မီးသဂြိုဟ်တုန်းက အရိုးအိုးကို ကိုင်သလိုမျိုး သေသေချာချာ ဂရုစိုက်ပြီးတော့ ကိုင်ခဲ့ပါ့မယ်။ ဦးလေးသာ ရှေ့ကသွားပါ''

လူတစ်ယောက်ကို တကယ်ယုံလောက်အောင် ပြောသည့်နေရာတွင် ကြက်ဖကြီးသည် ပြိုင်ဘက်မရှိ ထူးချွန်သူဖြစ်၏။

လမ်းတလျှောက်လုံး ဆီးပုလင်းကို ကိုင်ကြည့်ရင်း ကြက်ဖကြီး အမျိုးမျိုးအကြံထုတ်လာခဲ့သည်။ ကားဂိတ်တွင် လူများများစားစား မရှိလှသေး။ မြို့သို့သွားသည့် လိုင်းကားကလည်း လူပြည့်အောင်တင်ပြီးမှ ထွက်လေ့ရှိသည်ဖြစ်ရာ အတော်ကြာအောင် စောင့်ရလေ့ရှိ၏။ ကားစောင့်နေကြရင်း ကြက်ဖကြီးက....

''ဦးလေး...ခဏနော်။ ကျွန်တော် ကွမ်းယာ သွားဝယ်လိုက်ဦးမယ်''

ကြက်ဖကြီးက လစ်ထွက်ဘို့ ပြင်သည်။ ဦးစိန်ထွန်းက ကားဂိတ်ရှိ ကွမ်းယာဆိုင်ကို လက်ညှိုးထိုးပြရင်း...

''ဒီမှာပဲ ဝယ်လိုက်လေကွာ...။ မင်းက ဘယ်သွားဦးမလို့လဲ''

''ဟာ...ဒီဆိုင်က ကွမ်းယာက ထုံးစပ်တာမကောင်းဘူး ဦးလေးရ။ ဈေးနားက မာမွတ်တို့ဆိုင်က ကျွန်တော် စားနေကျ''

ဝိုးတိုးဝါးတားပြောပြီး ကြက်ဖကြီးက သုတ်ခြေတင်လာခဲ့တော့သည်။ ဦးစိန်ထွန်း မမြင်နိုင်လောက်သည့်နေရာကို ရောက်သည်နှင့် တစ်ပြိုင်နက် သူ့လက်ထဲမှ ဆီးပုလင်းကို အဖုံးဖွင့်ကာ တစ်စက်မှ မကျန်အောင် သွန်ပစ်သည်။

ထို့နောက် ပုလင်းလွတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မာမွတ်၏ ကွမ်းယာဆိုင်သို့ တစ်ချိုးတည်း ပြေးတော့သည်။ ဆိုင်မှာ မာမွတ်၏ မိန်းမ လက်ချမ်း ရှိနေပါစေဟုလည်း တတွတ်တွတ် ဆုတောင်းသွားသေး၏။ မာမွတ်၏မိန်းမ လက်ချမ်းက ကိုယ်ဝန်ရှစ်လရှိပြီဖြစ်ကြောင်း





သူ သိထားသောကြောင့် ဖြစ်သည်။ ကံအားလျော်စွာပင် ကွမ်းယာဆိုင်မှာ လက်ချမ်း ထိုင်နေသည်နှင့် အခန့်သင့် တည့်တည့်တိုး၏။ ကြက်ဖကြီးက...

''ဟဲ့... လက်ချမ်း။ နင် ရှူးရှူးမပေါက်ချင်ဘူးလားဟင်''

လက်ချမ်း မျက်လုံးပြူးသွား၏။ နောက် သံကုန်ဟစ်လိုက်ပြီး.....

''ဘာပြောတယ် အကောင်စုတ်...။ ဟင်...ငါ့ကို နင် နောက်စရာများ မှတ်နေသလားဟဲ့''

''မဟုတ်ဘူး မဟုတ်ဘူး။ ငါ အတည်ပြောတာပါဟာ...။ တကယ်အရေးကြီးလို့ပါ''

ကြက်ဖကြီး၏လေသံနှင့် မျက်နှာအမူအယာက တကယ်ပင် သေရေးရှင်ရေးကိစ္စတစ်ခုကို အပူတပြင်း လုပ်နေရပုံမျိုး ပေါ်နေသောကြောင့် လက်ချမ်း နည်းနည်းတော့ တွေဝေသွား၏။ ကြက်ဖကြီးက....

''လုပ်ပါဟာ...လက်ချမ်းရာ။ နင့်ရှူးရှူးဟာ ငါ့ရဲ့ဘဝ၊ ငါ့ရဲ့ အနာဂတ်၊ ငါ့ကံကြမ္မာရဲ့ မီးရှူးတန်ဆောင်ပါ''

လက်ချမ်းက စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို ကုတ်သည်။ ကြက်ဖကြီးကတော့ အသက်ပင် မရှူအားဘဲ တရစပ် ဆက်ပြောနေ၏။

''ငါ့ကို ကူညီတဲ့အနေနဲ့ ဟောဒီ ပုလင်းထဲကို နည်းနည်းလောက် ပေါက်ထည့်ပေးပါဟာ...နော်။ ဘာခက်လို့လဲ။ တကယ်ဆို...ဒါဟာ နင့်ဗိုက်ထဲက နင်ပိုင်တဲ့ ရှူးရှူးပဲ။ နင် တကယ်စိတ်ပါလက်ပါနဲ့ ညှစ်လိုက်ရင် ထွက်လာမှာပေါ့။ လုပ်ပါဟာ...တစ်စက်နှစ်စက်ဖြစ်ဖြစ် ထွက်သလောက်လေး ညှစ်ချပေးစမ်းပါ''

ကြက်ဖကြီးက အပြောကောင်း၍လား၊ သို့မဟုတ် ခေါင်းတခါခါ လက်တခါခါနှင့်ပြောနေသော သူ့အမူအယာကို မျက်စိနောက်၍လား မပြောတတ်။ လက်ချမ်းက ကြက်ဖကြီးလက်ထဲမှ ပုလင်းလွတ်ကိုယူပြီး ဈေးအိမ်သာထဲသို့ ဝင်သွားသည်။

ခဏအကြာတွင် ပြန်ထွက်လာပြီး ဆောင့်ဆောင့်အောင့်အောင့်ဖြင့် 'ရော့'ဟု ဆိုကာ ကြက်ဖကြီးလက်ထဲသို့ ဆီးပုလင်းကို ပြန်ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ဘာပဲဖြစ်ဖြစ် ကြက်ဖကြီးကတော့ စိတ်အေးသွားရပြီဖြစ်သောကြောင့် ပြုံးနေ၏။

ကိုယ်ဝန်ရှစ်လရှိနေသော လက်ချမ်းဆီမှ ဆီးကို ယူပြီး စစ်ကြည့်ခြင်းအားဖြင့် 'ကိုယ်ဝန်ရှိသည်'ဟူသော အဖြေရဖို့ရန် ရာခိုင်နှုန်းပြည့် သေချာသွားပြီ ဖြစ်သည်။

'တကယ်တော့ ငါဟာ အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် သေချာ စိတ်ချရအောင် အကွက်ကျကျ လုပ်တတ်တဲ့ အရည်အချင်းနဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါလား'...ဟု ကြက်ဖကြီးက တွေးရင်း သူ့ကိုယ်သူ ပီတိဖြစ်နေ၏။

●

ထို့နောက်တွင်ကား အရာရာသည် ကြက်ဖကြီး၏ စနစ်တကျ စီမံမှုအတိုင်း အံဝင်ခွင်ကျ ဖြစ်လာခဲ့တော့သည်။

ဆရာဝန်က ဆီးနမူနာကို စမ်းသပ်စစ်ဆေးပြီး 'ကိုယ်ဝန်ရှိသည်' ဟူသောအဖြေကို ထုတ်ပေးလိုက်၏။ ဦးစိန်ထွန်းက အတိုင်းမသိ ပျော်ရွှင်ကျေနပ်စွာဖြင့် လက်ခမောင်းခတ်၏။ ကြက်ဖကြီးအတွက် မနက်စာနှင့် ညစာ ဖူလုံသွား၏။

လမ်းခွဲခါနီးတွင် ဦးစိန်ထွန်းက ကြက်ဖကြီးကို အရက်ဝအောင် တိုက်လိုက်သည့်အပြင် နောက်ထပ် အရက်တစ်လုံးနှင့် ပိုက်ဆံနှစ်ရာပါ ချီးမြှင့်လိုက်သေးသည်။

●





မဟုတ်လား။ ငါ....အိပ်ပျော်နေတုန်း ခိုးသွားကြတယ်။ သူခိုးတွေ..."

ရေမြင်း၏စကားကြောင့် ကြက်ဖကြီး ဒေါသဖြစ်သွားပြီး လက်သီးလက်မောင်းတန်းကာ သူတို့အနီးသို့ တိုးကပ်လာသည်။ ငှက်ခါးက....

"အောင်မာ...ငါတို့ကိုပဲ ပြောရတယ်ရှိသေးတယ်။ မင်းကကော ဘယ်လောက်များ သောက်ကျင့်ကောင်းတဲ့ ကောင်မို့လို့လဲ။ မင်းမှာ ဒီလောက်မူးအောင် သောက်ဖို့ ပိုက်ဆံရှိရဲ့သားနဲ့ ငါတို့ကို နည်းနည်းမှ သတိမရဘူး"

"ငါတို့မှာလည်း မင်းလို သောက်တတ်စားတတ်တဲ့ ပါးစပ်တွေ ရှိပါတယ်ကွ။ မင်း...သိတတ်ဖို့ကောင်းတယ် ကြက်ဖကြီး"

"အေး... သိတယ်လေ။ သိ၍ တမင်မခေါ်တာ။ ဒါမှ...ငါ တစ်ယောက်တည်း အဝကြိတ်ရမှာပေါ့ လဒတွေရဲ့"

"ဟာ....ဒီကောင် သိပ်လူပါးဝတယ်။ နည်းနည်းတော့ ဆုံးမပေးလိုက်ဦးမှ။ ကဲကွာ..."

တောက်တဲ့က သဲစိုစိုကို လက်ခုပ်ဖြင့် ကျုံးပြီး ကြက်ဖကြီး၏ မျက်နှာကို တအားလွှဲကာ ပစ်ပေါက်လိုက်၏။ ဖင်ထိုင်လျက် လဲကျသွားသော ကြက်ဖကြီးကို ငှက်ခါးနှင့်ရေမြင်းက ဘောလုံးလို လိမ့်နေအောင် ကန်ကြသည်။

သုံးယောက်စလုံး မောလောက်အောင် ဝိုင်း၍ ထိုးကြ၊ ကြိတ်ကြ၊ ကန်ကြ၊ ထောင်းကြသည့်ဒဏ်ဖြင့် ကြက်ဖကြီး လဲကျသွားပြီး မလှုပ်မယှက် ညည်းညူနေတော့မှ သူ့ကို တစ်ယောက်တစ်လှည့်စီ ထမ်းကာ ငှက်ခါး၏ တဲဆီသို့ ပြန်ခဲ့ကြတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ပိုက်ထားသည့် ဘဲကလေးကို ကြည့်ရင်း...

"သူ့အမွေးတွေ အတောင်တွေကပ်နေလို့ ဒီကောင် ချမ်းနေတာကွ။ ငါတို့ သူ့အမွေးတွေကို နှုတ်ပေးလိုက်ရအောင်"

ဘဲကလေးသည် ဆိုးရွားသော ရာသီဥတု၏ဒဏ်၊ ကားတိုက်ခံရသဖြင့် ဒုက္ခိတဖြစ်ရမည့် ဝေဒနာတို့ကို ခံစားရန် မလိုတော့ဘဲ ငြိမ်းချမ်းစွာပင် သေဆုံးသွားလေသည်။

ငှက်ခါး ပြန်ရောက်လာသောအခါ အမွေးနှုတ်ပြီး ကလီစာထုတ်ပြီး ဖြစ်နေသော ဘဲကလေးကို ရေစင်စင်ဆေးပြီးနောက် ဆန္ဒင်းမှုန့်၊ ဆားအနည်းငယ်တို့ဖြင့် ပယ်ပယ်နယ်နယ်လူးကြသည်။ ကင်လျှင် မြန်မြန်ကျက်အောင် ဆီသုတ်ပေးကြသည်။

ထို့နောက် ဘဲတစ်ကောင်လုံးကို တံစို့ဖြင့် ထိုးကာ ဝါးချွန်ဘက်ပိုင်းကို မြေကြီးမှာ စိုက်လိုက်ကြ၏။ အပေါ်မှ သံဖြူပုံးတစ်လုံးဖြင့် မှောက်ကာ အုပ်သည်။ ပြီး...ထိုသံပုံးကို ဘေးပတ်ပတ်လည်မှ သစ်တိုဝါးစများ ဝိုင်းအုံကာ မီးမြှိုက်လိုက်ကြတော့သည်။ မီးကျီးခဲအချို့ကို သံပုံးအပေါ်မှလည်း တင်ပေးသေး၏။

သူတို့ ဘဲတစ်ကောင်လုံးကို မီးကင်နေစဉ် မြေမြင်းက နှုတ်ထားသော ဘဲမွေးများကို တဲနှင့် ခပ်ဝေးဝေးတစ်နေရာ၌ ကျင်းတူး၍ မြှုပ်ပစ်လိုက်၏။ ထိုနည်းသည် လက်စဖျောက်ရာတွင် အလွန်သေချာသော နည်းဖြစ်လေသည်။

မီးတောက်များ အညွန့်ကျိုးပြီး မီးကျီးခဲ နီနီရဲရဲသာ ကျန်တော့သည့်အချိန်တွင် ဘဲကင်က ဆီနံ့တသင်းသင်း မွှေးပျံ့လာသည်။ သူတို့လေးယောက်၏ ဆာလောင်နေသော ဝမ်းဗိုက်များ နွေးထွေးလာသလို ခံစားရ၏။

အုပ်ထားသော သံဖြူပုံးကို ဖယ်ရှားလိုက်သည့်အခါ တံစို့ထိုးထားသော နီရဲကြွပ်ရွနေသည့် ဘဲကင်ကို မြင်ရလေသည်။ သူတို့လေးယောက်သည် ဗြိတိသျှဘုရင်မကြီး၏ ညစာစားပွဲသို့ တက်ရောက်လာ





ပြန်ရောက်နေပြီဖြစ်၏။ ဒီအထိလည်း သူ မရိပ်မိသေး။

ကြက်ဖကြီးက ချာတိတ်လေးကို ပြုံး၍ ကြည့်လိုက်ကာ....

"ဪ...ညီလေးက အစ်ကို့ထက် အရင်ကြိုရောက်နေတာကိုး"

ဟု မှတ်ချက်ချလိုက်ပြီး ကျောက်စရစ်လမ်းအတိုင်း ယိုင်တိယိုင်ထိုး ဆက်လျှောက်သွားလေသည်။ ချာတိတ်လေးကတော့ ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့၏။

●

ကြက်ဖကြီးကတော့ ဆက်လျှောက်သည်။ လျှောက်သည်။ လျှောက်သည်။

သူလျှောက်ရင်း သောင်ပြင်ဆီ ပြန်ရောက်လာ၏။

"ဟင် ..ဘယ်လိုဖြစ်တာပါလိမ့်"

ချားရဟတ်ကဲ့သို့ မူးနေသော သူ့ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးလိုက်သည်။

"ငါ.... ရွာထဲဝင်တဲ့လမ်းအတိုင်း လျှောက်လာတာ ဘယ်လိုဖြစ်ပြီး သောင်ပြင်ကို ပြန်ရောက်နေတာပါလိမ့်။ ကမ္ဘာမြေကြီး ဘာဖြစ်သွားပြီလဲ"

ကမ္ဘာမြေကြီး ဘာဖြစ်သွားပြီလဲဟူသောအဖြေကို သူ့ဦးနှောက်က စဉ်းစား၍ မပြီးဆုံးသေးခင်မှာပင် သောင်ပြင်ပေါ်သို့ သူ မှောက်လျက်လဲကျပြီး တခေါခေါ အိပ်ပျော်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com


၃

သောင်ပြင်တွင် လဲကျနေသော ကြက်ဖကြီး၏ဘေး၌ ငှက်ခါး၊ တောက်တဲ့နှင့် ရှေမြွေးတို့ သုံးယောက် မျက်နှာသေကလေးများဖြင့် ထိုင်နေကြ၏။

တောက်တဲ့က..

''ငါတော့ ဒီကောင် သေနေပြီ ထင်တာပဲ''

''အေး... သနားပါတယ်ကွာ''

သနားပါတယ်ဟု ပြောလိုက်သော ရှေမြွေး၏ မျက်လုံးများက ကြက်ဖကြီး၏ လက်မောင်းအောက်တွင် ပိနေသော အရက်ပုလင်းဆီသို့ ရောက်နေ၏။

တောက်တဲ့က...

''ဒီကောင့်ကို ဘယ်လိုလုပ်ကြမလဲ''

''အသက်မရှိတော့တာ သေချာရင်တော့ မြေမြှုပ်လိုက်ရုံပဲ


www.burmeseclassic.com

www.burmeseclassic.com



ရှိတော့တာပေါ့။ လွယ်လွယ်လေးပါကွာ…။ လောကကြီးမှာ အသက်ရှင်တဲ့ ကိစ္စနဲ့ သေတဲ့ကိစ္စဟာ အလွယ်ဆုံးပဲ။ လူတွေက ပုံကြီးချဲ့နေကြလို့သာ ပြဿနာတွေ ရှုပ်နေတာ''

ငှက်ခါးက အေးစက်စက်ပြောလိုက်၏။ ရေမြင်းက ပြုန်းခနဲ မျက်ရည်များစီးကျလာပြီး….

''ဟီး…အင့်ဟင့်။ မင်းတို့ ငါ့သူငယ်ချင်းကို မြေမြှုပ်ချင် မြှုပ်ကြပါကွာ၊ ရှုတ်…ငါ့သူငယ်ချင်းထားခဲ့တဲ့ အရက်ပုလင်းကိုတော့ ဟင့်ဟင့်… ငါ မြေမြှုပ်မခံနိုင်ဘူး။ ငါ့သူငယ်ချင်းကို ငါ အရမ်းချစ်တာကွ။ ဟီး အီး…အီး''

ဟု ငိုသံပါကြီးနှင့်ပြောရင်း အရက်ပုလင်းကို ဆွဲယူကာ ရင်ခွင်ထဲ ပိုက်ထားလိုက်သည်။ ငှက်ခါးက….

''ဟင်…မင်းဟာက ဘာဆိုင်လို့လဲ''

ပြောပြောဆိုဆိုနှင့် ရေမြင်းလက်ထဲမှ အရက်ပုလင်းကို ဆတ်ခနဲ ပြန်လုယူလိုက်၏။ ရေမြင်းက ချက်ချင်း အငိုတိတ်သွားသည်။

တောက်တဲ့က ကောင်းကင်ကို မော့ကြည့်ရင်း တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားမိဟန်ဖြင့်….

''အင်း….သေသေချာချာ စဉ်းစားကြည့်လိုက်တော့ အသုံးမဝင်တော့တဲ့ လူတစ်ယောက်ကို မြေမြှုပ်တဲ့ကိစ္စမှာ အသုံးဝင်နေသေးတဲ့ အရက်ပုလင်းတစ်လုံးကိုပါ အတူထည့်ပေးလိုက်ဖို့ ဆိုတာကတော့ အဓိပ္ပါယ် မရှိလှဘူးကွ''

''ဟော့ကောင်….တောက်တဲ့။ စကားပြောရင် ရိုးရိုးပြောကွာ။ စကားပြောရင်းနဲ့ မင်းရဲ့ သောက်နှပ်ချေးဖတ်တွေကို ကလော်မနေစမ်းနဲ့''

ငှက်ခါးက ငေါက်ဆတ်ဆတ်ပြောလိုက်သောကြောင့် မိုးကောင်းကင်ကို မော့ကြည့်ရင်း နှပ်ချေးဖတ်ကလော်နေသော တောက်တဲ့၏ လက်က ဆတ်ခနဲ တွန့်သွားသည်။

ငှက်ခါးက သူ့လက်ထဲ ရောက်နေသော အရက်ပုလင်း၏အဖုံးကို





လှည့်ဖွင့်လိုက်ပြီး တစ်ချက် နမ်းကြည့်သည်။ ထို့နောက်…

''လာ…ကမ်းစပ်နားမှာ သွားသောက်ကြမယ်''

အရက်နှစ်ငုံ သုံးငုံမျှ သူတို့ဗိုက်ထဲ ဝင်သွားသောအခါ တစ်ကိုယ်လုံး နွေးထွေးသွားကြသည်။ သူတို့သုံးယောက်စလုံး၏ နှလုံးသားများသည်လည်း နူးညံ့သိမ်မွေ့ကာ စိတ်ကောင်း စေတနာကောင်းများ တဖွားဖွား ပေါ်ထွက်လာကြလေတော့သည်။

အနည်းငယ်မူးစပြုလာသောအခါ ရေမြင်းက ရှိုက်ကြီးတငင် ငိုချလိုက်ရင်း…

''ဟီး..အီးအီး။ ကြက်ဖကြီးဟာ ငါ့အပေါ်မှာ တကယ်ကောင်းခဲ့တဲ့ သူငယ်ချင်းကွ။ ဒါပေမဲ့…ရှုတ်….ဟင့်…ငါကတော့ သူ့ကို ဘာတစ်ခုမှ ကျေးဇူးမတုံ့ပြန်နိုင်ခဲ့ပါဘူးကွာ…။ ငါဟာ အလကားကောင်ပါ။ ဟီး… ဟင့်…ဟင့်''

တောက်တဲ့ကလည်း စိတ်မကောင်းသည့်လေသံဖြင့်….

''ဟုတ်တယ်ကွ။ မနှစ်က ရွာထဲမှာ ဆွမ်းတော်ကြီးတင်တုန်းက ဒီကောင် မုန့်တွေ သွားလုလာပြီး ငါတို့ကို ခွဲကျွေးတာ မှတ်မိသေးလား။ ငါ့ကို ဘုန်းကြီးက ဒံပေါက်တစ်ထုပ်ပွန့်တာကျတော့ ဒီကောင်က စားချင်ပါတယ်လို့ ပြောတာတောင် မကျွေးဘဲနဲ့ ဝှက်ထားပြီး ငါတစ်ယောက်တည်း စားပစ်ခဲ့မိတယ်''

''ဒါလည်း မင်းအပြစ်ချည်းပဲ ပုံချလို့တော့ မရပါဘူးကွာ…။ ဒီကောင့်ကို ကျွေးရင်လည်း သွားဖြိနားဖြိ စားပစ်တာနဲ့ မင်းတောင် တစ်လုပ်မှ နှိုက်ချိန် ရလိုက်မှာ မဟုတ်ဘူး။ ကြက်ဖကြီးဆိုတဲ့ကောင်က သောက်စားသိပ်ကြီးတဲ့ကောင်ကွ''

ငှက်ခါးက ပြေရာပြေကြောင်း ဖြေသိမ့်သည်။ သို့သော် တောက်တဲ့က အလွန်ကြေကွဲ ဝမ်းနည်းနေသည့်လေသံဖြင့်…

''ဟုတ်တော့ ဟုတ်ပါတယ်ကွာ…။ ဒါပေမဲ့ ဒီကောင် မသေခင် တုန်းက သူကြိုက်တဲ့ ဒံပေါက်လေး တစ်လုပ် တစ်ဆုပ်တောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



မရှာဲ ငါတစ်ကိုယ်ကောင်းဆန်ခဲ့မိတာကို တွေးတွေးပြီး နောင်တရလို့ မဆုံးဘူးကွာ...။ ဒီနေ့ ဒီအချိန်ကစပြီး ငါ...နောက်ဆို ဘယ်တော့မှ တစ်ကိုယ်ကောင်း မဆန်တော့ပါဘူးလို့ ကတိပေးတယ်...သူငယ်ချင်းတို့ ရာ...။ တကယ်ပြောတာ....သိလား''

တောက်တဲ့က ဆွတ်ပျံ့လှိုက်လှဲသည့်အသံဖြင့် ကတိသစ္စာ ပြု လိုက်သည်။ ထို့နောက် နှပ်ချေးဖတ်တစ်ဖတ်ကိုလည်း ကလော်ထုတ် လိုက်၏။

ထိုနှပ်ချေးဖတ်ကို သူ့လက်ညှိုးနှင့် လက်မကြားတွင် လိမ့်ရင်း အလုံးကလေးဖြစ်အောင် လုံးနေသည်။

ငှက်ခါးက တွေ့မြင်နေသော်လည်း ဘာမှမပြောဘဲ ဥပေက္ခာ ပြုထားလိုက်သည်။ အားလုံး ဝမ်းနည်းကြေကွဲနေသောချိန်ဖြစ်သောကြောင့် နည်းနည်းပါးပါး ခွင့်လွှတ်ရမည်ဟု သူ့ဘာသာသူ တွေးလိုက်၏။

လူတစ်ယောက်သေဆုံးသည်ကို အကြောင်းပြုပြီး ကျန်ရစ်သူ များက လုပ်ချင်တာလုပ်ဖို့ အခွင့်ထူးရတတ်သော ယဉ်ကျေးမှုသည် ထုံးစံတစ်ခုလိုလို ဘာလိုလိုဖြင့် ခပ်တည်တည် နေရာဝင်ယူလာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၏။

ငှက်ခါးက သူ့ပါးသိုင်းမွေး ငုတ်စိများကို လက်ဖြင့် သပ်ကာ စမ်းလိုက်ရင်း...

''အေးကွ။ တစ်ခါက ငါလည်း သူ့ဖိနပ်တွေကို ခိုးရောင်းပြီး အရက်သောက်ပစ်ဖူးတယ်။ နောက်...ဒီကောင်သိသွားတော့လည်း ဘာမှ မပြောရှာပါဘူးကွာ...။ တကယ်တော့ ကြက်ဖကြီးဟာ လူကောင်းတစ် ယောက်ပါ''

သူတို့သည် စိတ်ကောင်းဝင်နေချိန်ဖြစ်သောကြောင့် သူတို့အပြစ် များကို ဝန်ခံရင်း ကိုယ့်ဘာသာကိုယ် ကျေနပ်သာယာနေကြ၏။

ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင် (ဟုတ် သည်ကော မဟုတ်သည်ကော) အပြစ်ဟောင်းများကို ရှာရှာဖွေဖွေ





စဉ်းစားဆွဲထုတ်ပြီး သူ့ထက်ငါ ဦးအောင် ဝန်ခံကြသည်။

ရွှေမြင်းက မျက်ရည်များကို သုတ်ရင်း..

''တစ်နေ့တုန်းက ရပ်ကွက်လူကြီးကတော် အိမ်သာတက်နေတုန်း ကြက်ဖကြီးက အိမ်သာထရံကို သွားခွာလို့ဆိုပြီး တစ်ည အချုပ်ခံရသေး တယ် မဟုတ်လား။ အမှန်တော့ ကြက်ဖကြီးက 'အိမ်သာထဲမှာ လူရှိ လား'ဆိုပြီး ထရံကို လက်နဲ့ သွားပုတ်ရုံလေးတင် ပုတ်တာ။ ဒီကောင့်မှာ ဘာအပြစ်မှ မရှိပါဘူးကွာ...''

ငှက်ခါးက မျက်လုံးစွေကြည့်လိုက်ပြီး....

''ထရံခွာတာက မင်းလက်ချက် မဟုတ်လား''

''အင်း...ဟိုဒင်း...ဘယ်လိုပြောရမလဲဆိုတော့ကွာ။ ဒါက...''

ရွှေမြင်းက သေးငယ်သော မျက်လုံးကလေးများကို ကြောင် ကလက် ကြောင်ကလက် လုပ်ရင်း လက်ဖဝါးနှစ်ဘက်ကို ပွတ်သပ်လျက် ပြောစရာစကားလုံး ရှာနေ၏။

''ဟေ့ကောင်...ရွှေမြင်း ပြောလေကွာ...။ ငါမေးနေတာ''

''ဟိုဒင်း....တကယ်တော့ ငါလည်း ထရံကို ခွာချင်တာ မဟုတ် ပါဘူးကွာ...။ အိမ်သာထရံကြီး ဘာလုပ်ဖို့တုန်း ဟုတ်ဘူးလား။ ငါက အဲ...ငါ့လေ့မှာ ရိုက်ဖို့ သံနည်းနည်းလိုနေတာနဲ့ အဲဒီက သွားခွာပြီး ထရံကို တဲတဲကလေး ပြန်ကပ်ထားခဲ့တာ။ နောက် ပြဿနာတက်တယ် ကြားတော့ ငါလုပ်တာပါလို့ ဘယ်ဝန်ခံရဲတော့မှာလဲ''

တောက်တဲ့က အရက်ပုလင်းအဝရှိ တံတွေးများကို အကျီအဖျား ဖြင့် သုတ်၍ အရက်တစ်ငုံ 'ဂလု'ခနဲ မျိုချပြီးနောက် တံတွေးတစ်ချက် ထွေးကာ....

''မင်းဟာ တော်တော်ယုတ်မာတဲ့ကောင်ပဲ ရွှေမြင်း။ ငါတို့ကမှ တော်သေးတယ်။ မင်းက ကိုယ့်အပြစ်ကို သူငယ်ချင်းပေါ် ပုံချပြီး ကိုယ်လွတ်ရုန်းခဲ့တဲ့ကောင်''

ငှက်ခါးကလည်း ရွှေမြင်းကို စိတ်ပျက်စွာ လှမ်းကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ငါတို့လုပ်တာက ကိုယ့်တစ်ဝမ်းတစ်ခါး စားရ၊ သောက်ရဖို့ လုပ်တာ။ ဒါ...သဘာဝကျတဲ့ အပြစ်ကွ။ မင်းလို ကိုယ်လုပ်တဲ့ကိစ္စ ကိုယ်တာဝန်မယူရဲတာက ယုတ်မာတဲ့အပြစ်။ ရှင်းလား...။ အဲဒီတော့ မင်းဟာ ဟောဒီအရက်ကို ဆက်သောက်ခွင့် မရှိတော့ဘူး''

''ဟာ....မဆိုင်ဘူးလေကွာ။ ငါက ဘယ်သူ့ကို ဒုက္ခပေးခဲ့လို့လဲ။ သံတွေ နုတ်ယူပြီးတော့ အိမ်သာကို လုံအောင် ပြန်ကာပေးခဲ့သားပဲ။ ဟိုကောင်က သူ့ဘာသာ ကံဆိုးချင်လို့ ထရံကို လက်နဲ့သွားပုတ်တဲ့ဟာ''

''ကံဆိုးတယ်ဆိုတာ ကိုယ့်အားနည်းချက်ကို တည့်တည့်ပြန် မကြည့်ရဲတဲ့ ကောင်တွေရဲ့ လက်သုံးစကားပဲကွ။ ဟုတ်တယ်မဟုတ်လား တောက်တဲ့''

တောက်တဲ့က သိပ်ဟုတ်တာပေါ့ကွာ...ဟု လိုက်လိုက်လှဲလှဲ ထောက်ခံလိုက်ရင်း အရက်ပုလင်းကို အလှည့်ကျော်ကာ ငှက်ခါးဆီသို့ လှမ်းပေးလိုက်၏။ ရေမြင်းက မျက်စိသူငယ် နားသူငယ်လေးဖြင့်...

''ဟေ့ကောင်တွေ...ငါ့ကိုလည်း နည်းနည်းတော့ ပေးတိုက် ပါကွာ...''

ထိုစဉ်....

''ငါ့ကိုလည်း တိုက်ပါဦးကွ''

အာလေးလျှာလေးသံကြီးဖြင့် ပြောလိုက်သောစကားကြောင့် သူတို့သုံးယောက်စလုံး နောက်သို့ လှည့်ကြည့်လိုက်ကြသည်။ ဒယီး ဒယိုင်ဖြင့် ကုန်းထပြီး သူတို့ဆီ လျှောက်လာနေသော ကြက်ဖကြီးကို မြင်ရ၏။ ငှက်ခါးက....

''ဒီကောင်ကလည်း သေနိုင်ခဲလိုက်တာကွာ''

ဟု ရေရွတ်ပြီး မျက်နှာပြန်လွှဲသွားသည်။ တောက်တဲ့ကလည်း....

''စောစောကတည်းက မြေမြှုပ်ပစ်လိုက်ရင် ကောင်းသား''

''ဖားပြုတ်မသား။ မင်းကို တစ်စက်မှ ပေးမတိုက်ဘူး။ ရှင်းလား''

''ဟမ်....ဘာလို့ မတိုက်ရမှာလဲကွ။ အဲဒါ...ငါ့အရက်ပုလင်း





မဟုတ်လား။ ငါ....အိပ်ပျော်နေတုန်း ခိုးသွားကြတယ်။ သူခိုးတွေ...''

ရေမြင်း၏စကားကြောင့် ကြက်ဖကြီး ဒေါသဖြစ်သွားပြီး လက်သီး လက်မောင်းတန်းကာ သူတို့အနီးသို့ တိုးကပ်လာသည်။ ငှက်ခါးက....

''အောင်မာ...ငါတို့ကိုပဲ ပြောရတယ်ရှိသေးတယ်။ မင်းကကော ဘယ်လောက်များ သောက်ကျင့်ကောင်းတဲ့ ကောင်မို့လို့လဲ။ မင်းမှာ ဒီလောက်မူးအောင် သောက်ဖို့ ပိုက်ဆံရှိရဲ့သားနဲ့ ငါတို့ကို နည်းနည်းမှ သတိမရဘူး''

''ငါတို့မှာလည်း မင်းလို သောက်တတ်စားတတ်တဲ့ ပါးစပ်တွေ ရှိပါတယ်ကွ။ မင်း...သိတတ်ဖို့ကောင်းတယ် ကြက်ဖကြီး''

''အေး... သိတယ်လေ။ သိ၍ တမင်မခေါ်တာ။ ဒါမှ...ငါ တစ်ယောက်တည်း အဝကြိတ်ရမှာပေါ့ လဒတွေရဲ့''

''ဟာ....ဒီကောင် သိပ်လူပါးဝတယ်။ နည်းနည်းတော့ ဆုံးမ ပေးလိုက်ဦးမှ။ ကဲ..ကွာ ..''

တောက်တဲ့က သဲစိုစိုကို လက်ခုပ်ဖြင့် ကျုံးပြီး ကြက်ဖကြီး၏ မျက်နှာကို တအားလွှဲကာ ပစ်ပေါက်လိုက်၏။ ဖင်ထိုင်လျက် လဲကျ သွားသော ကြက်ဖကြီးကို ငှက်ခါးနှင့်ရေမြင်းက ဘောလုံးလို လိမ့်နေ အောင် ကန်ကြသည်။

သုံးယောက်စလုံး မောလောက်အောင် ဝိုင်း၍ ထိုးကြ၊ ကိုတ်ကြ၊ ကန်ကြ၊ ထောင်းကြသည့်ဒဏ်ဖြင့် ကြက်ဖကြီး လဲကျသွားပြီး မလှုပ် မယှက် ညည်းညူနေတော့မှ သူ့ကို တစ်ယောက်တစ်လှည့်စီ ထမ်းကာ ငှက်ခါး၏ တဲဆီသို့ ပြန်ခဲ့ကြတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# ၄

သကြန်မိုး တစ်ပြိုက်ရွာသွန်းလိုက်သည့်အခါ အဝါရောင်ဖျော့ဖျော့သန်းနေသော တန်ခူးရန့်သည် လေပြေနှင့်အတူ ပင်လယ်ဆီ တလွင့်လွင့် ပါသွားလေသည်။

မိုးငွေ့ကြောင့် ခြောက်ခြောက်သွေ့သွေ့ အိပ်မက်တွေ စွတ်စိုစိမ်းလန်းလာသည်။ အသိုက်ဆောက်သော ငှက်များ၊ ငုပန်းများ၊ အုန်းလက်များနှင့် ရှင်သန်လိုသောမျှော်လင့်ချက်များသည် ပို၍ မြင့်မြတ် အသက်ဝင်လာကြသည်။ ပို၍ အဓိပ္ပါယ်ရှိသလို ခံစားလာရစေသည်။

မိုးရေထဲတွင် သဲပြင်သည် မီးခိုးရောင် မှိုင်းနေ၏။ ပင်လယ်ရေပြင်သည် တဝုန်းဝုန်းကျနေသော မိုးစက်မိုးပေါက်များကြောင့် တဆတ်ဆတ် တုန်ယင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဲထဲတွင် ထိုင်ကာ ပင်လယ်ဆီကို ငေးနေကြသော ငှက်ခါး၊ ရေမြင်း၊ တောက်တဲ့နှင့် ကြက်ဖကြီးတို့ လေးယောက်ကမူ ငြိမ်ငြိမ်သက်သက်ပင် ရှိနေကြသည်။ သို့သော် ကျောက်ရုပ်တွေလို မလှုပ်မယှက် ထိုင်နေကြပုံမျိုးတော့ မဟုတ်။

ခေါင်မိုး၊ ရွက်ဖျင်စရှိ ဖွာလန်ကျဲနေသော အပေါက်များမှ တစ်ဆင့် သူတို့ကိုယ်ပေါ်သို့ မိုးစက်များ ယိုစိမ့်ကျလာသည့် အခါမျိုးတွင်တော့ နေရာရွှေ့ရကောင်းမှန်း သိကြ၏။

ငှက်ခါး၏တဲမှာ နဂိုက မိုးထားသော ဓနိချပ် တစ်ခုတစ်လေမှ ကျန်မနေရစ်တော့။ ထို့ကြောင့် ဝါးလုံးတန်းများပေါ်တွင် ရွက်ဖျင်စ အကြီးကြီးတစ်ချပ်ကို ဖြန့်ကာ အုပ်မိုးထားရ၏။

ရွက်ဖျင်စကြီးမှာလည်း နေရာအနှံ့ စုတ်ပြတ်ပေါက်ပြဲနေပြီဖြစ်ရာ မိုးစက်များ၏ အလေးချိန်ဖြင့် စုပြီး အိုင်လာတိုင်း အပေါက်အပြဲတို့မှ စိမ့်ဝင်ကာ တစ်ပေါက်ပေါက် ယိုစီးကျလျက်ရှိ၏။

ထို့ကြောင့် တဲအတွင်းရှိ(တစ်ခုတည်းသော ပရိဘောဂပစ္စည်းဖြစ်သည့်) ခုတင်ပေါ်တွင် ခြေတွဲလောင်းချ၍ ထိုင်နေသော ငှက်ခါးမှတစ်ပါး ကျန်သုံးယောက်မှာ မကြာခဏ လှည့်ပတ် နေရာပြောင်းရွှေ့နေကြရ၏။

သို့သော်လည်း (နေရာ အရွှေ့အပြောင်းလုပ်စဉ်ခဏမှာပင် လှုပ်ရှားသွားကြခြင်းဖြစ်ပြီး) ကျန်အချိန်များတွင် ငြိမ်ငြိမ်သက်သက်ထိုင်ကာ ပင်လယ်ပေါ်ရွာသွန်းနေသည့် မိုးစက်များကို တိတ်တဆိတ် ငေးကြည့်နေကြသည်သာ ဖြစ်၏။

ထိုသို့ နက်မှောင်နေသော တိတ်ဆိတ်မှုများကြားမှ ရေမြင်းက မေးခွန်းတစ်ခု မေးလိုက်သည်။

"အိပ်မက်မက်တဲ့အခါ အိပ်မက်ကို ဆေးရောင်စုံနဲ့ မြင်ရသလား။ အဖြူအမည်းနဲ့ မြင်ရတာလား ငှက်ခါး"

ငှက်ခါးက ခုတင်ပေါ်မှ သူ့ခြေထောက်များကို နေရာမရွှေ့၊ အတန်ကြာအောင် စကားပြန်မပြောဘဲ စဉ်းစားနေသေးသည်။ ပြီးမှ....

"မသိဘူးကွ။ လောကကြီးမှာ ငါတို့ သေသေချာချာ မသိတာတွေ အများကြီးပဲ၊ နောက်ပြီးတော့...အဲသည်လို မသိတာ သဘာဝကျတယ်လို့ ငါထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဟောဒီကမ္ဘာပေါ်မှာ လူတွေ သန်းပေါင်းများစွာဟာ ကရဝေးပင်နဲ့ သစ်ကြံပိုးပင်ကို ခွဲခွဲခြားခြားမသိဘဲ သေသွားခဲ့ကြပြီးပြီ၊ အခုလည်း ကမ္ဘာပေါ်မှာ မြေလူးငှက်အော်သံနဲ့ ပိန်းညင်းငှက်အော်သံကို မခွဲခြားတတ်တဲ့ လူသန်းပေါင်းများစွာ အသက်ရှင်နေကြဆဲပဲ၊ အဲဒါ သဘာဝမကျဘူးလား။ အဲဒါ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စတစ်ခုပဲ မဟုတ်ဘူးလား ရေမြင်း"

ရေမြင်းက ခေါင်းကိုခါယမ်းရင်း "မင်းပြောတာ ငါတော့ နားမလည်ဘူး"ဟု စကားသံ ဝိုးတိုးဝါးတားဖြင့် ပြော၏။ ငှက်ခါးက...

"ငါက မသိချင်ဘူး၊ ခံစားချင်တာကွ။ ငှက်အော်သံလေးတစ်သံကို ကြားလိုက်ရရင် ပိန်းညင်းငှက်လား၊ မြေလူးငှက်လား ခွဲခြားပြီး မသိချင်ဘူး။ အဲဒီ ငှက်အော်သံသီးသန့်လေးကိုပဲ ကြည်ကြည်နူးနူး ခံစားနေချင်တာ"

"အင်း..."

"အဲဒါကြောင့် ငါက ငါသိထားတာတွေ အားလုံးကို မကြာခဏ မေ့မေ့ပစ်လိုက်တာ။ ငါ့ကိုယ်ငါ ပိတောက်ပန်းကို ပထမဦးဆုံးအကြိမ် မြင်ဖူးပြီး ကမ္ဘာလောကကြီးကို အဲခုမှ ကိုယ်ရှေ့ ဘွားခနဲ ရောက်လာတဲ့ အသစ်တစ်ခုလို တွေ့လိုက်ရတဲ့ စိတ်အားထက်သန်မှုမျိုးနဲ့ နေ့တိုင်း ခံစားနေချင်တာ"

"ဟင်...မင်းဟာက နောက်ဆုံးကျတော့ ဘာမှလည်းမဟုတ်ဘူး"

"အေး...အဲဒါပဲလေ။ ဘဝဆိုတာ နေထိုင်ဖို့ပဲ...ဒါပဲ။ ဘဝဆိုတာ တစ်ခုခုအတွက် မဟုတ်ဘူး"

ရေမြင်းက ညည်းတွားသန်းဝေသည့် အသံမျိုးဖြင့်







www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အဖြေတွေကို ရှာရတာ ကြိုက်တယ်ကွ။ ပြီးတော့လည်း ဘာမှတော့ မဟုတ်ဘူးပေါ့ကွာ...။ ဒါပေမဲ့ ခက်တာက ငါ့မှာ သိချင်နေတဲ့စိတ်တွေ ဖြစ်ဖြစ်လာတယ်။ မသိရရင်ကို နေလို့ထိုင်လို့ မရတော့ဘူး"

"အေး...ငါလည်း နေလို့ထိုင်လို့ မရတော့ဘူး။ ခေါင်မိုး အပေါက်က ရေတွေက ငါ့အပေါ် တည့်တည့်ယိုကျနေပြီ။ မင်းက အသေကောင်ကြီးလို တစ်နေရာတည်း ထိုင်မနေနဲ့။ ရေမြင်း...ဟိုဘက် တိုးဦး"

တောက်တဲ့က သူ့နှာခေါင်းကို လက်ညှိုးဖြင့် ကလော်ရင်း မာဆတ်ဆတ်ပြော၏။ ထို့နောက် မိုးရေယိုနေသော ခေါင်မိုးပေါက်နှင့် လွတ်သည့်နေရာသို့ ရွှေ့ရင်း ငှက်ခါးထိုင်နေသည့် ခုတင်ပေါ်သို့ မျက်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

အလွန်အကင်းပါးသည့် ငှက်ခါးက တောက်တဲ့၏ အကြည့်ကို မြင်ရုံမျှနှင့် သူ ဘာစိတ်ကူးနေသည်ကို ချက်ချင်းရိပ်မိလိုက်ပြီး...

"ဟေ့ကောင်...တောက်တဲ့။ ငါ့ခုတင်ပေါ်ကိုတော့ တက်လာဖို့ လုံးဝစိတ်မကူးနဲ့။ ဒီအိမ်မှာ ငါကအိမ်ရှင်။ ပြီးတော့ ဟောဒီခုတင်ကလည်း ငါပိုင်တဲ့ ကုတင်။ အဲဒီတော့ မင်းတို့ ဘယ်လောက်ပဲ မိုးစိုစို ငါ့ခုတင်ပေါ်ကိုတော့ ခြေတစ်လှမ်းမှ မတက်နဲ့။ ကြမ်းပြင်ပေါ်မှာပဲ ကြိုက်တဲ့နေရာ ရွေးအိပ်ကြ။ ငါတစ်ယောက်တည်း ခုတင်ပေါ်မှာ အိပ်မယ်။ ရှင်းလား"

တကယ်တော့ ငှက်ခါးထိုင်နေသည့် ခုတင်ကလည်း မိုးယိုသော နေရာနှင့် လွတ်လွတ်ကင်းကင်းရှိလှသည်မဟုတ်။ ခုတင် အလယ်ပိုင်း တစ်နေရာနှင့် ခြေရင်းပိုင်း နှစ်နေရာခန့်တွင် မိုးယိုနေသော ရေကွက်များ ရှိသောကြောင့် ခပ်ကွေးကွေးအိပ်မှသာ အဆင်ပြေမည့် အခြေအနေမျိုး ဖြစ်သည်။

သို့တိုင် ငှက်ခါးက သူ၏ပိုင်ဆိုင်မှုနှင့် အိမ်ရှင်ဟူသည့် ဂုဏ်





သိက္ခာကို ဖော်ပြရန် ထိုစကားကို ပြောလိုက်ရခြင်းအတွက် ကျေနပ်နေလေသည်။

တောက်တဲ့က....

"မင်းဟာ လက်ဝါးကြီးအုပ်တတ်တဲ့ အရင်းရှင်တစ်ကောင်ပဲ ငှက်ခါး။ မင်းဟာ ဘူဇွာ။ မင်းဟာ လောဘကြီးတဲ့ ဝက်ပုပ်။ တစ်ကိုယ်ကောင်းဆန်တဲ့ ပြိတ္တာ။ မင်းရဲ့ အသုံးမကျတဲ့ ခုတင်ပေါ်ကို ငါတို့ ဘယ်တော့မှ မတက်ဘူးကွ။ မှတ်ထား...။ ကန်တော့ပွဲနဲ့ ပင့်ရင်တောင် မတက်ဘူး"

တောက်တဲ့က ဆဲရေးငေါက်ငမ်းရင်း အနီးရှိ ကြက်ဖကြီးနှင့် ရေမြင်းတို့ဘက်လှည့်ကာ "ဟေ့ကောင်တွေ ငါပြောတာ ဟုတ်တယ် မဟုတ်လား...."ဟု လှမ်းပြီး စည်းရုံးလိုက်လေသည်။

သို့သော် ဘယ်သူမှ စိတ်မဝင်စားကြ။ ကြက်ဖကြီးက လက်ချောင်းအဆစ်လေးများကို တဖျောက်ဖျောက်မြည်အောင် ချိုးကာ အညောင်းဖြေရင်း....

"တော်ကြစမ်းပါကွာ...။ မိုးယိုတဲ့ကိစ္စလောက်ကို ပုံကြီးချဲ့နေကြတယ်။ အဓိပ္ပါယ်မရှိတာ...။ မိုးစိုလို့ ဘာမှမဖြစ်ပါဘူး။ အခု အရေးကြီးတာ ညနေစာ မရှိတဲ့ကိစ္စပဲ၊ ငါတို့ စားစရာတစ်ခုခုတော့ ရှာမှဖြစ်မယ်"

"ဟုတ်တယ်ကွ။ ငါလည်း ဗိုက်သာ ဝနေလို့ကတော့ မိုးယိုရုံမကလို့ တစ်ကိုယ်လုံး ရွှဲစိုပြီး ချမ်းတုန်နေလည်း ဂရုမစိုက်ဘူး။ အစာစားပြီးရင် အားလုံးကို ခံနိုင်ရည်ရှိလာမှာပဲ"

ရေမြင်းကပါ ဝင်ပြောသဖြင့် ငှက်ခါးကော တောက်တဲ့ပါ မျက်မှောင်ကုတ်သွားကြသည်။

သူတို့လေးယောက်စလုံး တစ်နေကုန် ဘာမှ မစားကြရသေး။ ညနေဆည်းဆာက တဖြည်းဖြည်း ရင့်သထက်ရင့်ကာ မှောင်လာပြီဖြစ်၍ သူတို့အသံတိ[illegible]သွားကြပြီး တဲအပြင်ဘက်သို့ ငြိမ်သက်စွာ အဓိပ္ပါယ်မဲ့ ငေးမောနေဖြစ်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ကြည့်ရသည်မှာ ဖုတ်တစ္ဆေ အသွင်းခံထားရသော အလောင်းကောင်များနှင့် တူနေလေသည်။

"ဟော... ဟိုမှာကြည့်စမ်း။ ဘဲကလေးတစ်ကောင်"

ငှက်ခါးက လက်ညှိုးညွှန်ပြရာဆီသို့ ကြည့်လိုက်သောအခါ တဲနှင့် မလှမ်းမကမ်း လှေရုံအနီးတွင် တစ်ကောင်တည်း အဖေါ်ကွဲနေသော ဘဲတစ်ကောင်ကို တွေ့လိုက်ရ၏။ ဘဲက သိပ်မကြီးလှသော်လည်း ငါးဆယ်သား၊ ခြောက်ဆယ်သားလောက်တော့ အလေးချိန် ရှိလိမ့်မည်ဟု တောက်တဲ့က တွေးလိုက်သည်။

"ဟုတ်ပါရဲ့...။ ဘဲလေးတစ်ကောင်တည်းကွာ...။ သွားစရာမရှိ လာစရာမရှိနဲ့။ သနားစရာ..."

ကြက်ဖကြီးက စကားအရိပ်အခြည်သန်းလိုက်သည်။ တောက်တဲ့ကလည်း သံယောင်လိုက်ပြီး....

"အေးလေ...။ မိုးရေထဲမှာ စိုရွှဲနေတော့ ဘဲကလေး ချမ်းနေရှာမှာပဲနော်"

ရေမြင်းက ဘုမသိ ဘမသိဖြင့်...

"ဟင်....။ ဘဲဆိုတာ ရေထဲမှာ နေတဲ့အကောင်ပဲ၊ ချမ်းတတ်ပါ့မလား"

အရိပ်အကဲနားမလည်စွာ စွတ်စွတ်ရွတ်ရွတ် ဝင်ပြောသော ရေမြင်းကို တောက်တဲ့က "အလိုက်ကန်းဆိုး မသိရကောင်းလား"ဟု ကြိမ်းမောင်းလိုသည့် ဒေါသဖြင့် မျက်လုံးပြူးပြီး စိုက်ကြည့်လိုက်၏။

ရေမြင်းခမျာ ကျို့ကျို့ရှို့ရှို့ကလေးဖြစ်သွားပြီး အမှားကျူးလွန်မိသူတစ်ယောက်၏ စိတ်ကျဉ်းကျပ်မှုများဖြင့် လက်ဖဝါးနှစ်ဘက်ကို ထပ်တလဲလဲ ပွတ်သပ်၍သာ နေရတော့သည်။ ကျန်သူများ အားလုံးကလည်း စောစောက ရေမြင်းပြောလိုက်သောစကားကို မကြားလိုက်သလို ခပ်တည်တည် နေနေကြ၏။

ကြက်ဖကြီးက မယောင်မလည်ဖြင့် ထိုင်နေရာမှ ထသွားပြီး





တဲတံခါးဝနားတွင် ရပ်ရင်း ဘဲကလေးကို လှမ်းကြည့်ကာ....

"တကယ်တော့ လောကကြီးဟာ မတရားဘူးကွာ။ ဒီဘဲကလေးရဲ့ ဘဝကို ဘယ်သူဖန်ဆင်းသလဲ၊ အဲဒီ ဖန်ဆင်းတဲ့သူမှာ အပြစ်ရှိတယ်၊ ကြည့်စမ်း...။ လေတွေကလည်း တိုက်လိုက်တာ အေးစက်နေတာပဲ။ မိုးချုပ်ရင် ပိုအေးလာဦးမယ်။ ဒီအကောင်လေးတော့ ဒုက္ခပါပဲ"

"ဒီအကောင်လေးက မသိနားမလည်တော့ လျှောက်သွားနေမှာပေါ့။ တကယ်ဆို ကားလမ်းမတွေ ဘာတွေပေါ် ရောက်သွားရင် ကားကြိတ်ခံရမယ့်အန္တရာယ်က ရှိသေးတယ်။ ကံဆိုးရှာတဲ့ ဘဲကလေးပါကွာ"

ငှက်ခါးက ညည်းညည်းညူညူပြောရင်း ကုတင်ပေါ်မှ ဆင်းသည်။ တောက်တဲ့ကလည်း...

"အေး...။ ကားက တစ်ခါတည်း အသေကြိတ်သွားရင်တော့ ကောင်းတာပေါ့။ ခြေထောက်ကျိုးရုံ အတောင်ကျိုးရုံလောက်ဆိုရင်တော့ ဒီဘဲကလေးရဲ့ဘဝတစ်လျှောက်လုံး ခံနေရမယ့်ဒုက္ခဟာ ကျွတ်...ကျွတ်... မတွေးရဲစရာပဲ"

တောက်တဲ့၏ စကားမဆုံးခင်မှာပင် ကြက်ဖကြီးက တဲအောက်သို့ ရောက်နေပြီဖြစ်ပြီး ဘဲကလေးဆီသို့ ခြေသံမကြားရအောင် တရွေ့ရွေ့ ချဉ်းကပ်သွားနေလေသည်။

သူတို့အားလုံး အသက်ပြင်းပြင်းပင် မရှူရဲဘဲ ကြက်ဖကြီး၏ လှုပ်ရှားမှုကို စောင့်ကြည့်နေကြ၏။ ခဏအကြာ....

"ဟေး...မိပြီကွ"

ကြက်ဖကြီးက အောင်ပွဲခံသည့် အသံမျိုးဖြင့် မြူးတူးစွာ အော်ဟစ်လိုက်သည်။ သူ၏ ကျွမ်းကျင်သော လက်ထဲတွင် ဘဲကလေးက တဂတ်ဂတ်အော်မြည်လျက် ပါလာ၏။ ငှက်ခါးက....

"ငါ ရွာထဲဝင်ပြီး ဆနွင်းမှုန့်နည်းနည်းနဲ့ ဆီနည်းနည်း သွားရှာလိုက်ဦးမယ်"

ဟု ပြောပြီး ထွက်သွားသည်။ တောက်တဲ့ကတော့ ကြက်ဖကြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ပိုက်ထားသည့် ဘဲကလေးကို ကြည့်ရင်း...

"သူ့အမွေးတွေ အတောင်တွေကပ်နေလို့ ဒီကောင် ချမ်းနေတာကွ။ ငါတို့ သူ့အမွေးတွေကို နှုတ်ပေးလိုက်ရအောင်"

ဘဲကလေးသည် ဆိုးရွားသော ရာသီဥတု၏ဒဏ်၊ ကားတိုက်ခံရသဖြင့် ဒုက္ခိတဖြစ်ရမည့် ဝေဒနာတို့ကို ခံစားရန် မလိုတော့ဘဲ ငြိမ်းချမ်းစွာပင် သေဆုံးသွားလေသည်။

ငှက်ခါး ပြန်ရောက်လာသောအခါ အမွေးနှုတ်ပြီး ကလီစာထုတ်ပြီး ဖြစ်နေသော ဘဲကလေးကို ရေစင်စင်ဆေးပြီးနောက် ဆန္ဒင်းမှုန့်ဆားအနည်းငယ်တို့ဖြင့် ပယ်ပယ်နယ်နယ်လူးကြသည်။ ကင်လျှင် မြန်မြန်ကျက်အောင် ဆီသုတ်ပေးကြသည်။

ထို့နောက် ဘဲတစ်ကောင်လုံးကို တံစို့ဖြင့် ထိုးကာ ဝါးချွန်ဘက်ပိုင်းကို မြေကြီးမှာ စိုက်လိုက်ကြ၏။ အပေါ်မှ သံဖြူပုံးတစ်လုံးဖြင့် မှောက်ကာ အုပ်သည်။ ပြီး...ထိုသံပုံးကို ဘေးပတ်ပတ်လည်မှ သစ်တိုဝါးစများ ဝိုင်းအုံကာ မီးမြိုက်လိုက်ကြတော့သည်။ မီးကျီခဲအချို့ကို သံပုံးအပေါ်မှလည်း တင်ပေးသေး၏။

သူတို့ ဘဲတစ်ကောင်လုံးကို မီးကင်နေစဉ် ရေမြင်းက နှုတ်ထားသော ဘဲမွေးများကို တဲနှင့် ခပ်ဝေးဝေးတစ်နေရာ၌ ကျင်းတူး၍ မြှုပ်ပစ်လိုက်၏။ ထိုနည်းသည် လက်စဖျောက်ရာတွင် အလွန်သေချာသော နည်းဖြစ်လေသည်။

မီးတောက်များ အညွန့်ကျိုးပြီး မီးကျီခဲ နီနီရဲရဲသာ ကျန်တော့သည့်အချိန်တွင် ဘဲကင်က ဆီနံ့တသင်းသင်း မွှေးပျံ့လာသည်။ သူတို့လေးယောက်၏ ဆာလောင်နေသော ဝမ်းဗိုက်များ နွေးထွေးလာသလို ခံစားရ၏။

အုပ်ထားသော သံဖြူပုံးကို ဖယ်ရှားလိုက်သည့်အခါ တံစို့ ထိုးထားသော နီရဲကြွပ်ရွနေသည့် ဘဲကင်ကို မြင်ရလေသည်။ သူတို့ လေးယောက်သည် ဗြိတိသျှဘုရင်မကြီး၏ ညစာစားပွဲသို့ တက်ရောက်လာ





သည့် လူကြီးလူကောင်းများ၏ တည်ငြိမ်သိက္ခာရှိမှုမျိုးဖြင့် ဘဲကင်ကို ဣန္ဒြေရရ ဝိုင်းပြီး ထိုင်လိုက်ကြ၏။

●

ခွေးဝဝပုပုကလေးများသည် အစားအသောက်ကို ဗိုက်ပြည့်အောင် စားပြီးသည့်အခါ ပိုပြီး ချစ်စရာကောင်းလာတတ်သလိုမျိုး သူတို့ လေးယောက်သည်လည်း ညစာအတွက် ဗိုက်ဝသွားပြီးသည့်နောက်တွင် အကြောင်းမည်မည်ရရမရှိဘဲ မြူးတူးလာသလို အောက်မေ့ရသည်။

ထိုအချိန်တွင် မိုးက ပိုသည်းလာသည်။ အုန်းလက်တွေကို လေတိုး၍ လှုပ်ရှားယိမ်းနွဲ့သံ တရှဲရှဲ ကြားရသည်။ ကျောက်ဆောင်ကျောက်သားများပေါ်တွင် ပင်လယ်ရေလှိုင်းတို့ တဝုန်းဝုန်း ရိုက်ပုတ်သံကိုလည်း ကြားရလေသည်။

ကြက်ဖကြီးက....

"ချမ်းလိုက်တာကွာ...။ မိုးယိုလို့ တစ်ကိုယ်လုံး စိုနေရတဲ့ကြားထဲ လေကလည်း တိုက်လိုက်သေးတယ်။ ဟော့ကောင်...တောက်တဲ့။ ဟိုဘက် နည်းနည်းတိုးဦးလေကွာ။ ဒီမှာ ငါ့အပေါ် ရေတွေ တစ်ပေါက်ပေါက်ကျနေတာ မမြင်ဘူးလား"

"ဒီဘက်သိပ်တိုးလို့ မရတော့ဘူးကွ။ ငါ့ဘေးမှာလည်း ရေတွေအိုင်နေတာပဲ"

သူတို့နှစ်ယောက် တိတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ တောက်တဲ့က...

"ငါ့လူခွေးမှုပဲ...။ စောစောက မင်းပြောတော့ ဗိုက်သာ ဝနေမယ်ဆိုရင် မိုးစိုတာကို ဂရုမစိုက်ဘူးဆို"

"ဟမ်....ငါမပြောပါဘူး။ အဲဒါ...ရေမြင်းပြောတာ"

"ဟော့ကောင်။ မင်းအရင်ပြောလို့ ငါလိုက်ပြောတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ရေမြင်းကပါ အငြင်းအခုန်ထဲ ဝင်ပါလာသည်။ သူတို့သည် ထိုကိစ္စကို ကလေးငယ်လေးတွေလို ငြင်းခုံရန်ဖြစ်နေကြလေသည်။

ငှက်ခါးကတော့ သူ့ခုတင်ပေါ် ထိုင်နေရာမှ ကြည့်ရုံသာ ကြည့်နေ၏။ ဘာတွေဖြစ်လာတော့မည်ကို သူခန့်မှန်းမိထားပြီးသား ဖြစ်သောကြောင့် စကားဝင်ပြောမနေတော့။

သူခန့်မှန်းထားသည့်အတိုင်းပင် ခဏအကြာတွင် ရေမြင်း၊ ကြက်ဖကြီးနှင့် တောက်တဲ့တို့ သုံးယောက်စလုံး ခုတင်ပေါ်သို့ ဝုန်းဝုန်း ဒိုင်းဒိုင်းဖြင့် အလုအယက် တိုးဝှေ့တက်လာကြသည်။

သူ စောစောက (ခုတင်ပေါ်မတက်ဖို့ ပြောထားသည့်)စကားကို သတိရသော်လည်း ထပ်ပြောလျှင် စကားသာအဖတ်တင်ပြီး အကြောင်းထူးမည်မဟုတ်သည့်အတွက် သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့်အနေဖြင့် တိတ်တိတ်ကလေးသာ နေလိုက်သည်။

သို့သော် ရေမြင်းက....

''ဟေ့ကောင် တောက်တဲ့။ မင်း မရှက်ဘူးလား။ စောစောကတော့ မင်းပဲ ကန်တော့ပွဲနဲ့ ပင့်ရင်တောင် ခုတင်ပေါ်မတက်ဘူးလို့ ကတိပေးထားပြီးတော့''

''ကတိပေးတယ်ဆိုတာ ပြီးခဲ့တဲ့အခြေအနေကြောင့်ကွ။ ကတိဖျက်တာကတော့ လက်ရှိအခြေအနေအရပဲ''

တောက်တဲ့က နှာခေါင်းဝသို့ လက်ညှိုးကို ကလော်ရင်း ဖြေသည်။ ကြက်ဖကြီးက....

''အခု မင်းက ခုတင်ခေါင်းရင်းမှာ ထိုင်ပြီး၊ ငါကျတော့ မိုးယိုတဲ့ ခြေရင်းမှာ ထိုင်နေရတာ အဲဒါကျတော့ တရားသလား''

ကြက်ဖကြီး၏ လေသံက ငေါက်ဆတ်ဆတ်ဖြစ်နေသည်။ ငှက်ခါးက ထိုင်နေရာမှ ထကာ ခုတင်အောက်သို့ ဆင်းလိုက်ရင်း....

''သိပ်စကားမများကြနဲ့ကွာ...။ အားလုံး ညီတူမျှတူ ဖြစ်သွားအောင် ငါလုပ်ပေးမယ်''





ပြောပြောဆိုဆိုနှင့် တဲအပြင်ဘက်သို့ ထွက်သွားသည်။ ထို့နောက် အမိုးအဖြစ် မိုးထားသော ရွက်ဖျင်စကို တံစက်မြိတ်စွန်းမှ ကိုင်ကာ မြေကြီးပေါ် ဆွဲချလိုက်၏။

အစကတော့ ရေမြင်း၊ ကြက်ဖကြီးနှင့် တောက်တဲ့တို့သည် ''ဒီကောင်ဘာလုပ်တာပါလိမ့်''ဟု ကြောင်ပြီး ငေးကြည့်နေမိကြသည်။ နောက်....ချက်ချင်းပင် သူတို့ သဘောပေါက်သွားကြပြီး ရွက်ဖျင်အမိုးစကို အောက်မှ ပင့်သူကပင့် ဆွဲချသူက ဆွဲချဖြင့် အားလုံးဝိုင်း၍ လုပ်ကြရာ....

''ဝုန်း''

ရွက်ဖျင်အမိုးစသည် မြေကြီးပေါ် ပုံကျသွား၏။ သူတို့၏ တဲကလေးသည် ခေါင်မိုးမရှိတော့ဘဲ ဗလာဟင်းလင်း ဖြစ်သွားလေသည်။

မိုးစက်များသည် သူတို့ကိုယ်ပေါ်သို့ တပေါက်ပေါက် ကျလာကြ၏။

ကြက်ဖကြီးက စိတ်သက်သာရာ ရသွားဟန်ဖြင့် ရေရွတ်လိုက်သည်။

''ဟူး.... ခုလိုဆိုတော့လည်း မိုးစိုမှာကို ငါတို့ ပူနေစရာ မလိုတော့ဘူး''

●

ထိုညတစ်ညလုံး သူတို့လေးဦးသား မိုးရေထဲတွင် ငြိမ်ငြိမ်ကလေး ထိုင်နေဖြစ်ကြသည်။

■

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၅

“ဒါကိုလီရှိဘတ်”

ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော အရက်ဆိုင် အမည်လေးက တစ်မျိုးဆန်းနေသည်။ အကြောင်း မသိသူများက ထိုအရက်ဆိုင်အမည်ကိုဖတ်ပြီး ပြင်သစ် ဘာသာဖြင့် ပေးထားသော နာမည်လား၊ အီတာလျံ ဘာသာဖြင့် ပေးထားသောနာမည်လားဟု တွေးကြ၏။

မဟုတ်ပါ။

သူ့အစီပွါယ်က မြန်မာလို ရှင်းရှင်းကလေး ပင်ဖြစ်သည်။ ‘ဒါကိုလီရှိဘတ်’ဆိုသည်မှာ ‘ဒီကိုလာ ရှုတ်ဘိ’ဟု ပြောလိုခြင်းဖြစ်၏။

●



www.burmeseclassic.com

www.burmeseclassic.com



ထိုရုပ်ဘိထဲတွင် ညနေခင်း ယမကာ သောက်သုံးသူများနှင့် ပြည့်ကျပ်နေသည်။ သကြ်န်ရက်နီးသဖြင့် အရက်တွေ ဈေးတက်နေသည့်တိုင် ဖောက်သည် လျော့မသွား။

ယခုလည်း စားပွဲဝိုင်းအလွတ်မရှိအောင် လူပြည့်နေ၏။ ထိုအချိန်တွင် ဆိုင်ထဲသို့ အသားမဲမဲ၊ ဂင်တိုတို၊ ဗလကောင်းကောင်းနှင့် လူတစ်ယောက် ဝင်လာသည်။ ထိုသူ၏ ပါးပြင်ပေါ်မှ ဓါးဒဏ်ရာ အမာရွတ်နှင့် တစ်ကိုယ်လုံး ပြည့်နှက်နေအောင် ထိုးထားသော ဆေးမင်ကြောင်ရုပ်များကြောင့် သိသိသာသာပင် လူမိုက်ရုပ် ပေါက်နေလေသည်။

ထိုသူက တစ်ဆိုင်လုံးတွင် လူပြည့်နေသော စားပွဲဝိုင်းများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူ့အကြည့်ကြောင့် ဆိုင်ထဲတွင် သောက်နေသူအားလုံး ကျောစိမ့်သွားကြ၏။ အားလုံးက သောက်နေဆဲ အရက်ပုလင်းကို မြန်မြန်လက်စသတ်ဖို့ ခပ်သုတ်သုတ်မော့ကြ၏။ တစ်ချို့က စားပွဲထိုးကို လက်တို့ခေါ်ပြီး ပိုက်ဆံရှင်းကြသည်။ ထိုသူကတော့ အေးစက်စက်မျက်လုံးများဖြင့် တစ်ဆိုင်လုံးကို ကြည့်နေဆဲ။

"ကိုဘတိုး...ဒီမှာထိုင်ပါလား။ ကျွန်တော်ပြီးပြီ၊ အခုပဲ ပြန်တော့မလို့"

လူတစ်ယောက်က မျက်နှာလိုမျက်နှာရဖြင့် ထိုဆေးမင်ကြောင်ရုပ်များ ထိုးထားသည့် လူမိုက်ကို တရိုတသေဖိတ်ခေါ်သည်။ ဘတိုးက...

"မင်းဘာသာမင်း ပြန်ပါလား။ ဘာ စကားရှည်နေတာလဲ။ ထွီ...။ ငါထိုင်ချင်တဲ့နေရာ ထိုင်မှာပေါ့"

ဟု ဟောက်လိုက်ရာ ဖိတ်ခေါ်မိသူမှာ 'ဟုတ်...ဟုတ်ကဲ့ခင်ဗျ' ဟု တုန်တုန်လှုပ်လှုပ်ဖြင့် ပြောပြီး တစ်ချိုးတည်း လစ်သွား၏။

ဘတိုးက စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး အသားမာတက်နေသည့် လက်ဖဝါးကြမ်းကြီးဖြင့် စားပွဲမျက်နှာပြင်ကို 'ဖြန်း'ခနဲ ရိုက်လိုက်သည်။

ကောင်တာတွင် ထိုင်နေသည့် ဆိုင်ရှင်က စားပွဲထိုးကလေးကို မျက်ရိပ်ပြလိုက်ရာ စားပွဲထိုးလေးက ဘတိုးဆီသို့ ကမန်းကတန်း ပြေးသွား





ပြီး...

"ဆရာ...ထုံးစံအတိုင်းပဲ မဟုတ်လား"

"အေး....ဟုတ်တယ်။ မကြာစေနဲ့၊ ကြာလို့ကတော့ ဟင်း...ဟင်း ငါက ပါးစပ်နဲ့ ပြောနေမှာ မဟုတ်ဘူး"

"သိ... သိပါတယ်ဆရာ။ မကြာစေရပါဘူးခင်ဗျ"

စားပွဲထိုးလေးက တုန်တုန်ယင်ယင်ဖြင့် ဘတိုး၏ စားပွဲနားမှ ဟျာယာခတ်ကာ ပြေးထွက်သွား၏။ ကောင်တာမှ ဆိုင်ရှင်က ဘတိုးနှင့် မျက်နှာချင်းဆိုင် ဆုံအောင် စောင့်ပြီး မျက်နှာချိုသွေးကာ ရယ်ပြလိုက်သည်။

ဘတိုးက ပြန်ရယ်မပြဘဲ ဘုကြည့်ကြည့်လိုက်သောကြောင့် ဆိုင်ရှင် လန့်သွားပြီး ခေါင်းငုံ့ကာ စာရင်းတွက်ချင်ယောင် ဆောင်နေလိုက်သည်။ မျက်လုံးကတော့ ကျီးကြည့်ကြောင်ကြည့်ဖြင့် ဂနာမငြိမ်။

ဆိုင်ထဲမှာ လူတွေကလည်း တဖွဲဖွဲ ထွက်ကုန်ကြပြီဖြစ်သည်။ ထိုအချိန်တွင်မှ ဆိုင်ရှေ့တွင် မယောင်မလည်လာရပ်သူက တောက်တဲ့။

ဆိုင်ရှင်က တောက်တဲ့ကို မြင်လိုက်သည်နှင့် မကောင်းဆိုးရွားကို မြင်လိုက်ရသလို အလန့်တကြား မောင်းထုတ်သည်။

"ဟေ့ကောင်... တောက်တဲ့၊ ဘာလာရှုပ်တာလဲ၊ သွား...သွား... မလာနဲ့။ မင်းလာရင် ပြဿနာတစ်ခုမဟုတ်တစ်ခု တက်လွန်းလို့"

"ခင်ဗျားကလည်း ဆိုင်ဖွင့်ထားပြီးတော့များဗျာ...။ ဆိုင်ရှိလို့ သောက်တတ်တဲ့လူလာတာ ဘာဆန်းသလဲဗျ"

"ဆိုင်ဖွင့်ထားပေမယ့် မင်းဆိုရင် ငါမရောင်းဘူးကွာ။ မင်းကို မရောင်းရလို့ ငါ....ငတ်ပြီးသေမယ်ဆို သေသွားပစေ"

ဆိုင်ရှင်က အကြောက်အကန်ငြင်းနေစဉ် တောက်တဲ့မျက်လုံးများက ဆိုင်အတွင်း ဟိုဟိုဒီဒီရွေ့လျားရင်း လူမိုက်ဘတိုးကို မြင်သွားသည်။ သူက အားကိုးတကြီးလေသံမျိုးဖြင့်...

"အစ်ကိုဘတိုး ပြောပေးပါဦးဗျာ...။ ကျွန်တော့်ကို အတင်းတောင်းထုတ်နေတယ်။ လုပ်ပါဦး...။ ဒီလူတွေက အစ်ကိုဘတိုးတို့မှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဒီလူတွေက အစ်ကိုဘတိုးကိုမှ ကြောက်တာ"ဟု တောက်တဲ့ ပစ်သွင်းလိုက်သော စကားတစ်ခွန်းက ဘတိုး၏ ရင်ကို တည့်တည့်မှန်သွား၏။ သူများကြောက်သည်ကို အရသာခံချင်၍ လူမိုက်လုပ်နေသော ဘတိုးတစ်ယောက် သဘောမနောခွေ့သွားပြီး....

"ဟေ့ကောင်...သူ့ကိုလွှတ်လိုက်။ လာ....တောက်တဲ့၊ ငါ့ဝိုင်းမှာ လာထိုင်။ ငါနဲ့ထိုင်ရင် မင်း ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူး"

"ဟာ...ဟုတ်တာပေါ့ အစ်ကိုဘတိုးရ။ ကျေးဇူးပါပဲဗျာ...။ ဟဲဟဲ...ကျွန်တော် နည်းနည်းသောက်မယ်နော်"

"သောက်...သောက်။ မင်းကြိုက်သလောက်သောက်။ ငါ့ကိုတော့ သဒ္ဒါပျက်အောင် မလုပ်နဲ့။ ဟေ့ကောင်.... စားပွဲထိုး လာဦး။ အရက်နောက်တစ်ပိုင်းထပ်ချ"

တောက်တဲ့က စကားကို အမျှင်မပြတ်အောင် ပြောရင်း လက်တစ်ဘက်က ခွက်ကိုကိုင်ကာ မော့လိုက်၊ အမြည်းကို နှိုက်လိုက်ဖြင့် အဆက်မပြတ် သွက်လက်စွာ လှုပ်ရှားနေ၏။

ထိုစဉ် မြင့်နိုင်ဟုခေါ်သော ခပ်ရွယ်ရွယ်လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာပြီး ဘတိုးနှင့် ကပ်လျက်ဝိုင်းတွင်ထိုင်ကာ အရက်ဖြူတစ်လုံး မှာသောက်သည်။

မြင့်နိုင်သည် အမှတ်တမဲ့ကြည့်လျှင် ခပ်အေးအေးလူတစ်ယောက် ဟု ထင်ရသော်လည်း 'ဇ'က မသေး။ လက်ယဉ်သည်။ ဘတိုးလို လူမိုက်တွဲ့ခံ မဟုတ်သော်လည်း ခါးထိုးမှုဖြင့် ထောင်ဆယ်နှစ် ကျဖူးသည့် အရှိန်အဝါရှိသည်။ ရွာမှာ သိပ်အနေမများလှ။

မြို့ပေါ်တက်နေရာမှ တစ်ခါတစ်ရံမှသာ ပြန်လာတတ်သော ကြောင့် ဘတိုးနှင့် မျက်မှန်းတန်းမိရုံသာ သိကျွမ်း၏။

"ဟေ့ကောင်....တောက်တဲ့၊ အမြည်းတွေချည်းပဲ သောက်ရမ်း နှိုက်စားမနေနဲ့လေကွာ၊ ငါ့လခွေး...။ အလိုက်ကန်းဆိုးလည်း သိဦးမှပေါ့"





ဘတိုးက ငုံးသားကြော်တစ်ကောင်လုံးကို ပလုပ်ပလောင်း ဝါးနေသည့် တောက်တဲ့ကို ဟောက်လိုက်၏။ တောက်တဲ့က အကြောက်အလန့်မရှိ မျက်နှာချိုသွေးကာ တဟီးဟီး ရယ်ပြသည်။

ထိုစဉ် တစ်ဘက်ဝိုင်းမှ မြင့်နိုင်က ဘတိုးကို လှမ်း၍....

"သောက်ရေခွက် အလွတ်တစ်ခွက်လောက်"

ဟု တောင်းသည်။ ဘတိုးက ပိုနေသော ဖန်ခွက်အလွတ်တစ်လုံးကို လက်ကမ်းပေးလိုက်သည်။ မြင့်နိုင်က ထိုဖန်ခွက်ထဲသို့ ရေထည့်ပြီး အရက်နှင့်စပ်၏။

တောက်တဲ့က မျက်မှောင်ကုပ်ရင်း ဘတိုးကို တစ်လှည့် တစ်ဘက်ဝိုင်းမှ မြင့်နိုင်ကိုတစ်လှည့် ဘယ်ပြန်ညာပြန်ကြည့်နေ၏။ သူ့အကြည့်က တစ်စုံတစ်ခုကို မသင်္ကာသလိုမျိုး စူးစူးရဲရဲ ရှိလှသည်။

"ဟေ့ကောင် တောက်တဲ့၊ မင်းမျက်ခွက်က ဘာဖြစ်နေတာလဲ"

ဘတိုးက သတိထားမိသွားပြီး တောက်တဲ့ကို စူးစမ်းသလို မေးလိုက်၏။ တောက်တဲ့က လေသံတိုးတိုးဖြင့်...

"အစ်ကိုက ဘာဖြစ်လို့ သူ့ကို ဖန်ခွက်ပေးလိုက်ရတာလဲ။ အဲဒါ သက်သက်မဲ့ကြောတာဗျ၊ အစ်ကို့ကို ကြောတာ"

"ဟမ်....ဘာဆိုင်လို့လဲ"

"အစ်ကိုပဲ စဉ်းစားကြည့်လေ၊ ဒီရွာမှာ အစ်ကိုဘတိုးလို လူကို ပခုံးချင်း ယှဉ်ရဲတဲ့လူ ဘယ်သူရှိလဲ၊ အခုပဲကြည့်...။ အစ်ကို ဆိုင်ထဲဝင်လာတာနဲ့ အားလုံး အလျှိုလျှိုလစ်သွားကြတာပဲ မဟုတ်လား...။ ဒီကောင်က အစ်ကို့နားက စားပွဲမှာ တမင်လာထိုင်တာ ဘာသဘောလဲ...။ ဖန်ခွက်အလွတ်လိုချင်ရင် ခွက်ပိုနေတဲ့ တစ်ခြားဝိုင်းတွေမှာ သွားထိုင်ပေါ့။ မဟုတ်ဘူးလား...။ အခုဟာက အစ်ကို့ကို သက်သက် လာရင့်တာဗျ"

ဘတိုး၏ နဖူးကြောကြီးများ ရှုံ့လာသည်။ မျက်လုံးထောင့်များ နီရဲလာ၏။ သူ့ရှေ့တွင်ချထားသော အရက်ခွက်ကို တရှိန်ထိုး မော့ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့က အလိုက်တသိဖြင့် ပြောင်စင်သွားသော ဖန်ခွက်ကို အရက်ထပ်ဖြည့်ပေးသည်။ ထိုစဉ် တစ်ဘက်ဝိုင်းမှ မြင့်နိုင်က ထိုင်နေရာမှ အသာထပြီး ဆေးလိပ်ဝယ်ရန် ကောင်တာဆီသို့ လျှောက်သွားသည်ကို တွေ့လိုက်ရ၏။

''အသာနေ အစ်ကိုဘတိုး။ ကျွန်တော်လည်း ဆေးလိပ်ဝယ်သလိုလို ဘာလိုလိုနဲ့ ဒီကောင် ဘာအကြံအစည်ရှိသလဲဆိုတာ အကဲခတ်ကြည့်လိုက်ဦးမယ်''

တောက်တဲ့က ပြောပြောဆိုဆိုနှင့် ထလာပြီး ကောင်တာဆီ ရောက်တွင် မြင့်နိုင်နှင့် ဘေးချင်းယှဉ်ရပ်လိုက်သည်။ ထို့နောက် ပိုက်ဆံတစ်ဆယ်ကို ကောင်တာပေါ် ချပေးလိုက်ပြီး ဆေးပေါ့လိပ် ရွေးနေရင်း လေသံတိုးတိုးကလေးဖြင့် မြင့်နိုင်ကို အသာကပ်ပြောသည်။

''ကိုမြင့်နိုင်...ကိုမြင့်နိုင်''

''ဟင်...ဘာလဲ''

''ရှူး...တိုးတိုး။ ကျွန်တော် အစ်ကို့အတွက် စိုးရိမ်လို့ သတိပေးမလို့''

အထိတ်တလန့်ဖြစ်နေသော တောက်တဲ့၏ အမူအယာနှင့် လေသံက ပီပြင်လှသောကြောင့် မြင့်နိုင်က 'ဘာဖြစ်လို့ပါလိမ့်'ဟု သိချင်လာ၏။ တောက်တဲ့က တကယ်ပင် စေတနာထားသော အိုက်တင်အကြည့်ဖြင့် မျက်လုံးကလေးများကို ပေကလပ်ပေကလပ်လုပ်ရင်း....

''အစ်ကို ဖန်ခွက်တောင်းတဲ့ကိစ္စကို ဘတိုးဆိုတဲ့ ဘဲကြီးက သိပ်မကြည်ဘူး အစ်ကို။ ခွက်မရှိတဲ့ကောင်ဟာ သူတောင်းစားလောက်မှ အဆင့်မရှိဘူးလို့ ပြောနေတယ်''

''ဘာ...''

မြင့်နိုင်က သွေးဆူလွယ်တတ်သူဖြစ်သောကြောင့် စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွား၏။ တောက်တဲ့က မျက်နှာငယ်လေးဖြင့်....

''ရှူး...တိုးတိုး။ သည်းခံနေလိုက်ပါ အစ်ကိုရာ။ ဒီလိုလူမိုက်နဲ့





ယှဉ်လို့ ဘာအကျိုးရှိမှာလဲ။ ပြဿနာဖြစ်မှာစိုးလို့ ကျွန်တော်က ကြိုပြီး သတိပေးတာ''

မြင့်နိုင်က ကောင်တာမှ မီးခြစ်ကို ယူ၍ ဆေးလိပ်မီးညှိလိုက်ပြီး မီးခြစ်ကို ကောင်တာပေါ်သို့ 'ဒုန်း'ခနဲ မြည်အောင် ဆောင့်ချလိုက်သည်။ ထို့နောက် မှုန်မှုန်းဖြင့်.....

''ပြဿနာဖြစ်တော့ရော ဘယ်ကောင့်အမေလင်ကို ဂရုစိုက်ရမှာလဲကွ''

သူ့အသံက အတော်ကျယ်သောကြောင့် ဘတိုးက အရက်သောက်နေရာမှ တစ်ချက်လှမ်းကြည့်၏။

တောက်တဲ့ကတော့ ဆေးပေါ့လိပ်များကို ကိုင်ရင်း ကျုံ့ကျုံ့ယုံ့ယုံ့အမူအယာလေးဖြင့် ကောင်တာဆီမှ ခွာခဲ့သည်။ ဆိုင်ရှင်အလစ်တွင် ကောင်တာအစွန်၌ ချိတ်ထားသော ကျွပ်ကျွပ်အိတ်တစ်အိတ်ကို လက်မြန်ခြေမြန် ဆွဲဖြုတ်ပြီး ဝှက်ယူလာခဲ့သေး၏။

''တွေ့လား အစ်ကိုဘတိုး။ ကြားတဲ့အတိုင်းပဲ။ ကျွန်တော်က ပြဿနာမရှာပါနဲ့လို့ သွားပြီး ဖျောင်းဖျတာ မရဘူး။ ကျွန်တော့်ကိုတောင် ပြန်ဟောက်လွှတ်လိုက်သေးတယ်''ဟု မျက်နှာသေလေးဖြင့် ငြိုးငြိုးငယ်ငယ်ပြောရင်း ဝယ်လာသော ဆေးပေါ့လိပ်များကို ဘတိုးရှေ့သို့ ချပေးလိုက်၏။ ဘတိုးက အံကြိတ်ရင်း ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ကိုင်သည်။

ဆေးသားကျစ်လစ်သွားစေရန် ဖင်စီခံကို စားပွဲပေါ်တွင် တခေါက်ခေါက် ခေါက်လိုက်၏။ ထို့နောက် ဘတိုးက ဆေးပေါ့လိပ်ထိပ်ဖျားပိုင်းအညှာကို သွားဖြင့် ကိုက်ဖြတ်ကာ ထွီခနဲ ထွေးထုတ်လိုက်သည်။

'ထွီ' ဟူသော အသံက အနည်းငယ်ကျယ်သွားသောကြောင့် မြင့်နိုင်က ဘတိုးဘက်သို့ ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်၏။

''ဟော...တွေ့လား။ အစ်ကို့ကို ဟိုကောင် လှမ်းကြည့်နေတယ်''

တောက်တဲ့က အဆုံးစွန်သော ရေဆူမှတ်အထိ မီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် တစ်ပြိုင်နက် ဘတိုးက ဝုန်းခနဲ ထရပ်လိုက်ပြီး...

''ဟော့ကောင် ခွေးမသား မြင့်နိုင်။ ဘာကြည့်တာလဲ။ ပါးရိုက်ခံချင်လို့လား''

''တောက်....လူပါးဝလို့။ ဟော့ကောင်....ဘတိုး။ မင်းသတ္တိရှိရင် လာရိုက်ကြည့်လေကွာ။ လာ...''

''လာပြီဟေ့....ရော့''

''ကဲကွာ''

နာမည်ကျော် လူမိုက်နှစ်ဦး၏ ရန်ပွဲဖြစ်သောကြောင့် ပြင်းထန်လှသည်။ ပုလင်းတွေ ဖန်ခွက်တွေ ဆိုင်ထဲမှာ တဝီဝီ ပျံသန်းသွားကြ၏။ ထိုင်ခုံတွေကို ဖျောင်းခနဲ ဖျောင်းခနဲ မြည်အောင် ရိုက်ချိုးလိုက်ကြသည်။ စားပွဲတွေ တဝုန်းဝုန်း တဒိုင်းဒိုင်း လဲပြိုကုန်ကြသည်။

ဆိုင်ထဲတွင် ကျန်နေသေးသူများက ကျွက်ကျွက်ညံအောင် အော်ဟစ်ရင်း ဝရုန်းသုန်းကား ပြေးထွက်ကုန်ကြသည်။ ဆိုင်ရှင်လည်း ပြားပြားဝပ်မှောက်လျက် ကောင်တာနောက်ကွယ်တွင် ပုန်းအောင်းနေ၏။

အားလုံးထဲတွင် တည်တည်ငြိမ်ငြိမ် အရှိဆုံးလူကတော့ တောက်တဲ့ပင်ဖြစ်သည်။ သူက မြင့်နိုင်၏ အရက်ပုလင်းကို ခပ်တည်တည်ယူကာ သူ့ဘောင်းဘီနောက်ကျောဖက် ခါးကြားတွင် ညှပ်သည်။ ဘတိုး၏ ပုလင်းကိုတော့ ချိုင်းကြားတွင် ပွေ့လိုက်၏။

ဟိုဘက်ဒီဘက် နှစ်ဝိုင်းစလုံးမှ အမြည်းများကို (သူစောစောက အလစ်သုတ်လာခဲ့သော) ကျွပ်ကျွပ်အိတ်ထဲသို့ အေးအေးဆေးဆေး တစ်ပွဲချင်း လောင်းထည့်သည်။

သူသယ်နိုင်သလောက် အရက်ရော အမြည်းပါ အကုန်လုံး စုံသည့်အခါတွင်မှ ဆိုင်ပြတင်းပေါက်ကို ကျော်ကာ တိတ်တိတ်ကလေး လစ်သွားလေတော့သည်။

■





ဥ သကြၤန်...။

ရွှေအိုရောင်သကြၤန်သည် ပိတောက် ပန်းများ ငုပန်းများနှင့်အတူ ပယ်လယ်ရေလှိုင်းအိအိကလေးများ အပေါ်တွင် နူးညံ့တောက်ပစွာ လှုပ်ခတ် အသက်ဝင်နေလေသည်။

ပင်လယ်ရေမျက်နှာပြင်တစ်ခုလုံးကို ဖုံးလွှမ်းထားသော အဝါရောင်လှိုင်းတွေက တငြိမ့်ငြိမ့် အိပ်မက်လို ကမ်းခြေကို လာတို့ထိကြသည်။ ပေါ်လောမျောနေသော ပိတောက်ပွင့်အကြွေတွေ၊ ငုဝါပွင့် အကြွေတွေ ပွင့်ဖတ်ချင်း ပွင့်ဖတ်ချင်း ထိစပ်နေသောကြောင့် ရေပြင်၏ လှုပ်ရှားမှုသည် ရွှေဝါရောင်ကြောင်ကလေး တစ်ကောင်၏ အသက်မှန်မှန်ရှူနေသော ဝမ်းဗိုက်နှင့် တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလှိုင်းများကြားမှာ ဆေးရောင်စုံတောက်ပနေသော လှေတွေ ရှုပ်ယှက်ခတ်နေသည်။ အနီရောင်တောက်တောက်၊ အစိမ်းရောင် တောက်တောက်များဖြင့် ကြောင်စီစီချယ်သထားသော လှေများပေါ်တွင် ပျော်ရွှင်စွာ အော်ဟစ်ရယ်မောနေကြသူများကို မြင်ရ၏။

ပင်လယ်ထဲက သင်္ကြန်သည် ရာပေါင်းများစွာသော လှေငယ်များ၊ နေရောင်ခြည်လက်လက်ထနေသည့်အောက်တွင် ဝင့်ခနဲ ကိုင်မြှောက်လိုက်သည့် လှော်တက်များနှင့် လင်းဖြာသွားသော ရေပန်းပွားရေစက်များကြားထဲတွင် မြူးတူးလျက်ရှိသည်။

ပင်လယ်ရေငန်များဖြင့် သင်္ကြန်ရေပက်သည့်ထုံးစံ မရှိကြ။ ထို့ကြောင့် လှေပေါ်တွင် ရေချိုကို ပုံးများဖြင့် တင်ဆောင်သွားပြီး ပင်လယ်ထဲသို့ လှော်ခတ်သွားကြကာ ကမ်းဝေးရေပြင်ပေါ်ရောက်မှ လှေများ၊ လူများ အုပ်သင်းဖွဲ့ပြီး လှေတစ်စင်းနှင့်တစ်စင်း ရေပက်ကြ၏။

သူတို့၏ ရယ်သံ၊ မောသံ၊ တေးဆိုသံ၊ 'တူးပို့...တူးပို့' အသံများကို ကမ်းခြေဘက်ဆီ လေသင့်သောအခါ တစ်ချက်တစ်ချက် ကြားရသည်။။ လှိုင်းသံနှင့် သင်္ကြန်ဒိုးတီးသံတို့သည် ရောနှောလွင့်ပျံ့ မြူးကြွနေလေသည်။

●

သင်္ကြန်အိပ်မက်သည် ငှက်ခါးတို့လေးယောက်၏ ရင်ထဲသို့ ရောက်မလာခဲ့။ သူတို့က အရာရာကို ဖြစ်ရိုးဖြစ်စဉ်လိုသာ သဘောထားကြသူများဖြစ်သည်။ သူတို့အတွက်တော့ သင်္ကြန်သည် ခါတိုင်းလိုပင် အချိန်တန်လျှင် ရောက်လာမည်ဖြစ်ပြီး၊ အချိန်တန်လျှင် သူ့ဘာသာသူ ပြီးဆုံးသွားမည့် အရာတစ်ခုမျှသာ ဖြစ်၏။

● ▪





လူတွေအားလုံး သင်္ကြန်တေးသံနှင့်အတူ လှေများပေါ်၌ ကခုန်နေကြချိန်တွင်....

ကြက်ဖကြီးက ရွက်ဖျင်မိုးကာစ အုပ်ထားသော တဲထဲတွင် ပျင်းရိငြီးငွေ့စွာဖြင့် အိပ်စက်နေ၏။ ရေမြင်းကတော့ ထုံးစံအတိုင်း ဘယ်တော့မှ လက်စသတ်မည်မဟုတ်သော သူ့လှေနံရံကို သံဖြင့် တဒုန်းဒုန်း ရိုက်နေ၏။

ငှက်ခါးကတော့ အရိပ်ကောင်းသော အုန်းပင်ခြေရင်းတွင်ထိုင်ရင်း ထရံစသေးသေးလေးတစ်ခုဖြင့် သွားကြားထိုးနေသည်။

လှေကို မှောက်ခုံတင်ထားဖို့ ခါးလည်သာ်သာ အမြင့်ခန့် ကန့်လန့်ဖြတ်ရိုက်ထားသည့် သစ်သားတန်းပေါ် တက်ထိုင်ရင်း ပင်လယ်သင်္ကြန်ပွဲဆီသို့ ငေးမောနေသော တောက်တဲ့ကို ရေမြင်းက လှမ်းမေးသည်။

"ဟေ့ကောင်.... တောက်တဲ့။ 'စိတ်ရင်းကောင်းတယ်၊ စိတ်ရင်းကောင်းတယ်'နဲ့ လူတွေ ခဏခဏပြောနေကြတာ ငါကြားဖူးတယ်။ အဲဒါ.... ငါနားမလည်တာ တစ်ခုက စိတ်မှာ အရင်းနဲ့အဖျားဆိုပြီး နှစ်မျိုးရှိသလား"

"ကျွတ်...ဘယ်သိမှာလဲကွာ။ မင်းဟာလေ...တစ်မျိုးမဟုတ်တစ်မျိုး ရာရာဖွေဖွေ လျှောက်စဉ်းစားပြီး မေးခွန်းထုတ်နေတဲ့ကောင်ပဲ ရေမြင်း။ သက်သက်မဲ့.... မရှုပ် ရှုပ်အောင် လုပ်တယ်"

တောက်တဲ့က သူ့နှာခေါင်းပေါက်ကို လက်ညှိုးဖြင့် ကလော်ရင်း ရွံ့ရှုံ့မဲ့မဲ့ ပြန်ပြော၏။ ရေမြင်းက မျက်နှာကလေး ညှိုးသွားပြီး....

"တကယ်ပါကွာ...ငါသိချင်လို့ပါ။ 'စိတ်ရင်းကောင်းရက်သားနဲ့ စိတ်ဖျားက ဆိုးနေတဲ့လူ'ဆိုတာမျိုး မင်း တွေ့ဖူးလားဟင်"

"ဟေ့ကောင်...ရေမြင်း ပါးစပ်ပိတ်ထားလိုက်တော့။ ဟိုမှာ တွေ့လား။ စိတ်အရင်းကော အဖျားကော အတုံးလိုက် အတစ်လိုက်ကြီး ဆိုးနေတဲ့ လူတစ်ယောက် လာနေပြီ"

"ဟိုက်...။ အဲဒါ...ဦးစိန်ထွန်း မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ထွန်းဟူသည့်အသံကို နားအစွန်အဖျားတွင် လေဟပ်ရုံကလေး ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် တဲထဲတွင် ပျင်းရိပျင်းတွဲလဲလျောင်းအိပ်စက်နေသည့် ကြက်ဖကြီးသည် ဝေါက်ခနဲ ထထိုင်ပြီး ပြူးတူးပြဲတဲ ပျာပျာသလဲ ကြည့်သည်။ ထိုနောက် မယုံကြည်နိုင်လောက်အောင် လျင်မြန်သွက်လက်မှုဖြင့် လှစ်ခနဲ ပျောက်ကွယ်သွားလေတော့၏။

တရှူးရှူးတရှဲရှဲ ဒေါသထွက်နေသည့် ဦးစိန်ထွန်းက ငှက်ခါး၏ရှေ့တွင် လက်သီးနှစ်ဘက် ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် ရပ်လိုက်ပြီး

"ဒီလိုလုပ်တာ တော်တော်လူမဆန်တာပဲကွ"

အုန်းပင်ကို ကျောမှီရင်း သွားကြားထိုးနေသည့် ငှက်ခါးက မျက်လုံးကလေး ပြာလတွတ်ပြာလတွတ်ဖြင့် မော့ကြည့်ကာ...

"ဒါကတော့ ဦးလေးဘက်က တစ်ဘက်သတ် စွပ်စွဲတာပဲ...။ နေစမ်းပါဦး...။ မိကောင်းဖခင်သားသမီးမှန်ရင် သွားကြားမထိုးရဘူးလို့ ဦးလေးက ဆိုချင်တာလား"

"ဟာ.... သေတော့မှာပဲ။ ငါက မင်းသွားကြားထိုးနေတဲ့ကိစ္စကို ပြောတာ မဟုတ်ဘူးကွ"

"ဟင်...။ ဒါဖြင့် ဦးလေးက ဘာကိုပြောနေတာလဲ"

"မင်းသူငယ်ချင်း ကြက်ဖကြီးဆိုတဲ့ ကောင်ပေါ့ကွ။ ဒီကောင် လုပ်ပုံက လုံးဝ လူမဆန်ဘူး"

"ဟုတ်တယ် ဦးလေးရေ...။ အဲဒါတော့ လုံးဝဟုတ်တယ်ဗျ။ ဟိုတစ်နေ့ကတောင် ဒီကောင့်ကို ကျွန်တော် ပြောနေသေးတယ်၊ ဦးလေးပဲ စဉ်းစားကြည့်လေ...။ ဒီကောင်လုပ်ပုံက မျက်နှာကို လက်ဖမိုးနဲ့ သုတ်တယ်။ ကိုယ့်ကိုကိုယ် လျှာနဲ့လျက်တယ်။ ဒါ...လူမဆန်ဘူး။ ကြောင်နဲ့တူတာပေါ့။ ဟုတ်ဘူးလား...။ ဟဲ...ဟဲ"

ငှက်ခါး၏ စကားကြောင့် ဦးစိန်ထွန်းတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ မျက်လုံးတွေ ပြူးထွက်လာသည်။ ထို့နောက် ဒေါသကို မနည်းဖျစ်ညှစ် မျိုသိပ်ထားရသည့်အသံဖြင့်....





"ဟေ့ကောင်...ငှက်ခါး။ ပေါက်ကရတွေ လျှောက်မပြောနဲ့။ အခု မင်းသူငယ်ချင်း ကြက်ဖကြီးဆိုတဲ့ကောင် ဘယ်မှာလဲ"

ငှက်ခါးက ဝါးခနဲ တစ်ချက်သမ်းရင်း ခေါင်းကို ဖြည်းဖြည်းလေးလေး ခါယမ်းပြလိုက်ပြီး...

"မသိဘူး...ဦးလေး။ ဒီကောင် ရန်ကုန်ကို သွားမယ်ဆိုပြီး ပြီးခဲ့တဲ့အခေါက်က သင်္ဘောနဲ့ လိုက်သွားတယ်။ ပင်လယ်ထဲမှာ ဒီကောင်စီးတဲ့သင်္ဘောကို ဝေလငါး မျိုသွားပြီလို့တော့ သတင်းကြားတာပဲ ဦးလေးရဲ့။ ကိစ္စက အရေးကြီးလို့လား"

"ဟာ...သိပ်အရေးကြီးတာပေါ့ကွ။ ငါ့မိန်းမရဲ့ဗိုက်ကို ခုတုံးလုပ်ပြီး ငါ့ကို တစ်ပတ်ရိုက်သွားတာပဲ ဥစ္စာ"

"ဩော်...။ ကျွတ်...ကျွတ်"

"ငါ့မှာတော့ ငါ့မိန်းမဗိုက် ပူလာနိုး ပူလာနိုးနဲ့ နေ့တိုင်း ပေကြိုးနဲ့ တိုင်းတိုင်းကြည့်ပြီး မျှော်လိုက်ရတာ မောလို့။ ဒင်းက ကွမ်းယာဆိုင်က တုလားမရဲ့ဆီးကို တောင်းပြီး တစ်ပတ်ရိုက်သွားတာကိုး။ ငါ ဒီနေ့ လက်ချမ်းနဲ့ဆုံမှ သိရတာ။ မင်းတို့ပဲ စဉ်းစားကြည့်စမ်း...။ ဘယ်လောက် ယုတ်မာတဲ့ ကောင်လဲဆိုတာ"

"တောက်"

ရေမြင်းထံမှ ပြင်းထန်သော 'တောက်'ခေါက်သံ ပေါ်ထွက်လာသဖြင့် ဦးစိန်ထွန်းက ချာခနဲ လှည့်ကြည့်လိုက်သည်။

ရေမြင်းက လေ့နံ့ရုံမှ သံတစ်ချောင်းကို ပြန်ဆွဲနှုတ်ရင်း...

"ဒီသံကလည်း ရိုက်လိုက်တိုင်း ကောက်သွားတာချည်းပဲ"

ဟု သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေ၏။ ရေမြင်း 'တောက်' ခေါက်သည်မှာ ကြက်ဖကြီး၏လုပ်ရပ်ကို မကျေနပ်၍မဟုတ်ဘဲ သံရိုက်ရာတွင် အဆင်မပြေသဖြင့် တောက်ခေါက်ခြင်းသာဖြစ်ကြောင်း တွေ့လိုက်ရသောကြောင့် ဦးစိန်ထွန်း၏ စိတ်ထဲတွင် အလျောင်အမြောင်ခံလိုက်ရသလို အောက်မေ့ပြီး ပိုစိတ်တိုသွား၏။ ထိုကြောင့်...



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကောင်တွေလည်း ကြက်ဖကြီးနဲ့ တစ်ကျိတ်တည်း တစ်ဥာဏ်တည်းဖြစ်မှာပဲ။ ဟင်း...ကောင်းကောင်း သတိထားနေကြ။ တစ်နေ့ ငါနဲ့ တွေ့မယ်"

ရက်ရမ်း ရမ်းကာ ကြုံးဝါးရင်း ဆောင့်ဆောင့်နင့်နင့် လှည့်ထွက်သွား၏။ သူတို့က ဦးစိန်ထွန်း၏ ကျောပြင်ကို မျက်စေ့တစ်ဆုံး ငေးကြည့်နေကြပြီးမှ....

"ကြက်ဖကြီးရေ...ထွက်ခဲ့တော့။ ရပြီ"

ငှက်ခါးက လှမ်းပြီး အသံပြုလိုက်သောအခါ ကြက်ဖကြီးက အပိုးမကျိုးသော စပ်ဖြဲဖြဲမျက်နှာဖြင့် ပုန်းနေရာမှ ထွက်လာ၏။

သူ့တစ်ကိုယ်လုံး ဖုန်မှုန့်များ၊ သဲများနှင့် ပင့်ကူမျှင်များ ပေပွနေသည်။ တောက်တဲ့က သူ့ကိုကြည့်ပြီး နှာခေါင်းရှုံ့၍ သရော်သည့်လေသံဖြင့်...

"မင်းအဖြစ်က ဆိုးလိုက်တာကွာ"

"ဟ....ဘာဖြစ်လဲ။ အလောင်းတော် ကဿပမင်းတောင်မှ အခန့်မသင့်တဲ့အခါ အိုးဖုတ်၊ ဖျာယက်တဲ့ဘဝကို ရောက်ရသေးတာပဲ။ ငါက အခုမှ...။ ဟိုက်...ဟိုမှာ လာကုန်ကြပြီ"

ကြက်ဖကြီး၏ မျက်လုံးများက တရုတ်အသုဘတွင် တီးသော လင်းကွင်းလောက်နီးနီး ပြူးသွားပြီး လက်ညှိုးထိုးလျက် ထိတ်လန့်တကြားပြောလိုက်ရာ အားလုံးက ချာခနဲ လှည့်ကြည့်လိုက်၏။

"ငါတို့တော့ နာပြီထင်တယ်။ ဟိုမှာ ဘီလူးဆိုင်းတီးမယ့် နှစ်ယောက် လာနေပြီ"

ဒဏ်ရာအသီးသီးဖြင့် ဖူးယောင်နေကြသော ဘတိုးနှင့် မြင့်နိုင်တို့နှစ်ယောက်သား တစ်ယောက်ပုခုံးတစ်ယောက်ဖက်ပြီး သိုင်းကွက်နင်းကာ လာနေကြသည်ကို တွေ့လိုက်ရသည်။

တောက်တဲ့က ပြေးပေါက်ရှာရင်း....

"ဟို...ကမ်းစပ်မှာ တင်ထားတဲ့ လှေဆီကို ပြေးဟေ့။ မြန်မြန်





လုပ်"

"ဟုတ်တယ်။ သင်္ကြန်ပွဲထဲမှာ ဝင်ရောနေလိုက်ရင် ဒီကောင်တွေ ဘာမှ လုပ်လို့မရတော့ဘူးကွ"

"လာ... လစ်စို့"

သူတို့လေးယောက်စလုံး ကမ်းစပ်ဆီသို့ ခြေကုန်သုတ်ပြီး ပြေးကြသည်။ တန်းစီနေသော လှေများထဲမှ တစ်စင်းကို ရေထဲသို့တွန်းချပြီး အားလုံး စုပြုံ ခိုတက်လိုက်ကြ၏။

"ဟေ့ကောင်တွေ...မပြေးနဲ့။ ပြေးရင် ပိုနာမယ်နော်"

"ဘတိုးတဲ့ကွ။ မိရင်တော့ သေပြီသာမှတ်"

နောက်ဘက်ဆီမှ ဘတိုးနှင့် မြင့်နိုင်တို့၏ အော်ဟစ်ကြုံးဝါးသံများကို မကြားချင်ယောင်ဆောင်ကာ သင်္ကြန်ပွဲဆီသို့ တက်သုတ်ရိုက်ပြီး လှော်ပြေးကြသည်။

သင်္ကြန်ပွဲထဲတွင် လုံခြုံရေးတာဝန်ယူထားသည့်အဖွဲ့ ရှိသောကြောင့် လူဆိုးမှတ်တမ်းဝင်ဖြစ်နေသော ဘတိုးနှင့် မြင့်နိုင်တို့ လိုက်မလာရဲမှန်း သူတို့ သေချာပေါက်တွက်ပြီးသား ဖြစ်၏။

"သင်္ကြန်နှစ်ဦး... တူးပို့..တူးပို့၊ တူးပို့ မြူးသံသာ...
သင်္ကြန်မယ်များ... တူးပို့...တူးပို့"

ရေမြင်းက လှေဦးမှ လှော်ရင်း သံသေးသံကြောင်ဖြင့် သီချင်းကို အော်ဆိုပေးသည်။ ကြက်ဖကြီးနှင့်တောက်တဲ့က လှေပေါ်တွင် ကွေးနေအောင် ကကြ၏။

ရေပက်ကစားနေကြသော လှေရောင်စုံများကြားထဲတွင် ဟိုကဝင်လိုက်၊ ဒီကထွက်လိုက်နှင့် သူတို့လေးယောက်စီးသော လှေကလေးသည် ငှက်တေလေစင်ရော်လေးတစ်ကောင်နှင့် တူလေသည်။

သင်္ကြန်ရေတွေ အပက်ခံထားရသောကြောင့် သူတို့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေကြသည်။

မြူးမြူးကြွကြွ တီးနေသည့် ဝါးလတ်စည်း သင်္ကြန်ဒိုးသံလည်း

www.burmeseclassic.com

www.burmeseclassic.com



ပိတောက်လှိုင်းထနေသည့် ရေပြင်ပေါ် ရှပ်ပျံပြေးလွှားနေ၏။ ထိုစဉ်.....

"မင်းတို့ ဘယ်ပြေးမလဲ။ ဟင်း...ဟင်း။ ဟော့ကောင် ငှက်ခါး။ မင်းပြောတော့ ကြက်ဖကြီးစီးတဲ့သဘော်ာ ပင်လယ်ထဲမှာ ဝေလငါး မျိုသွားပြီဆို"

"ဟင်... ဦးလေး"

သူတို့အနီးသို့ လှေတစ်စင်းဖြင့် ဘွားခနဲ ပေါ်လာသော ဦးစိန်ထွန်းကို မြင်လိုက်ရသောကြောင့် အားလုံး မှင်တက်မိကာ ငေးကြောင်ကြည့်နေမိကြ၏။

ချက်ချင်း သတိဝင်လာသူက ကြက်ဖကြီး။

"ဟော့ကောင်တွေ ဘာကြောင်ကြည့်နေတာလဲ၊ လှော်...လှော်၊ အမြန်လှော်"

လှေဝမ်းထဲတွင် ချထားသော လှော်တက်များကို ဝုန်းခနဲ ပြိုင်တူကောက်ကိုင်ကာ တက်သုတ်ရိုက်ပြီး လှေလှော်ပြေးကြသည်။

"မင်းတို့လေးယောက်စလုံး သေဖို့သာပြင်"

ဟု ဦးစိန်ထွန်းက ကြုံးဝါးကာ အမီလိုက်ရင်း လှော်တက်ဖြင့် လှမ်းရိုက်ဖို့ ကြိုးစားသည်။

သို့သော် တဖြည်းဖြည်းနှင့် ဦးစိန်ထွန်း၏ လှေကလေးက ဝေး၍ ဝေး၍ ကျန်ခဲ့တော့သည်။ အာခေါင်ကို ဖြဲဟစ်၍ အော်ဆိုလိုက်သော တောက်တဲ့၏ သကြံန်သီချင်းသံကသာ ပင်လယ်လေညင်းထဲတွင် သဲ့သဲ့ လွင့်ပျံ့လာသည်။

"ကလေးတွေ ချောင်းမကြည့်ရ

ရှူရှူ.... ဦးလေးကိုယ်တိုင် ရှူ"

●





ပင်လယ်ထဲ အတော်ဝေးဝေးရောက်သည်အထိ လှော်ခတ်လာခဲ့ကြသည်။ သကြံန်ပွဲတွင် ပျော်ရွှင်နေကြသော လှေအုပ်စုများကိုပင် မမြင်ရတော့။ မိုင်ချီ၍ ဝေးခဲ့ပြီ။

သူတို့သည် လှော်တက်များကို လှေဝမ်းထဲတွင် ချထားလိုက်ကြပြီး တငြိမ့်ငြိမ့်လှုပ်နေသော လှေပေါ်တွင် ငိုက်မျည်းကာ မောသည်ဆိုရုံကလေး မျောရွေ့နေကြ၏။

ထိုစဉ် ငှက်ခါးက ပင်လယ်ထဲတွင် မျောပါလာသော တစ်စုံတစ်ရာကို တွေ့လိုက်ရသည်။

သူက ထိုအရာကို လက်ညှိုးထိုးကာ....

"ဟော့ကောင်တွေ...ဟိုမှာကြည့်စမ်း"

အားလုံးက ဆတ်ခနဲ ခေါင်းထောင်ထလာပြီး ငှက်ခါးညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။ ရေမြင်းက.....

"လူတစ်ယောက်နဲ့ တူတယ်ကွ"

တကယ်ပင် လူတစ်ယောက်ဖြစ်လေသည်။ သို့သော် ထိုသူ့ပုံသဏ္ဌာန်က မလှုပ်မယှက်။ ရော်ဘာဖေါင်ပေါ်တွင် အားပြတ်ကာ သတိလစ်လျက် ပင်လယ်ထဲ မျောပါလာခြင်းဖြစ်ပုံရ၏။ ငှက်ခါးက...

"အဲဒီနားကို ရောက်အောင် လှော်ကြကွာ။ သေနေတာလား မေ့မျောနေတာလား မသိဘူးကွ"

ရော်ဘာဖေါင်အနီးသို့ သူတို့ရောက်သွားကြသောအခါ ကြက်ဖကြီးက အလန့်တကြားဖြင့်...

"ဟာ...မိန်းကလေးတစ်ယောက်ကွ"

သူတို့ တွန့်ဆုတ်သွားကြသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ ဘာလုပ်ရမည်ကို သူတို့ မဝေခွဲတတ်။ တောက်တဲ့က....

"ဟော့ကောင်တွေ...ဒီနေရာက မြန်မြန်ပြန်လှည့်ပြေးရင် ကောင်းမယ် ထင်တယ်"

"အေး...ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟူး… ဒီနေ့တော့ တပြေးတည်းပြေးနေရတာချည်းပါပဲကွာ"

ကြက်ဖကြီးနှင့် ရေမြင်းကလည်း ပြိုင်တူ ထောက်ခံကြ၏။ သို့သော် ငှက်ခါးက အနည်းငယ်တွေဝေနေရာမှ..

"ခဏနေကြဦးကွာ"

ဟု ပြောပြီး ရော်ဘာဖေါင်ကို လှေဆီသို့ ဆွဲယူ၏။ ဖေါင်ပေါ်သို့ ဆင်းသွားပြီး ကောင်မလေး၏ နှာခေါင်းဝအနီးသို့ လက်ဖမိုးဖြင့် တိုးကပ်ကြည့်ကာ အသက်ရှူငွေ့ကို စမ်းကြည့်သည်။ ထို့နောက်…

"အသက်ရှူနေသေးတယ်ကွ။ မသေသေးဘူး"

ဟု အေးတိအေးစက်ပြောသည်။

ကြက်ဖကြီးနှင့် တောက်တဲ့တို့၏ မျက်နှာများက ညှော်နံ့ရသော လူမမာတွေလို ရှုံ့မဲ့မဲ့ မအီမသာ ဖြစ်နေကြ၏။ ရေမြင်းက မပွင့်တပွင့် လေသံဖြင့် လှမ်းပြောသည်။

"ဟော့ကောင်။ အဲဒါ…. ပြဿနာ အထုပ်ကြီးနော်"

ငှက်ခါးက သတိလစ်နေသော မိန်းကလေးကို လှေပေါ်သို့ ပွေ့ချီတင်ရင်း သက်ပြင်းတစ်ချက်ချကာ….

"ဘယ်တတ်နိုင်မလဲကွာ…။ ဒီအတိုင်း ပြစ်ထားခဲ့လို့မှ မဖြစ်တာ။ ငါတို့ တဲဆီကိုပဲ သယ်သွားရမှာပေါ့"

"ခေါ်သွားမယ်…။ ဟုတ်လား…။ အဲ….အဲဒါက ဘာသဘောလဲ ငှက်ခါး"

ကြက်ဖကြီးက အထိတ်တလန့်ဖြင့် မေးသည်။

ငှက်ခါးက သူ့မေးခွန်းကို နှုတ်တုံ့ပြန်မဖြေ။ သတိလစ်နေသော ကောင်မလေး၏ လည်ပင်းမှ တစ်စုံတစ်ရာကို သူ့လက်သန်းထိပ်ဖျားဖြင့် အသာအယာ ချိတ်ယူပြီး အားလုံးမြင်သာအောင် ပြလိုက်သည်။

ရွှေဆွဲကြိုးကလေးတစ်ကုံး။ ငါးမူးသားခန့်တော့ရှိမည်။ ကြိုး၏ အလယ်ရှိဆွဲပြားပုံစံက ခပ်ဆန်းဆန်း။

ပင်လယ်ဓါးပြတို့၏အလံ သင်္ကေတပြုလေ့ရှိသော လူအရိုး





ခေါင်းပုံစံလေး။

ငှက်ခါးက မျက်လုံးတစ်ချက်ပင့်ကြည့်လိုက်ပြီး….

"ဒါ…စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို အမြော်အမြင်ရှိရှိ ထူထောင်လိုက်တဲ့ သဘောပေါ့ကွာ။ ဒီကောင်မလေးကို ကြည့်ရတာ စုတ်တိစုတ်ပြတ်မဟုတ်ဘူး။ ပိုက်ဆံချမ်းသာမယ့် ပုံစံပဲ။

ဒီကောင်မလေး သတိပြန်လည်လာတဲ့အခါကျရင် ငါတို့က သူ့ကို ရေထဲက ဘယ်လို ခဲရာခက်ဆစ် ကယ်ဆယ်ထားရတယ်ဆိုတဲ့အကြောင်း ပိုပိုသာသာလေး ပြောပြလိုက်ရုံနဲ့ ငါတို့ဟာ သူ့ရဲ့အသက်သခင် ကျေးဇူးရှင်တွေ ဖြစ်သွားမှာကွ။

အဲဒီတော့ စဉ်းစားကြည့်လေ…။ သူက ငါတို့အပေါ် အသက်ကယ်တဲ့ ကျေးဇူးကို ပြန်ဆပ်မှာပဲ။ အနည်းဆုံး နှစ်လသုံးလစာလောက် ဖူလုံအောင် ထမင်းဖိုး၊ အရက်ဖိုးတော့ ပေးမလွှတ်ဘူး။ ကဲ… ဘယ့်နှယ့်လဲ"

■



www.burmeseclassic.com

www.burmeseclassic.com



# ၇

မျက်ခွံအပြင်သားကို လာထိသော နံနက်ခင်း နေရောင်ခြည်၏ နွေးထွေးမှုကြောင့် ငှက်ခါး အိပ်ပျော်နေရာမှ နိုးလာသည်။

သူက မျက်လုံးကို မဖွင့်သေးဘဲ လဲလျောင်းနေရာမှ ကိုယ်ကို တစ်ဘက်သို့ စောင်းလိုက်၏။ သူ့ ဝမ်းဗိုက်ပေါ်သို့ ခြေသလုံးမွေးကြမ်းကြမ်းကြီးများနှင့် ခြေထောက်တစ်ဘက်က လာခွ၏။ တောက်တဲ့၏ ခြေထောက်ဖြစ်မည်ဟု ထင်လိုက်သည်။

ခါတိုင်းလို သူ့ကုတင်ပေါ်မှာ အိပ်နေခြင်း မဟုတ်ကြောင်း သတိထားလိုက်မိသဖြင့် သူ့အာရုံခံစားမှု တစ်ခုလုံး ဖျတ်ခနဲ တောင့်တင်းသွား၏။ ဘာဖြစ်လို့လဲ...။ ဘာဖြစ်လို့လဲ...။



www.burmeseclassic.com

www.burmeseclassic.com



ဩော်.... အခုမှ သတိရတယ်။ မနေ့က ပင်လယ်ထဲကနေ ဆယ်လာတဲ့ ကောင်မလေးကို ခုတင်ပေါ်မှာ သိပ်ထားပြီး ငါတို့အားလုံး ကြမ်းပြင်ပေါ် ဆင်းအိပ်ခဲ့ကြတာပဲ။

●

မနေ့က ညနေစောင်းအချိန် သူတို့ တဲကိုပြန်ရောက်သည်အထိ မိန်းကလေးက သတိပြန်မရလာသေး။ သူတို့အားလုံး ဘာလုပ်ရမည် မှန်းမသိသဖြင့် ကောင်မလေးကို ခုတင်ပေါ်တင်ထားပြီး သည်အတိုင်း ငုတ်တုတ်ထိုင်ကြည့်နေရသည်။ ဆရာဝန်ပင့်ဖို့လည်း ပိုက်ဆံမရှိ။

ကြက်ဖကြီးက "ကောင်မလေးသေသွားရင် ဒုက္ခပဲကွာ...။ ငါတို့ကို အမှုပတ်မှာ" ဟု တတွတ်တွတ်ပြောရင်း ကြောက်လန့်တုန်လှုပ်နေ၏။ တကယ်တမ်း ရိုးရိုးသားသားဝန်ခံရလျှင် သူတို့လေးယောက်စလုံးက ထိုအချက်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

နောက်ဆုံးတွင် ပူပန်သောကမှန်သမျှကို မေ့နိုင်သလောက် မေ့ထားတာ အကောင်းဆုံးပဲဟူသော တောက်တဲ့၏ အကြံပေးချက်အရ အရက်ကို မူးအောင်သောက်ပြီး ကြမ်းပြင်ပေါ်တွင် သူတို့လေးယောက်စလုံး အိပ်ပျော်သွားခဲ့ကြတော့၏။

●

"ဘုရားရေ...အခုလောက်ဆို ကောင်မလေးတော့ သေများ သေနေပြီလား မသိဘူး"

ငှက်ခါးက ထိတ်လန့်ချောက်ချားစွာ တွေးမိရင်း အိပ်နေရာမှ ငေါက်ခနဲ ထထိုင်ကာ ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက် ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်လျက် ဆံပင်ဖါးလျား ပြူးကျယ်ကြောင်စီသော မျက်လုံးများဖြင့် စိုက်ကြည့်နေသော မိန်းကလေးနှင့် ဘွားခနဲ မျက်နှာချင်းဆိုင်တိုးမိလိုက်ရာ...

"အောင်မလေးဗျ"

"အား..."



ငှက်ခါးက လန့်ဖျပ်ပြီး အော်လိုက်မိသည်နှင့် တစ်ပြိုင်တည်း လိုလိုမှာပင် ကောင်မလေးကလည်း ကျယ်လောင်စူးရှစွာ အော်ဟစ်လိုက်၏။ သူတို့နှစ်ယောက် ပြိုင်တူ အော်လိုက်ကြသံများကြောင့် ရေမြင်း တောက်တဲ့နှင့် ကြက်ဖကြီးတို့ပါ ဝုန်းခနဲ လန့်နိုးလာကြပြီး...

"ဟေ့ကောင်...ဟေ့ကောင်ငှက်ခါး။ ဘာ...ဘာ...ဘာဖြစ်တာလဲ"

"ဟိုမှာ.... ဟိုမှာ"

ငှက်ခါး လက်ညှိုးထိုးပြရာဆီသို့ အားလုံးလှမ်းကြည့်လိုက်ကြပြီး "ဟာ"ခနဲ အာမေဋိတ်သံနှင့်အတူ မျက်လုံးများ ပြူးသွားကြ၏။

မိန်းကလေးကမူ ဆံပင်ဖားလျားချပြီး ကြောက်စရာကောင်းသော မျက်လုံးပြူးကြီးများဖြင့် သူတို့ကို စိုက်ကြည့်နေဆဲ...

"အဲ...အဲဒါ သေပြီးလို့ မကောင်းဆိုးဝါး မှီနေတာလား မသိဘူး"

တောက်တဲ့က အသံတုန်တုန်ယင်ယင်ဖြင့် ပြောရင်း ကြက်ဖကြီး၏နောက်သို့ သူ့ကိုယ်သူ ပုန်းကွယ်ရန် မသိမသာ နေရာရွှေ့သည်။ ထိုစဉ် မိန်းကလေးက....

"နင်တို့...နင်တို့ ဘယ်သူတွေလဲ။ ပြော... မှန်မှန်ပြောစမ်း"

ရေမြင်းက အထိတ်ထိတ် အလန့်လန့်ဖြင့် ကမန်းကတန်း ဝင်ဖြေ၏။

"ငါတို့က နင့်ကို ပင်လယ်ထဲမှာတွေ့လို့ ဆယ်လာတာလေ။ အထင်မလွဲနဲ့နော်။ ငါတို့က သူတော်ကောင်းလေးတွေပါ။ ဟို...ဟိုဒင်း... နင့်ရဲ့ အသက်သခင် ကျေးဇူးရှင်...ရှင်"

"ဟား...ဟား...ဟား...ဟီးဟီးဟီး"

စကားမဆုံးခင်မှာပင် အသံနက်ကြီးဖြင့် စူးစူးဝါးဝါး ရယ်မောလိုက်သော မိန်းကလေး၏ ထူးထူးဆန်းဆန်းအပြုအမူကြောင့် သူတို့လေးယောက်စလုံး ကျောထဲ စိမ့်သွားကြ၏။

မိန်းကလေးက ခုတင်ပေါ်တွင် ဝုန်းခနဲ တင်ပလ္လင်ခွေ ထိုင်ချလိုက်ပြီး သူတို့ကို လက်ညှိုးငေါက်ငေါက်ထိုး၍...



www.burmeseclassic.com

www.burmeseclassic.com



''ဟင်း..ဟင်း...။ ဘယ်သူတွေများလဲ မှတ်တယ်၊ လက်စသတ်တော့ ငါ့ရဲ့ ယ်ကျွန်ကြီးတွေကိုး။ ကိုင်း... အနားတိုးပြီး ခစားကြစမ်း''

''ဟိုက်...သေပြီ။ ငါတို့ကို ယ်ကျွန်ကြီးတွေတဲ့''

သူတို့လေးဦးသား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ကြက်ဖကြီးက ငှက်ခါးကို ပုခုံးဖြင့် တွန်းလိုက်ပြီး....

''ဟေ့ကောင်။ လက်စသတ်တော့ မင်းကယ်လာတဲ့ဟာက အရူးမပဲကွ''

''ဘယ်လိုလုပ်ကြမလဲ ငှက်ခါး။ မင်းပြောတော့ သူ့ကို ကယ်လိုက်ရင် ကျေးဇူးပြန်ဆပ်လိမ့်မယ်ဆို...။ နှစ်လ သုံးလစာလောက် စားဖို့ သောက်ဖို့ မပူရတော့ဘူး...ဆို။ ခုတော့...ဘယ်နှယ့်လဲ''

''အေးလေ...။ မင်း စီးပွားရေးစီမံကိန်းက အမြတ်မရတဲ့အပြင် အရှုံးမကိုပါ ထမင်းရှာကျွေးရမယ့်ကိန်း ဆိုက်နေပြီကွ။ သူ့ကို နှင်ထုတ်လိုက်ပြန်ရင်လည်း ရွာထဲလျှောက်ပြီး ပေါက်ကရတွေပြောရင် ငါတို့ပဲ အမှုပတ်မှာ...။ အကုသိုလ်တော့ ဝင်ပါပြီကွာ''

သုံးယောက်စလုံးက ဗျစ်တောက်ဗျစ်တောက်ဖြင့် ဗိုင်းပြီး ဆူကြပွက်ကြသောကြောင့် ငှက်ခါးလည်း ဘာလုပ်ရမည်မှန်းမသိဘဲ ခေါင်းကိုသာ ကုတ်နေမိတော့၏။ ထိုစဉ် ကောင်မလေးက....

''ဟဲ့...ယ်ကျွန်ကြီးတွေ။ အနားတိုးပြီး ခစားလို့ ငါကိုယ်တော်မြတ် အမိန့်တော် မှတ်နေတာ မကြားဘူးလား။ သယ်....ငါလုပ်လိုက်ရ''

''မှန်လှပါဘုရား၊ လာပါပြီဘုရား''

ရှေမြင်း၊ ကြက်ဖကြီးနှင့် တောက်တဲ့တို့သုံးယောက်သား ပျာပျာသလဲ လက်အုပ်ကလေးများချီပြီး ကုန်းကုန်းကွကွဖြင့် ရှေ့တိုးသွားကြ၏။ မိန်းကလေးက ဇာတ်ဟန်ပါပါဖြင့် ဒူးပေါ်လက်ထောက်ရင်း ရှေမြင်းကို ကြည့်ကာ....

''ငါကိုယ်တော်မြတ် ဝမ်းထဲက ဟာတာတာနဲ့ ဗိုက်ဆာတော်မူတယ်။ မနက်စာ ပွဲတော်တည်ဖို့ ဘာများ ချက်ပြုတ်စီရင်ထားသလဲကွဲ့။





ဟောဒီက မောင်မင်း...တင်စမ်း''

''မှန်လှပါ...။ ကျွန်တော်မျိုးနာမည် တင်စန်း မဟုတ်ပါဘူး။ ရှေမြင်းပါ။ အဲ....မနက်က ပွဲတော်တည်ဖို့အတွက် ရေတစ်ခွက်တော့ ဆက်သပါမယ်။ ကိုကာကိုလာလို့ စိတ်က မှတ်ယူပြီး သုံးဆောင်တော်မူပါဘုရား''

''ဟယ်.... ရိုင်းလိုက်လေ။ ဒီငမိုက်သား လျှောက်တင်တာကို ငါကိုယ်တော်မြတ် သဘောတော် မကျပေဘူး။ ကိုင်း....ကိုင်း...ဟောဒီဘက်က ယ်ကျွန်ကြီး တင်ဦး''

''မှန်ပါ...ကျွန်တော်မျိုးနာမည်လည်း တင်အုန်းမဟုတ်ရကြောင်းပါ။ ကျွန်တော်မျိုးကြီးက တောက်တဲ့ပါ...ဘုရား။ ပွဲတော်စာအတွက် ရွာထိပ်က အကြော်ဆိုင်သို့ ဘုန်းတော်ကြီးမြတ်လှသော အရှင်မင်းတရားကြီးကိုယ်တိုင် ကြွချီပြီး မယောင်မလည်နှင့် အလစ်သုတ်တော်မူပါဘုရား''

''ကျွန်တော်မျိုးကြီးတို့အတွက်ပါ လေးငါးခုလောက် ပိုယူလာခဲ့ပါဘုရား''

ငှက်ခါးကတော့ သူတို့ ရှုပ်ထွေးနေကြသည်ကို အခွင့်ကောင်း ယူပြီး ခြေသံမကြားရအောင် ဖွဖွနင်းကာ တဲနောက်ဘက်ဆီသို့ မယောင်မလည်ဖြင့် ထလာခဲ့သည်။ ထို့နောက် အလစ်တွင် တဲအောက်သို့ နောက်ဖေးပေါက်မှ ခုန်ချလိုက်၏။

''အရူးမကတော့ ဒီကောင်တွေနဲ့တွေ့မှ ပိရူးလိမ့်မယ် ထင်တယ်''

ဟု သူ့ဘာသာသူ တစ်ယောက်တည်းတွေးကာ ပြုံးမိရင်း ကမ်းခြေဘက်ဆီသို့ ခပ်သွက်သွက် လှမ်းလာခဲ့တော့သည်။

●

ကမ်းစပ်တွင် ငါးညှီနံ့ တစ်စိုစို သင်းနေ၏။ သဲသောင်ပြင်ပေါ် အရောက် ရိုက်နေသော ရေစပ်သည် ညစ်ထေးထေးဖြင့် အရောင်မှိုင်းနေသည်။ သောင်ပြင်ပေါ်တွင် ပုပ်အဲ့နေသော ငါးသေကောင်တစ်ချို့ကို တွေ့ရသည်။ ပိုးလောက်များစားထားသဖြင့် အရိုးနှင့် အရေခွံဖြင့် ပြိုပုတ်



www.burmeseclassic.com

www.burmeseclassic.com



စုတ်သာကျန်ပြီး ကြည့်ရသည်မှာ အော်ဂလီဆန်စရာ ကောင်းသည်။

အုန်းလက် အပိန်အလှီများ၊ ထင်းချောင်းအတိုအစများ၊ အမှိုက်သရိုက်များက နေရာအနှံ့ ပွစာကြဲကာ အနံ့ဆိုးဆိုး နံဟောင်နေသည်။ မစင်ပုံဟောင်း တစ်ချို့တစ်လေကိုလည်း ဟိုတစ်ကွက် ဒီတစ်ကွက် တွေ့ရတတ်သေး၏။ ပုပ်နေသော ခရုခွံများ၊ မည်းညစ်ပြီး ဆားငံရေဖြင့် နူးနေသော အုန်းသီးခွံတစ်ခြမ်းပဲ့များသည် ကမ်းစပ်ဆီရောက်လာသော ပင်လယ်အနားသတ်လှိုင်းအပုတ်တွင် လေးတိလေးကန်ဖြင့် မလှုပ်ချင် လှုပ်ချင် တအိအိ လှုပ်ရှားသွားကြသည်။

အရာရာတိုင်းသည် လေးလံထိုင်းမှိုင်းနေကြ၏။ စုတ်ပြတ် နံစော်နေကြ၏။ ညစ်ပတ်ပေကျံနေကြ၏။

●

ကမ်းနှင့် ခပ်လှမ်းလှမ်းရေထဲတွင် ကျောက်ချပြီး ရပ်ထားသော ငါးဖမ်းစက်လှေတချို့ကို တွေ့ရသည်။ ပင်လယ်လေနှင့် ဆားငံရေတို့ ပွတ်တိုက်စားထားသောကြောင့် ဆေးရောင်လွင့်ပြယ်ကာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော စက်လှေစုတ်ကြီးများသည် ရေပြင်ပေါ်တွင် ငှက်သေကောင်တွေလို ငြိမ်သက်နေကြ၏။

နေဒဏ်၊ လေဒဏ်တို့ကြောင့် အသားအရေ မွဲခြောက်ခြောက် ညိုပုပ်ပုပ်ဖြစ်နေသည့် တံငါသည်များ၊ ပုစွန်ငုပ်သမားများသည် သူတို့၏ ဖွာလန်ကျဲနေသော ကာကီရောင်နွမ်းနွမ်းအကျီလက်များကို တံတောင်ဆစ်ပေါ်သည်အထိ လိပ်တင်ထားကြပြီး စက်လှေကုန်းပတ်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ သူတို့ဖမ်းမိခဲ့သည့်ငါး၊ ပုစွန်များကို အကောင်ကြီးသေးအလိုက်၊ အမျိုးအစားအလိုက် ရွေးထုတ်စုပုံနေကြ၏။

သူတို့သည် ငါးပုစွန်များကို ရွေးရင်း စကားတွေ ဟောင်ဖွာ ဟောင်ဖွာ ပြောကြသည်။ ညည်းညူကြသည်။ ဒေါသထွက်ကြသည်။ မကျေနပ်ချက်များကို အော်ကြီးဟစ်ကျယ် ရင်ဖွင့်ကြသည်။ ဆဲဆိုရန်ဖြစ်ကြသည်။ တစ်ချို့ကလည်း မနေ့ညက ရွာထဲရှိ ဗီဒီယိုရုံတွင်





ဆယ့်ငါးကျပ်ပေး၍ ကြည့်လာခဲ့ရသော ဗီဒီယိုဇာတ်လမ်းကို တစ်ယောက်က ပြန်ပြောပြပြီး ကျန်သူများက ဝိုင်းဝန်းနားထောင်ကြခြင်းဖြင့် အပမ်းဖြေကြလေသည်။

"အဲဒီဇာတ်လမ်းကမှ ရေရေလည်လည်ကောင်းတာကွ။ ဇာတ်လိုက်မင်းသားက ဆင်းရဲသားယောင်ဆောင်ထားတာ။ တကယ်တော့ သူက သူဌေးကွ။ မင်းသမီးကလည်း သူဌေးပဲ။ ဒါပေမဲ့ သူလည်း ဆင်းရဲချင်ယောင်ဆောင်နေရင်း မင်းသားနဲ့ တွေ့ပြီး ကြိုက်သွားကြတာ"

"ဟင်...သူတို့က သူဌေးတွေဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ ဆင်းရဲချင်ယောင် ဆောင်နေကြတာလဲ"

"ဒီလိုလေကွာ...။ နှစ်ယောက်စလုံးက ငွေမက်လို့ လက်ထပ်တာမျိုး မဖြစ်ချင်ကြဘူးလေ။ သူတို့က ပိုက်ဆံချမ်းသာတဲ့ဘဝကို စိတ်ပျက်နေကြတာကွ"

"ထွီ....။ မင်းဇာတ်လမ်းကလည်း အသုံးမကျလိုက်တာ။ ငါသာ ပိုက်ဆံချမ်းသာလို့ကတော့ ဈေးထဲက ခေါက်ဆွဲသုပ်ကို နေ့တိုင်း သွားသွားစားနေမှာပဲ။ အဲ...ထားပါတော့၊ မင်းဇာတ်လမ်းကို ဆက်ပါဦး"

အပြာရောင် ပင်လယ်လေညင်းသည် သူတို့၏ ခန္ဓာကိုယ် အရေပြားကို မွဲရော်ခြောက်သွေ့ သွားစေသည်။ အရေပြားပေါ်တွင် အက်ကွဲကြောင်းများ ထလာစေ၏။ ဆံပင်များသည် နီကြောင်ကြောင်ဖြစ်ကာ ထိပ်ဖျားများ ဖွာလန်စုတ်နေကြ၏။

မျက်လုံးသူငယ်အိမ်တို့သည် အဖြူရောင်သန့်သန့်မဟုတ်တော့ဘဲ ဟောင်နွမ်းညစ်ထေးကာ ချေးစော်နံနေသည့် စွပ်ကျယ်အဝတ်စလို ဝါကျင့်ကျင့်ဖြစ်နေ၏။ ရေငုပ်ရလွန်းသောကြောင့် မျက်ဝန်းထောင့်ရှိ သွေးကြောများက ရဲရဲနီစွေးနေကြသည်။

အသားက မဲကြုတ်ကြုတ်၊ မျက်လုံးက နီနီနှင့်ဖြစ်သောကြောင့် သူတို့သည် ဘီလူးများနှင့် တူနေကြသည်။ သားစိမ်းနံ့၊ ငါးစိမ်းနံ့တို့ကြားတွင် ရောစက်ကြမ်းကြုတ်သည့် အသွင်အပြင်မျိုးပေါက်နေကြသော ဖိုးဘီလူး



www.burmeseclassic.com

www.burmeseclassic.com



များသည် တကယ်တော့ ကြောက်တတ်ကြသူများဖြစ်၏။

သူတို့သည် သူတို့ကိုယ်တိုင် အဓိပ္ပါယ်ဖွင့်ဆိုဖို့ နားမလည်နိုင်လောက်အောင် ခက်ခဲရှုပ်ထွေးနေသော ဘဝဆိုသည့် အရာကြီးကို ကြောက်လန့်နေကြသူများ ဖြစ်လေသည်။

"ငါ့သား အကြီးကောင်က အခု လေးတန်းရောက်ပြီ၊ စာကောင်းကောင်း မလိုက်နိုင်ဘူး။ ဒီကောင် ကျောင်းမှာ မပျော်ဘူးလေ။ အင်း... ဟုတ်တော့လည်း ဟုတ်ပါတယ်။ တခြားကလေးတွေက သူ့ကို ဟော့... တံငါသည်သား၊ ဘောင်းဘီ အပြဲနဲ့ပဲ နေ့တိုင်း ကျောင်းတက်နေတဲ့ကောင်လို့ လှောင်ပြောင်ခံနေရတဲ့နေရာမှာ ဘယ်သူက ပျော်မှာတဲ့လဲ။ ခက်ပါတယ်ကွာ...။ အဲဒီ ဝတ်ကောင်းစားလှ ဝတ်နိုင်နေတဲ့ ခွေးမသားတွေကြောင့်တော့ ခက်ပါတယ်။ ထွီ..."

သူတို့သည် ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုကြမည်။ သူတို့ဘာမှ မတတ်နိုင်သော မကျေနပ်ချက်များကို ဖော်ပြရန်အတွက် ပင်လယ်ရေပြင်ပေါ်သို့ တံတွေးစက်များကို ထွီခနဲ...ထွီခနဲ ခပ်ပြင်းပြင်း ထွေးထုတ်မည်။ ကရုဏာတရားကင်းမဲ့သူတွေလို ငါးအရှင်လတ်လတ်များ၏ ဦးခေါင်းကို သွေးသံရဲရဲဖြစ်အောင် ထုနှက် သတ်ဖြတ်ကြမည်။ ဒါပဲဖြစ်သည်။

တကယ်တော့ သူတို့သည် ကရုဏာကင်းမဲ့သူများ မဟုတ်ကြ။ ကရုဏာတရား ကြီးမားလွန်းသူများသာ ဖြစ်ကြသည်။ သို့ရာတွင် သူတို့သည် သူတို့ကရုဏာထားသော မိသားစုအသိုက်အမြုံကလေး၊ တန်ဆာဆင်ယင် ချယ်ထွင်ထားခြင်းမရှိသော ဘဝရိုးရိုးစင်းစင်းကလေး၏ လုံခြုံမှု အက်ကွဲအောင် ခြိမ်းခြောက်ခြင်းခံလာရသောအခါ ရက်စက်လာကြသည်။ ရန်လိုလာကြသည်။ ရိုင်းစိုင်းလာကြသည်။

●

ငှက်ခါးက ကမ်းစပ်တွင် ရပ်ကာ ရေထဲတွင် ဆိုက်ထားသည့် ငါးဖမ်းစက်လှေများဆီ ငေးမျှော်ကြည့်နေ၏။ ငါးများကို ကုန်းပတ်ပေါ်တွင် ရွေးချယ်စုပုံရင်း ငြင်းခုန်နေကြသည့် တံငါသည်များ၏ အသံကို





လေသင့်သည့်အခါ ကြားရသည်။ အော်ပြောလျှင် ကြားရလောက်သော အကွာအဝေးဖြစ်သောကြောင့် ငှက်ခါးက ငါးသုံးလေးကောင်လောက်တော့ တောင်းမည်ဟု စိတ်ကူးလိုက်သေး၏။ နောက်တော့ စိတ်ထားပြောင်းသွားပြီး အသံမာမာဖြင့်...

"ဟေ့ကောင်တွေ...ဟေ့ကောင်တွေ"

သူ့အသံကြောင့် လှေပေါ်မှ တံငါသည်များက ခေါင်းထောင်ကာ လှမ်းကြည့်ကြ၏။ ထိုအခါ ငှက်ခါးက....

"မင်းတို့တွေဟာ အလေနတော ကောင်တွေ။ အပျော်အပါးလိုက်စားတဲ့ဝက်မနဲ့ ခွေးရူးနဲ့ စပ်ဖောက်ပြီး မွေးထားတဲ့ကောင်တွေပဲ"

ဟု အသားလွတ်ကြီး ပယ်ပယ်နယ်နယ် ဆဲတော့သည်။

အဆဲခံရသော တံငါသည်များအနက်မှ အချို့က ဒေါသထွက်ကြသည်။ တစ်ချို့ကတော့ ရယ်မောပြီးနောက် သူ့ဆဲသံကို မမှုသလို ကိုယ့်အလုပ်ကိုယ် ပြန်လုပ်နေကြသည်။ ငှက်ခါးကတော့ မရပ်မနား အော်ဟစ်ဆဲရေးနေသည်မှာ အသံတွေ ပြာလာသည့်အထိပင် ဖြစ်သည်။

"မျောက်မောင်းမကို ကြာခိုချင်တဲ့ကောင်တွေ"

"မင်းတို့အမေတွေက ပဒိုင်းသီးစားပြီး မွေးထားတဲ့ကောင်တွေ"

"ကိုယ့်အမျိုးကိုယ် ငပိရည်နဲ့ တို့စားတဲ့ကောင်တွေ"

ကြာတော့ ပါးစပ်ဖြင့်ဆဲနေရုံသက်သက်က အလုပ်မဖြစ်ကြောင်း ငှက်ခါး သဘောပေါက်လာ၏။ ထိုကြောင့် ကမ်းစပ်တွင်တွေ့ရသမျှ ကျောက်ခဲတစ်ချို့ကို ကောက်ယူလိုက်ပြီး...

"ဟေ့... ကြွက်စုတ်မသားတွေ။ ဒီမှာလာပြီဟေ့။ ရော့..."

"ဒုန်း"

တစ်ခွန်းဆဲလိုက်၊ လှေနံရံကို ကျောက်ခဲဖြင့် ပစ်ပေါက်လိုက်။ ဆဲလိုက် ခဲဖြင့်ထုလိုက်နှင့် လေးငါးခြောက်ကြိမ်ခန့် အားကြိုးမာန်တက် ယုတ်မာလိုက်သောအခါ....

"ဟာ... ဟိုကောင် ငှက်ခါး တော်တော်လွန်လာပြီဟေ့။ ဒီတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ခဲနဲ့ထုနေတယ်''

''တောက်....ဒီကောင် အသားလွတ် လာမိုက်ရိုင်းနေတာ''

''ပြန်ချကွာ။ တွေ့ကရာနဲ့ပေါက်။ ဒီကောင့်ကို ထိအောင် ပြန်ဆော်''

တံငါသည်များက ငှက်ခါးကို ပြန်ပေါက်ဖို့ လက်နက်ရှာကြ၏။ လှေပေါ်တွင် ဝေးဝေးရောက်အောင် ပစ်ပေါက်နိုင်သည့် ပစ္စည်းကလည်း ဘာမှမရှိ၊ ငါးများသာရှိသည်။ ထို့ကြောင့် တံငါသည်များသည် သူတို့လက်ထဲမှငါးများကို ခဲလုံးသဖွယ်ကိုင်လွှဲကာ ငှက်ခါးကိုပြန်ပစ်ပေါက်ကြတော့၏။

''ဘုတ်''

''အောင်မယ်လေး.... သေပါပြီဗျ''

''ဘုတ်''

''ကြောက်ပါပြီဗျ။ နောက်မလုပ်တော့ပါဘူးဗျို့''

တံငါသည်များ ပစ်ပေါက်သည့် ငါးသေကောင်တွေ လာထိမှန်တိုင်း ငှက်ခါးက နာချင်ယောင်ဆောင်ကာ ကုန်းကြုံးပြီး ငယ်သံပါအောင် အော်ပြသည်။ သို့သော်... ငှက်ခါးမျက်နှာကတော့ စပ်ဖြီးဖြီး။

ငှက်ခါးက နာချင်ယောင်ဆောင်ပြီး အော်လေလေ၊ တံငါသည်များက ပိုပြီးအားတက်ကာ ပေါက်လေလေဖြင့် ငါးအကောင် သုံးဆယ်ခန့် ကမ်းစပ်တွင် ပြန့်ကျဲသွား၏။ ထိုအခါကျမှ ငှက်ခါးက ငါးများကို ကမန်းကတန်း စုပြုံကောက်ယူလိုက်ပြီး...

''ကျေးဇူးပဲ။ တော်ပြီ...တော်ပြီ။ ငါးတွေ ဒီလောက်များရင် တစ်ရက်စာတော့ ဖူလုံသွားပြီ''

ဟု အော်ပြောရင်း တံငါသည်များကြားလောက်အောင် သီချင်းတစ်ပုဒ်အော်ဆိုကာ အေးအေးဆေးဆေးပင် အိမ်သို့ ပြန်သွားလေတော့သည်။

■





ငါးကင်များကို ပလုပ်ပလောင်းစားနေသည့် မိန်းကလေးကို ကြည့်ရင်း ငှက်ခါးတို့လေးယောက်စလုံး စိတ်မချမ်းမြေ့စွာဖြင့် အောင့်သက်သက် ခံစားနေကြရသည်။

မိန်းကလေးက ဗိုက်ဝသွားသောကြောင့်လား မပြောတတ်၊ စောစောကလောက် အရူးမကြမ်းတော့ဘဲ တည်တည်ငြိမ်ငြိမ် ဖြစ်နေသည်။ ငှက်ခါးက....

''မင်းနာမည် ဘယ်လိုခေါ်လဲ''

ကောင်မလေးက သူ့ကိုမေးမှန်းတော့ သိသည်။ မျက်တောင်ကော့များကို ဖျတ်ခနဲ ပင့်တင်လိုက်ပြီး ငှက်ခါးမျက်နှာကို လှမ်းကြည့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာတစ်ခွန်းမှ မဖြေ။ ရွှန်းလက်တောက်ပသော မျက်ဝန်းများသည် ဗလာဖြစ်နေကြ၏။ နက်မှောင်စိုစွတ်သည့် မျက်ဝန်း မျက်ဆန်ကို ချာချာလည်သွားသည်အထိ ဘေးဘီကို ဝေ့ဝိုက်လှည့်ပတ်ကြည့်ပြီး ငြိမ်သက်နေသည်။

ငှက်ခါးက သက်ပြင်းချလိုက်သည်။

"မင်းကလည်းကွာ...ရူးနေပါတယ်ဆိုနေမှ သူ့နာမည်သူ သိမလား ကွ။ ဘာဖြစ်လို့ လျှောက်မေးနေမှာလဲ"

ဟု တောက်တဲ့က နှာခေါင်းထဲမှ နှပ်ချေးဖတ်ကို ကလော်နှိုက်ထုတ်ရင်း ပြော၏။ ရေမြင်းကလည်း....

"အေးလေ...နာမည်ဆိုတာ လူက လုပ်တာပါ။ မင်းအနေနဲ့ သူ့ကို 'အဲလိဇဘက်'လို့ပဲခေါ်ခေါ်၊ 'ကလီယိုပတ်ထရာ'လို့ပဲ ခေါ်ခေါ်၊ 'ဝက်မ'လို့ပဲခေါ်ခေါ် ကြိုက်သလို ခေါ်လို့ရတာပဲ။ ဘာမှမဖြစ်ဘူး"

ကြက်ဖကြီးက ခေါင်းယမ်းပြပြီး...

"သူ့ကို 'ယင်ကောင်'လို့ပဲ ခေါ်ကြရအောင်"

"ဘာဖြစ်လို့လဲ"

"ငါတို့ဆီကို ပြဿနာရောဂါပိုးတွေ သယ်လာလို့"

ရေမြင်းနှင့်တောက်တဲ့က သဘောကျစွာရယ်ပြီး 'ဟုတ်တယ်ကွ' ဟုပြော၏။

မိန်းကလေးသည် ကြောင်တောင်တောင်မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေရာက သူတို့ ရယ်သောအခါ ရောယောင်ပြီး လိုက်ရယ်သည်။

တောက်တဲ့က....

"ဟော...တွေ့လား။ သူရယ်တယ်...သူရယ်တယ်။ သူ့နာမည်ကို သူ သဘောကျနေတယ်"

သူတို့သုံးယောက်သားအဖို့ ကလေးပေါက်စနလေးတစ်ယောက် ကောက်ရသလိုမျိုး အရူးမလေးကို ဝိုင်းပြီး မြူကြ၊ ကလူကြ၊ နာမည်ခေါ်ကြနှင့် ယောက်ယက်ခတ်နေသည်။





ငှက်ခါးက စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို ကုတ်ရင်း....

"ငါက... အဲဒီနာမည်ကိစ္စကို အရေးလုပ်လွန်းလို့ မေးနေတာ မဟုတ်ဘူးကွ။ သူ့ကိုယ်သူ ဘယ်လောက်အထိ သိသလဲလို့ စစ်ကြည့်နေတာ။ သူ တကယ်လို့ ဘာမှမသိဘူးဆိုရင် ငါတို့ဆီမှာပဲ သောင်တင်နေလိမ့်မယ်။ အဲဒါ တကယ့်အကြီးအကျယ် ပြဿနာကွ။ ရှင်းပြီလား"

"အေး...ဟုတ်တယ်"

ဟု ရေမြင်းက ခပ်တိုးတိုး ရေရွတ်သည်။ တောက်တဲ့နှင့် ကြက်ဖကြီးလည်း ငိုင်တွေပြီး စဉ်းစားနေကြ၏။

ငှက်ခါးက မိန်းကလေးကို စေ့စေ့ကြည့်ပြီး....

"နင့်ကိုယ်နင် ဘယ်သူလဲဆိုတာ မသိဘူးလား"

"ကျွန်မ...ကျွန်မ"

စဉ်းစားနေရင်း သူမ၏ မျက်လုံးများက ရူးသွပ်သူတစ်ယောက်လို ချာချာလည်စပြုလာသည်။ ထို့နောက်....

"ကျွန်မ...ကျွန်မ...က သိပြီ။ ကျွန်မက ယင်ကောင်လေ"

"ဒုက္ခပါပဲ။ နင့်ကိုနင် ဘယ်ကလာတယ်ဆိုတာကော သိရဲ့လား"

"ဟင့်အင်း.... မမှတ်မိတော့ဘူး။ မေ့သွားပြီ"

"ကျွတ်...။ အဲဒါမှ တကယ့်ပြဿနာ။ နင် မေ့လို့ မဖြစ်ဘူး လေဟာ"

ငှက်ခါး၏ ညည်းညူသံကို မိန်းကလေးက လုံးဝဂရုမစိုက်။ သူမ၏ ဆံပင်အဖျားစများကို ပွတ်ခတ်ဆော့ကစားရင်း တခစ်ခစ် ရယ်မောနေသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ဟု တောက်တဲ့က မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် စိုးရိမ်တကြီး မေး၏။ ရေမြင်းက စိတ်ရှုပ်ထွေးစွာဖြင့် သူ့လက်ဖဝါးနှစ်ဘက်ကို ပွတ်သပ်ရင်း...

"နည်းနည်းပါးပါးလောက် ပြန်စဉ်းစားပါဦးလားဟာ...ငါ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ် ယင်ကောင်ရယ်''

ကောင်မလေးကတော့ သူတို့ကို လုံးဝဂရုမစိုက်။ သူမဘာသာ သူမ တခစ်ခစ်ရယ်လိုက်၊ ခေါင်းကို ဘယ်ညာငဲ့လိုက် စောင်းလိုက်၊ ဆော့ကစားလိုက် လုပ်ရင်း...

''မသိဘူး။ ဘာမှ...မမှတ်မိတော့ဘူး''

''နင်...တကယ်မမှတ်မိတော့ဘူးလား ယင်ကောင်ရယ်။ နင် ငါ့ဆီက ပိုက်ဆံသုံးရာ ချေးထားသေးတယ်လေ။ အဲဒါ...ပြန်ပေးရဦးမယ်''

ကြက်ဖကြီးက အရေးထဲမှာ အခွင့်ကောင်းယူပြီး အရှုံးမထံမှာ ပိုက်ဆံအချောင်ရအောင် ခွင်ဖန်နေသေး၏။ မိန်းကလေးက....

''မသိဘူး။ ဘာ... ပိုက်ဆံလဲ။ ပိုက်ဆံဆိုတာ ဘာလဲ။ ငါ မသိတာတွေ လာလာပြောမနေနဲ့။ ငါသိတာက ငါဟာ ဟောဒီနန်းတော်မှာ ဘုရင်မ။ နင်တို့က ငါ့ရဲ့ ငယ်ကျွန်ကြီးတွေ''

''ဒုက္ခပါပဲ...။ ဘုရား ကယ်တော်မူပါ''

''ကိုင်း....ငယ်ကျွန်ကြီးများ။ ငါကိုယ်တော်မြတ် ရေချိုးဖို့ ဆန္ဒ ရှိတော်မူတယ်။ ချိုးရေတော်ဆက်ဖို့ ပြင်ကြစမ်း''

''ဟိုက်...''

မိန်းကလေးက ပြောပြောဆိုဆိုနှင့် ထိုင်နေရာမှ ရုတ်တရက် မတ်တပ်တရပ်လိုက်ပြီး သူမ၏ ကိုယ်ပေါ်မှ အကျီကို ချွတ်တော့မည့် ဟန်ပြင်လိုက်ရာ....

''ဟာ....ဟာ မလုပ်နဲ့လေ၊ မလုပ်နဲ့လေ''

''လစ်စို့ဟေ့''

သူတို့လေးယောက်စလုံး တိုင်ပင်ထားစရာမလိုဘဲ ဝုန်းခနဲ ထလိုက်ကြပြီး တဲအောက်ဆီသို့ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ အောင် ဆင်းပြေးခဲ့ကြတော့သည်။

●





သူတို့လေးယောက်သား သောင်ပြင်ပေါ်တွင် စိတ်ဓါတ်ကျစွာ ခြေပစ်လက်ပစ် ထိုင်ချရင်း....

''မလွယ်ဘူးဟေ့။ ဒီအရူးမနဲ့ ကြာကြာနေရင်တော့ ပြဿနာ တက်လိမ့်မယ်''

''သေချာတာပေါ့ တောက်တဲ့ရာ...။ မနေချင်ရင်လည်း အဲဒီ အရူးမကို ဘယ်သွားထားမလဲ။ နည်းနည်းပါးပါး ဉာဏ်နီဉာဏ်နက် လေး ထုတ်စမ်းပါဦး''

ကြက်ဖကြီးက ညည်းညည်းညူညူဖြင့် ပြော၏။ ရေမြင်းက စိတ်ရှုပ်ရှုပ်ဖြင့် သူ့လက်ဖဝါးနှစ်ဘက်ကို ပွတ်သပ်ရင်း....

''နှင်ချလိုက်ဖို့ဆိုတာကလည်း အပြောလွယ်သလောက် လုပ်ရ ခက်တယ်ကွ။ အရူးမကလည်း ဒီအိမ်ပေါ်ကနေ ကုတ်နဲ့ကော်ချတောင် ဆင်းမယ့်ပုံ မပေါ်ဘူး။ ပေကပ်နေမယ့် ဟာမလေးကွ''

''ဘာမှ မကျွေးဘဲ သုံးလေးရက်လောက်ပစ်ထားလိုက်ရင်တော့ ဆင်းသွားမှာပါကွာ။ ဒီမှာ...နေစရာလည်း ဟန်ကျ၊ စားစရာကလည်း ငါတို့ ရှာပေးနေတာနဲ့ အသင့်ဆိုတော့ ဒင်းက ဇိမ်ကျနေမှာပဲ''

ဟု ငှက်ခါးကပြော၏။ တောက်တဲ့က....

''ဒါကတော့ မင်းသဘောပဲလေ...။ အိမ်ကလည်း မင်းအိမ်၊ ကောင်မလေးကို ဆယ်လာတာလည်း မင်းပဲ။ အဲဒီတော့ နှင်ချမလား၊ ဆက်ထားမလားဆိုတာ မင်းပဲ ဆုံးဖြတ်ပေါ့''

တောက်တဲ့၏ စကားအဆုံးတွင် အားလုံး တိတ်ဆိတ်သွားကြ၏။ ထိုတိတ်ဆိတ်မှုသည် လူသားတစ်ဦး၏ စိတ်ဓါတ်နှင့် အခြားလူသား တစ်ဦး၏ ကံကြမ္မာတို့ကို အဆုံးအဖြတ်ပေးမည့် တိတ်ဆိတ်မှုပင် ဖြစ်လေ သည်။

ငှက်ခါးက သောင်ပြင်ပေါ် ထိုင်နေရာမှ ထရပ်သည်။ ကျန် သုံးယောက်ကို ကျောခိုင်းထားလျက်က လှည့်မကြည့်ဘဲ ခပ်တိုးတိုး ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ကွာ...။ မနှင်ချတော့ပါဘူး။ နေပါစေ"

ကျန်သုံးဦးထံမှ စိတ်သက်သာရာရသွားသည့် ပင့်သက်ချသံ ညင်ညင်သာသာ ကြားရသည်။

ထို့နောက် ကြက်ဖကြီးက...

"သူ့ကိုဆက်ပြီးထားမယ်ဆိုလည်း ငါတို့နဲ့ တစ်အိမ်တည်းတော့ အတူတူနေလို့ မဖြစ်ဘူးကွ။ လူတွေက ကဲ့ရဲ့ကြမှာ"

ရေမြင်းက ပင်လယ်ပြင်ဆီသို့ အကြည့်ကို ရွှေ့လိုက်ရင်း....

"ဟုတ်တယ်...။ ဂရုစိုက်စရာ မဟုတ်လို့သာ အဲဒီကိစ္စကို ငါတို့ ဘယ်တုန်းကမှ ဂရုမစိုက်ဘဲ နေခဲ့တာ။ တကယ်တော့ လောကကြီးတစ်ခု လုံးဟာ ငါတို့နဲ့ သူစိမ်းတွေပါပဲ။ ကမ္ဘာကြီးဟာ ငါတို့ရဲ့ အသံအစစ်အမှန်ကို ဘယ်တုန်းကမှ မကြားခဲ့ကြဘူး။ ငါတို့ကို ဘယ်တုန်းကမှ နားမလည် ခဲ့ကြဘူး"

ကမ္ဘာကြီးဆိုသည်မှာ ထောင်ချောက်တစ်ခု ဖြစ်နိုင်သည်။ ကမ္ဘာ ကြီးဆိုသည်မှာ သစ်သားမီးခြစ်ဆံတစ်ချောင်း ဖြစ်နိုင်သည်။ ကမ္ဘာကြီး ဆိုသည်မှာ အလွမ်းနည်းနည်းပါသော အသံတစ်သံဖြစ်နိုင်သည်။ ကမ္ဘာ ကြီးဆိုသည်မှာ မိသားစုတစ်စု ဖြစ်နိုင်သလို ကမ္ဘာကြီးဆိုသည်မှာ သူစိမ်း တရံဆံများလည်း ဖြစ်နိုင်ပါသည်။

ငှက်ခါးက....

"တစ်အိမ်တည်း အတူတူနေလို့ မဖြစ်ရင်လည်း ငါတို့ လေး ယောက်က ရေမြင်းရဲ့ လှေထဲမှာ သွားနေကြမယ်။ ကောင်မလေးကို တော့ ငါ့တဲမှာ နေပစေပေါ့"

"အင်း....ကောင်းသားပဲ။ ဘယ်လိုလဲ...ဖြစ်တယ်မဟုတ်လား ရေမြင်း"

"ရတာပေါ့။ ငါ့လှေ ဒေါက်တင်ထားတဲ့တဲက အကျယ်ကြီးပဲ။ အမိုးလည်း ရှိတယ်။ အကာမရှိတာ တစ်ခုပဲ။ လှေပေါ်မှာအိပ်လည်း ရတယ်။ မြေကြီးပေါ်မှာ အိပ်လည်းရတယ်။ အဲ...အိမ်သာတော့ မရှိဘူး





နော်"

ကြက်ဖကြီးက "အေးပါ...ရပါတယ်။ ကိစ္စမရှိပါဘူး"ဟု ပြော ကာ ပခုံးတွန့်ပြလိုက်သည်။

တစ်သက်လုံး ဒီပုံစံနှင့်ပဲ သွားကြတော့မှာလားဟူသည့် မေးခွန်း ကိုမူ သူတို့အနက် မည်သူကမှ မမေးမိအောင် တမင်သတိထား၍ မေ့ လျော့ထားကြသည်။ သူတို့သည် နည်းနည်းချင်းစီသာ ခွဲ၍စဉ်းစားဖို့ လိုအပ်ကြောင်း နားလည်ကြသူများဖြစ်၏။

ငှက်ခါးက စကားတစ်ခွန်းတည်းပြောပြီး လှည့်ထွက်သွားသည်။

"လူတစ်ယောက်ကို ထမင်းရှာကျွေးရမယ့် ယဉ်ကျေးမှုထုံးစံက ရှိလာပြီဆိုတော့ ငါတို့ အလုပ်လုပ်မှ ဖြစ်တော့မယ်"

■



www.burmeseclassic.com

www.burmeseclassic.com



## ၉

မနက်စောစော ရေမြင်းတစ်ယောက် အိပ်ယာထပြီး လှေပေါ်မှ ဆင်းလာသည့်အခါ မြေကြီးပေါ်တွင် တံစို့ဝါးများ ထိုးစိုက်ပြီး ငါးကင်နေသည့် ငှက်ခါးကို တွေ့လိုက်ရသည်။

ငှက်ခါးက....

"ဟေ့ကောင် ရေမြင်း နိုးပြီလား။ မျက်နှာသစ်လိုက်ဦးကွာ။ ပြီးရင်...ဟိုကောင်မလေးကို သွားခေါ်။ ငါးကင် စားရအောင်လို့"

"ခေါ်စရာ မလိုပါဘူးကွာ။ ဟိုမှာ... လာနေပါပြီ"

လှမ်းကြည့်လိုက်သောအခါ တဲပေါ်မှ ဆင်းလာနေသော ယင်ကောင်ကို မြင်ရ၏။ အမြဲတစေ ကြမ်းကြမ်းတမ်းတမ်း ရှုးနေပုံမျိုးတော့ မဟုတ်။ သိမ်သိမ့်မွေ့မွေ့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့....ယင်ကောင် မြန်မြန်လာ။ ဒီမှာ..နင့်အတွက် ငါးတွေ ကင်ထားတယ်။ နင်မလာရင် ငါတို့ အကုန်စားပစ်လိုက်တော့မှာ"

ရှေမြင်းက လှမ်းအော်လိုက်သောအခါ သူမက ကလေးငယ်လေးတစ်ယောက်လို မြူးတူးစွာကရင်း 'စားမယ်၊ စားမယ်၊ ဗိုက်ဆာတယ်' ဟု သီချင်းလုပ်ဆို အော်ဟစ်ကာ ခုန်ဆွခုန်ဆွဖြင့် ပြေးလာ၏။

ထို့နောက် သူတို့ မြေပေါ်တွင် ထိုင်ချလိုက်ပြီး ငါးကင်တစ်ကောင်ကို ဖြုတ်ယူကာ အားပါးတရ ပလုပ်ပလောင်း စားနေလေတော့၏။

ရှေမြင်းက သူမကို ကြည့်နေရာမှ ငှက်ခါးဘက်သို့ လှည့်၍.....

"ဟိုနှစ်ကောင်ကော..."

"သူတို့ အစောကြီးကတည်းက အလုပ်ရှာမယ်ဆိုပြီး ထွက်သွားကြပြီ။ ငါက မင်းကိုစောင့်နေတာ။ မြန်မြန်စား။ ပြီးရင်...ငါတို့လည်း သွားကြရအောင်"

"ဘာလဲ...။ အလုပ်လုပ်ဖို့လား"

"အေးပေါ့"

သူတို့ စကားဆက်မပြောကြတော့ဘဲ တိတ်ဆိတ်စွာဖြင့်ပင် ငါးကင်ကို စားကြသည်။ သိပ်ဆာလောင်လွန်းခြင်းမရှိဘဲ စားရသောကြောင့် ဝတ်ကျေတန်းကျေ ဆန်လွန်းလှသည်။

ငါးနှစ်ကောင်မျှ ကုန်သွားပြီးသောအခါ ရှေမြင်းက...

"ငါတို့က ဘာအလုပ်လုပ်ရမှာလဲ ငှက်ခါး"

"မသိဘူးလေကွာ...ကြုံရာပေါ့။ ငါးဒိုင်တစ်ခုခုမှာ ဝင်လုပ်ရင် ရမှာပါ။ ဒါမှမဟုတ်ရင်လည်း တောင်ပေါ်မှာ မီးသွေးဖုတ်တဲ့ စခန်းတစ်ခု ရှိတာပဲ။ အဲဒီမှာ အလုပ်သွားတောင်းကြည့်မယ်"

သူတို့မှာ ထပ်ပြောစရာမရှိတော့ဘဲ နှုတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ ရှေမြင်းက ယင်ကောင်ဘက်သို့ မေးငေါ့ပြရင်း...

"မနေ့ညက ငါ တစ်ညလုံး အိပ်မရဘူးကွ သိလား။ ဒီကောင်မ





လေး ပြောလိုက်တဲ့ မေးခွန်းတစ်ခုကို ထပ်တလဲလဲ စဉ်းစားနေမိတယ်။ အဖြေတော့ မရဘူး"

"ဘာမေးခွန်းလဲ"

"ပိုက်ဆံဆိုတာ ဘာလဲတဲ့။ မင်းကော...သိလား ငှက်ခါး"

ငှက်ခါးက စားလက်စ ငါးကင်ကို အဆုံးသတ်လိုက်ရင်း သူ့လက်ထဲမှ ပေကျံနေသည်ကို ဘောင်းဘီဖြင့် သုတ်လိုက်ပြီး....

"ပါးစပ်ပိတ်ထားတော့ ဟေ့ကောင်။ မေးခွန်းတွေ မေးမနေနဲ့။ ထ...အလုပ်သွားရှာမယ်"

ခပ်ငေါက်ငေါက်ပြောလိုက်သောကြောင့် မထချင်ထချင်ဖြင့် ထိုင်နေရာမှ လေးတွဲ့စွာ ထသည်။ မျက်လုံးတွေကလည်း သူ၏ ဆောက်လက်စလှေကို သံယောဇဉ် မကုန်စွာဖြင့် ငေးကြည့်နေ၏။ နောက်....

"ငါ အလုပ်ထွက်လုပ်နေရင် ငါ့လှေကို ဘယ်သူ ဆောက်ပေးမှာလဲကွာ"

ဟု ခပ်ညည်းညည်းညူညူ ပြော၏။

ငှက်ခါးက သူပြောသမျှကို မကြားချင်ယောင် ဆောင်နေလိုက်သည်။ ထို့နောက် မိန်းကလေးဘက်သို့လှည့်ကာ.....

"ဟဲ့...ယင်ကောင်။ အိမ်မှာကောင်းကောင်းနေခဲ့နော်။ လျှောက်မသွားနေနဲ့။ ကြားလား...။ ငါတို့ အလုပ်သွားလုပ်လိုက်ဦးမယ်"

"ဟင်....အလုပ်သွားလုပ်မယ်။ ဟုတ်လား...။ ဒါဆို ပြန်လာရင် စားစရာတွေ ဝယ်လာမှာပေါ့နော်။ ယင်ကောင်လည်း လိုက်မယ်"

ကောင်မလေးက မျှော်လင့်တကြီးဖြင့် ခွေ့ခနဲ ခုန်ထပြီး လိုက်ဖို့ပြင်သည်။

ငှက်ခါးက....

"ဟာ...ဘယ်ဖြစ်မလဲ။ မလိုက်ရဘူး။ နေခဲ့...နေခဲ့"

"ဟင်....ဘာဖြစ်လို့လဲ"

ကောင်မလေးက အလိုမကျသော ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းစူသွားပြီး မကျေမနပ်ဖြင့် ပြန်မေးသည်။ ငှက်ခါးက....

"ယင်ကောင်က အိမ်စောင့်ရမယ်လေ...။ လိမ္မာတယ်နော်။ နေခဲ့မှာ ဟုတ်ပြီလား"

"အင်း...ပြီးရော။ ဒါဆို နေခဲ့မယ်။ ပြန်လာရင်တော့ စားစရာတွေ အများကြီး ဝယ်လာခဲ့ရမယ်နော်။ ညနေကျရင် ဟောဒီဗိုက်က ပြန်ဆာလာဦးမှာ။ သိလား..."

ငှက်ခါးက လေးနက်စွာ တစ်ချက်ပြုံးလိုက်သည်။ ပြီးမှ....

"အေးပါကွာ...စိတ်ချပါ။ ညနေပြန်လာရင် စားစရာ ပါလာစေရမယ်"

"ကတိနော်...ကတိ"

ယင်ကောင်က မျက်လုံးပြူးကာ လက်သည်းကလေးတထောင်ထောင်ဖြင့် ကတိပေးဖို့ တောင်းဆိုနေ၏။ ငှက်ခါး၏ မျက်လုံးတွေ တည်သွားကြသည်။

ထို့နောက် ခေါင်းညိတ်ပြလိုက်သည်။

●

တောက်တဲ့က ငါးဒိုင်ရှေ့တွင် ယောင်ပေပေလုပ်ရင်း အကဲခတ်နေသည်။ အထဲတွင် သစ်သားစည်ပိုင်းကြီးများ၊ ရေဇလုံများ၊ ငါးချိန်သော ကတ္တားများ၊ ပွက်ပေါက်ကာ နံစော်နေသော ငါးညှီနံ့များဖြင့် ပြည့်နှက်နေ၏။

ယောကျ်ားလေးအလုပ်သမား သိပ်မတွေ့ရ။ အထမ်းသမား တစ်ယောက် နှစ်ယောက်လောက် အဝင်အထွက်ရှိသည်။ ငါးရွေးနေသူ၊ ချိန်တွယ်နေသူများအားလုံးသည် အမျိုးသမီး အလုပ်သမတွေချည်းသာ ဖြစ်ကြ၏။

ခဏကြာသောအခါ ငါးဒိုင်ပိုင်ရှင် ဒေါ်ချိုက ခန္ဓာကိုယ် ဝဝ ဗိုင့်ဗိုင့်ကြီးကို တအိအိသယ်ရင်း ပိုက်ဆံအိတ်ချိုင်းကြားညှပ်ကာ ထွက်လာသည်။





တောက်တဲ့က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဒေါ်ချို ရှေ့တွင် ဖျတ်ခနဲ ဝင်ရပ်လိုက်ပြီး...

"ဒေါ်ဒေါ်....ကျွန်တော့်ကို အလုပ်တစ်ခုလောက် ပေးစရာ မရှိဘူးလားဟင်"

"ဟဲ့....အလန့်တကြား။ နင်က ဘာဖြစ်လာရတာလဲ"

"ကျွန်တော် အလုပ်လိုချင်လို့ပါ ဒေါ်ဒေါ်ရယ်"

"အလိုတော်... ကြားသားမိုးကြိုး။ နင်လိုကောင်က အလုပ်လုပ်ချင်စိတ် ရှိသေးသတဲ့လား။ ဘုရား...ဘုရား။ ငါ့နားတွေတောင် မကောင်းတော့ဘူးနဲ့ တူတယ်။ အသက်ကြီးလာလို့ ထင်ပါရဲ့"

"မဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့။ တကယ်ပြောတာပါ။ ဘုရားစူးပါစေရဲ့။ ကျွန်တော် တကယ်အလုပ်လုပ်ချင်လို့ပါ။ ကျွန်တော့်ကို ဒေါ်ဒေါ့် ငါးဒိုင်မှာ အလုပ်ခန့်ပါဗျာနော်"

အခုမှ ဒေါ်ချို တကယ်မျက်လုံးပြူးရသည်။ တောက်တဲ့က အတည်ပြောနေခြင်းဖြစ်မှန်း ရိပ်စားမိလာသောကြောင့်ဖြစ်၏။

တောက်တဲ့ကို ဘယ်လိုအကြောင်းကြောင့်မှ အလုပ်ခန့်ချင်စရာ မရှိ။

သို့သော် ဒေါ်ချိုက ပြတ်ပြတ်သားသားလည်း မငြင်းရဲ။ ဒီလိုကောင်စားမျိုးတွေက မထင်ရင် မထင်သလို ငါ့ငါးဒိုင်ကို မီးရှို့ချင် ရှို့သွားမှာ။ ပြောလို့ရတာ မဟုတ်ဘူးဟု တွေးပြီး စိတ်ထဲက ကျိတ်ကာ ကြောက်ရွံ့နေလေသည်။ ထို့ကြောင့် စကားကို လိမ္မာသလိုလှည့်ပတ်ပြောမှ ဖြစ်တော့မည်ဟု တွေးကာ....

"ဟယ်...ခက်သားပဲ။ ငါ့ဆီမှာက မိန်းမအလုပ်သမတွေပဲ ခန့်တာ"

"ဘာဖြစ်လဲဗျာ....။ မိန်းမတွေလုပ်တဲ့ အလုပ်လောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လုပ်နိုင်တာပဲ။ ကျွန်တော့်ကို မိန်းမတစ်ယောက်လိုပဲ သဘောထားလိုက်ပေါ့"

တောက်တဲ့က အတင်းဇွတ်ပြောနေသဖြင့် ဒေါ်ချို က...

"မဖြစ်သေးပါဘူးဟယ်...။ အခု လူပြည့်နေပြီ။ နေရာလွတ် မရှိတော့ဘူး။ လက်ရှိအလုပ်သမားတွေထဲက ထွက်သွားတဲ့ လူရှိရင်ပဲ ဖြစ်ဖြစ်၊ ခွင့်ယူရင်ပဲဖြစ်ဖြစ် အဲဒီက လွတ်သွားတဲ့နေရာမှာ နင့်ကို ခန့်ပါမယ်။ ခုတော့...စောင့်လိုက်ပါဦး"

တောက်တဲ့က မကျေမနပ်တော့ ဖြစ်သွားသည်။ သို့သော် ဘာမှမတတ်နိုင်။

"ဒေါ်ဒေါ်...တကယ်ပြောတာနော်"

"အေးပါဟဲ့"

ဘယ်တတ်နိုင်မလဲလေ... ဟု တွေးကာ တောက်တဲ့ စိတ်ကို ဖြေလျှော့ဖို့ ကြိုးစားမိသည်။ သည်ပုံအတိုင်းဆိုလျှင် ဒေါ်ချို၏ အလုပ် သမားတစ်ယောက်ယောက် ဖျားနာပြီး သေဖို့(သို့မဟုတ်)ဆေးရုံတက်ဖို့ ထိုင်ဆုတောင်းနေရတော့မလို ဖြစ်နေသည်။

'အခြေအနေ'ဆိုတာ ဒါလားဟု တောက်တဲ့ မခံချိမခံသာဖြစ်စွာ စဉ်းစားနေမိ၏။

သူက 'အခြေအနေ'ဆိုသောအရာကို ခေါင်းငုံ့လက်ခံချင်သူ မဟုတ်။

•

"ဟေ့ကောင်...ငှက်ခါး၊ ငါ အရမ်းအိမ်သာတက်ချင်နေပြီကွာ"

ညည်းညည်းညူညူပြောလိုက်သော ရေမြင်း၏အသံက သနား စရာ ကောင်းလွန်းလှ၏။





"ကျွတ်.... နေစမ်းပါဦးကွာ။ ဒီမှာ အလုပ်မရလို့ စိတ်တိုနေရတဲ့ ကြားထဲ...။ မင်းက တစ်မနက်လုံး ဒါကိုချည်းပဲ ထပ်တလဲလဲ ပြောနေ တယ်"

ခါတိုင်း သည်လိုလေသံမျိုးဖြင့် ငှက်ခါးက ငေါက်လိုက်လျှင် ရေမြင်း ငြိမ်ကုတ်သွားလေ့ရှိသော်လည်း ဒီတစ်ခါတော့ မရ။

"ဟ...ဒါကိုချည်းပဲ ပြောမှာပေါ့ကွ။ ငါ အောင့်ထားရတာ ဘယ်လောက်ကြာပြီလဲ။ မနက်မိုးလင်းကတည်းကပဲ ဥစ္စာ...။ အခု ငါမခံနိုင်တော့ဘူး။ ဟော... ထွက်...ထွက်ကျတော့မယ်"

"ခဏလောက် အောင့်လိုက်ပါဦးကွ။ ငါတို့ ဒီတောင်ပေါ် တက်သွားရင် မီးသွေးဖုတ်တဲ့စခန်းကို ရောက်ပြီကွ။ အဲဒီမှာ အိမ်သာ ရှိမှာပါ။ အဲဒီရောက်တော့မှ မင်း စိတ်ရှိလက်ရှိ ဆော်ထည့်လိုက်ပေတော့။ ဟုတ်ပြီလား..."

ငှက်ခါးက ချော့ချော့မော့မော့ပြောရင်း တောင်ပေါ်သို့ စတက် သည်။ ရေမြင်းကလည်း ဘယ်လိုမှ နည်းလမ်းမမြင်တော့သည့်အဆုံး ညည်းတွားမြည်တွန်ရင်း တောင်ပေါ်တက်ရန် ပြင်၏။

တောင်ပေါ်တက်ရသည့်ခရီးက ပင်ပန်းလှသည်။ တကယ် ဆိုလျှင် ငှက်ခါးကိုယ်တိုင်လည်း တစ်လက်မမျှတောင်မှ ရွှေ့လျားချင်တော့ သည်မဟုတ်။ မောလှပြီ။

ငါးဒိုင်ရှိရှိသမျှ ရွာတိုင်းစေ့ လျှောက်ခဲ့ရသည့်ခရီးကပင် ကိုးမိုင် ဆယ်မိုင်ခန့် ရှည်လျားကွာဝေး၏။ သူတို့ အလုပ်တောင်းသည့် ငါးဒိုင် ပိုင်ရှင်တိုင်းကလည်း ငြင်းပယ်လိုက်ကြသည်။

ယခု သူတို့တက်နေသည့် တောင်ပေါ်တွင်ရှိသော မီးသွေးဖုတ် စခန်းမှာပါ အလုပ်မရတော့ဘူးဆိုလျှင် ဒီနေ့အတွက် မျှော်လင့်ချက် ကုန်ဆုံးပြီဖြစ်၏။ ထို့ကြောင့် ငှက်ခါးက အားတင်းပြီး သူ့ခြေထောက်များကို ဆွဲတင်နေရသည်။

"ဟေ့ကောင် ငှက်ခါး၊ ငါ... ငါ မရတော့ဘူးကွ။ တောင်တက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးမှာရှိတဲ့ ကြွက်သားတွေကို ဖျစ်ညှစ်ပြီး အားစိုက်ရတော့ ဗိုက်ထဲက ဟာတွေကိုပါ ညှစ်ညှစ်ချသလို ဖြစ်နေတယ်။ ငါ... ငါ ဒီနေရာမှာပဲ ကိစ္စပြီးလိုက်တော့မယ်ကွာ။ နော်...''

''နေပါဦးကွာ...။ မင်းက ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ ရှေ့ ခြေလှမ်းတစ်ရာလောက်ဆို ရောက်ပါပြီ။ အဲဒီမှာ အိမ်သာရှိပါတယ် ဆိုမှကွာ။ မင်းကိစ္စရှင်းနေတုန်း တို့လို့တန်းလန်းမှာ စခန်းက အလုပ်သမား တက်ယောက်ယောက်မြင်သွားရင် ဘာပြောမလဲ စဉ်းစားကြည့်လေ ။ ငါတို့ကို အလုပ်ပေးဖို့ နေနေသာသာ တောင်အောက်ကို တစ်ခါတည်း ကန်ချလိုက်မှာကွ''

''အင်း...အင်း။ ကျွတ်...ကျွတ်''

ရှေမြင်း၏ မျက်နှာက ဆိုးဆိုးရွားရွား ရှုံ့မဲ့တွန့်လိမ်နေပြီဖြစ်၏။ သို့သော် သူ့ခမျာ ငှက်ခါး၏စကားကို ယုံစားပြီး တောင်ပေါ်အထိ ဖျစ်ညှစ်အောင့်အည်းကာ တရွတ်တိုက် လိုက်ပါလာသည်။ သို့သော် ခြေလှမ်းတစ်ဖက် ရွှေ့လိုက်တိုင်း သူ့ပါးစပ်ဖျားမှ မနိုင်မနင်း ချုပ်တည်းထားရသည့် ညည်းညူသံက စိတ်မချမ်းမြေ့ဖွယ်ရာ မှန်မှန်ကြီး ပေါ်ထွက်နေဆဲဖြစ်၏။

တောင်ပေါ်သို့ ရောက်သောအခါတွင် မြင်လိုက်ရသည့် မြင်ကွင်းက သူတို့၏ မျှော်လင့်ချက်ကို ရင်ဆို့သွားစေ၏။ တိုင်ငုတ်တို တစ်ချို့နှင့် တဲပျက်ဟာစ်လုံးတစ်လေမှ လွဲ၍ ဘာမှ မရှိတော့။ မီးသွေးဖုတ်စခန်းသည် ထိုနေရာမှ ပြောင်းရွှေ့သွားခဲ့သည်မှာ လပေါင်းအတော်ကြာခဲ့ပြီ။

ငှက်ခါးက ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မီးသွေးဖုတ်သူတွေ ဘယ်ကို ပြောင်းရွှေ့သွားပါလိမ့်ဟု သူ အနည်းငယ် စဉ်းစားကြည့်နေမိ၏။ မည်သို့ပင်ဖြစ်စေ ဤကမ္ဘာမြေပြင်ပေါ်တွင် သူတို့လေးယောက်အတွက် 'အလုပ်' သည် တစ်နေရာရာမှာတော့ ရှိကို ရှိနေရလိမ့်မည်ဟု သူယုံကြည်သည်။

''ဟေ့ကောင် ငှက်ခါး။ အ... အား...ငါ... ထွက် ထွက်တော့မယ်





ကွ။ ဘ... ဘ... ဘယ်မှာလဲ အိမ်သာ။ ကျွတ်...ကျွတ်...အမလေး အခံရ ခက်လိုက်တာနော်''

ရှေမြင်း၏ ကုန်းကုန်းကွကွဖြစ်နေသော မချိမဆန့် သဏ္ဌာန်ကို ကြည့်ရင်း ငှက်ခါးက သွေးအေးစွာဖြင့်....

''စခန်းတစ်ခုလုံး ပြောင်းသွားပါပြီဆိုမှကွာ...။ ဘယ်သူ့ကို သွားမေးရမှာလဲ။ မင်းဘာသာမင်းပဲ လိုက်ရှာတော့''

''ခု...ခုမှ အား...ကျွတ်...လိုက်ရှာရမှာလား။ အု...ငါ... ငါ ဆက်ပြီး မအောင့်နိုင်တော့ဘူးကွ။ ဟော... ဟောဒီမှာ မြေကြီးပေါ်မှာပဲ ဆော်...ဆော်ထည့်လိုက်တော့မယ်ကွာ။ မတားနဲ့တော့။ အာ...အား''

''အေးပါ...မတားပါဘူး။ ဪ...ဒါပေမဲ့ ဟေ့ကောင် မင်းခြေထောက်အောက်မှာ ခုဖို့ အုတ်နီခဲနှစ်လုံးလောက် ရှာပါဦးလား။ ဒါမှ လွတ်မှာပေါ့''

ငှက်ခါး၏ သံတိပေးစကားက နောက်ကျသွားခဲ့ပြီဖြစ်၏။ 'ဗလွတ်' ကျယ်လောင်သော မြည်သံနှင့်အတူ (ရှေမြင်း၏ မတရားဖိနှိပ်ချုပ်ချယ်သည့် တံခါးပိတ်ဝါဒကျင့်သုံးခြင်းကို တလျှောက်လုံး ခံနေခဲ့ရသည့်)ပစ္စည်းအတုံးအခဲ ရောမကြီးသည် မြေပြောင်ပြောင်ပေါ်သို့ 'ဘုတ်'ခနဲ ရောက်ရှိလာပြီဖြစ်၏။

''ဟိုက်... သောက်ခွပဲ။ ငါ့ဖင်နဲ့ မလွတ်ဘူးဟ''

ပထမချေးတုံးကြီး၏ အရွယ်အစားက ဆောင့်ကြောင့်ထိုင်နေသော ရှေမြင်း၏တင်ပါးနှင့် မလွတ်။ ဒုတိယ အညစ်အပတ်တုံးကြီးကသာ ထပ်ဆင့်လိုက်ရလျှင် ရှေမြင်း၏ အောက်ပိုင်းတစ်ခုလုံး မစင်လူးကာ ပေပွသွားမှာ သေချာသည်။

''အား... အီး...ကျွတ်... ကျွတ်''

ဒုတိယကျည်ဆံကလည်း မောင်းပြုတ်ဘို့ တဲတဲကလေးသာ လိုတော့သောကြောင့် ရှေမြင်း၏နဖူးမှ ချွေးသီးချွေးပေါက်များ ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမြင်းက ဆောင့်ကြောင့်ထိုင်လျက်အနေအထားဖြင့်ပင် ခြေဖဝါး နှစ်ဘက်ကို အပြင်သို့ ခပ်ကားကားထားရင်း (ဘဲကလေးတစ်ကောင် လမ်းသွားသကဲ့သို့) တင်ပါးကို နောက်သို့ကော့လန်ကာ လိမ်ဖည်လိမ်ဖည် ယမ်းတမ်းယမ်းတမ်းနှင့် ရှေ့သို့ တိုးတိုးပြီး ရွေ့သွားသည်။

ထိုနေရာတွင် ရပ်တန့်ပြီး ဒုတိယ မစင်တုန်းကြီးကို ညှစ်ချ လိုက်ပြန်သည်။ ပြီးသည်နှင့် တစ်ပြိုင်နက် ဆောင့်ကြောင့်ထိုင်လျက်ပင် ခြေနှစ်ဖက်ကို အားပြုကာ ရှေ့သို့ တရွေ့ရွေ့တိုးရပြန်သည်။ နောက် တတိယမြောက်အတုံးကို မွေးဖွားသန့်စင်ရပြန်လေ၏။

ဤသို့ဖြင့် တစ်တုံးပါချလိုက် ရှေ့သို့ တရွေ့ရွေ့တိုးသွားလိုက်၊ နောက်တစ်တုံးထပ်ပါလိုက် နေရာထပ်ရွှေ့လိုက်နှင့် အမြောက်ဆံတုံးကြီး တွေ အစီအရီချထားသော ရှည်လျားသည့် အတန်းတစ်တန်းသည် ရေမြင်း ဒရွတ်တိုက်သွားရာလမ်းတစ်လျှောက် ပေါ်ပေါက်လာလေသည်။

ရေမြင်းသည် တအင်းအင်းတအဲအဲ ညည်းညူခြင်း၊ စိတ်ရှိ လက်ရှိ ညှစ်ချခြင်း၊ ခေတ္တခဏ ပြန်အောင့်ကာ ဘဲကလေးတစ်ကောင် ကဲ့သို့ ယက်ကန်ယက်ကန် ရှေ့တိုးရွေ့ခြင်းတည်းဟူသော အလုပ်သုံးမျိုး ကို တစ်လှည့်စီ မှန်မှန်ကြီး လုပ်ပေးခြင်းအားဖြင့် အတော်ဝေးဝေးရှိ ခြုံပုတ်များကြားသို့ တစ်စတစ်စ ရောက်ရှိသွားလေသည်။

ထိုနေရာသို့ ရောက်ခါစမှပင် မျှော်လင့်မထားခဲ့သော ပြဿနာ တစ်ခုက ဖြန်းခနဲ ပေါ်လာ၏။

''ညွှမ့်...ညွှမ့်''

''အောင်မလေး ငှက်ခါးရေ...လုပ်ပါဦးကွ။ ဒီမှာ...ကျွဲကြီး... ကျွဲကြီး''

ကြီးမားသော ဦးချိုကားကားနှင့် နက်မှောင်နေသည့် ကျွဲကြီး တစ်ကောင်သည် ခြုံပုတ်များနောက်မှ ဘွားခနဲ ပေါ်လာသည်။ ကျွဲပေါက် ကြီး၏ မျက်နှာအမူအယာမှာ သိပ်တော့ သဘောကောင်းလှပုံမရ။

ကားနေသော ဦးချိုဝိုင်းဝိုင်းကြီးများကို ဘယ်ညာ ယမ်းခါပြီး





နှာခေါင်းက ရှုံ့ပွရှုံ့ပွနှင့် ရေမြင်း၏မျက်နှာနားသို့ တိုးကပ်လာသည်။

''ငှက်ခါးရေ...လုပ်ပါဦး။ ကျွဲ...ကျွဲ''

ရေမြင်းတစ်ယောက် အသည်းယားနေလျက်ကပင် လှမ်းလည်း အော်ပြော၊ မစင်လည်းစွန့်၊ ရှေ့ကိုလည်းရွှေ့ လုပ်ရပြန်သည်။

''ငှက်ခါးရေ...ကျွဲက စိုက်ကြည့်နေပြီ။ ငါ့ကို ခတ်တော့မယ် ထင်တယ်။ အ... အီး အင်း''

''အေး... အေး။ ဘာမှစိတ်မပူနဲ့ ရေမြင်း။ မင်းကို ငါ ကြည့် ပေးနေပါတယ်ကွ။ လုပ်...လုပ်...ငါကြည့်ပေးနေတယ်''

ငှက်ခါးက လှမ်းအော်ပြောပြီး အားပေးသည်။ သို့သော် အားသာ ပေးရသည်၊ ငှက်ခါးကိုယ်တိုင်လည်း ဦးချိုဝိုင်းဝိုင်းကားကားကြီး ယမ်းခါပြီး ရေမြင်းအနီးသို့ ကပ်သွားသည့် ကျွဲပေါက်ကြီးကို ကြည့်ရင်း အသည်း တယားယား ဖြစ်နေ၏။

အဲဒီ ရောမချိုကြီးတွေနဲ့သာ ထိုးခတ်လိုက်လို့ကတော့ ဗိုက်ထဲက အူတွေ ပွင့်ထွက်သွားမှာပဲဟု ငှက်ခါး တွေးနေမိသည်။

''ငှက်ခါးရေ...လုပ်ပါဦးကွ။ ကျွဲကြီး ငါ့ကို အနံ့ခံနေပြီ။ အီး... ဟီး...ဟီး''

''အေးပါ...စိတ်မပူပါနဲ့။ မင်းကို ငါ ကြည့်ပေးနေပါတယ်''

တကယ်ဆိုလျှင် ကြည့်ရုံကြည့်ပေးနေသည်က လွဲပြီး ဘာများ ကော တတ်နိုင်ဦးမှာလဲဟု ငှက်ခါးက သွေးအေးအေးဖြင့် တွေးနေ၏။ အမှန်တကယ်လည်း အခုအချိန်တွင် ကျွဲက ရေမြင်းကို ခတ်လိုက်လျှင် သူ ဘာမှ တတ်နိုင်မည်မဟုတ်ပါ။

ကျွဲက (သူ့ဗိုက်နက်ထဲသို့ သူ တစ်ခါမှမမြင်ဖူးသော ကိုရှိ ကားယား ရွှေလျားမှုတစ်မျိုးဖြင့် အဆန်းတကြယ် ဝင်ရောက်လာသူကို) ဘယ်လိုသတ္တဝါပါလိမ့်ဟူသည့် စူးစမ်းမှုပြုလုပ်ရန် နှာခေါင်း ရှုံ့ချည် ရှုံ့ချည်လုပ်ရင်း ရေမြင်း၏ ပုခုံးစွန်းကို တို့ထိ တွန်းထိုးလာသည်။

ရေမြင်းမှာ သူ့ကိစ္စကလည်း မပြီးပြတ်သေး၊ ကြောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်လျက်ကပင် ''သြော်...ရာဇဝင်မှာ ဘုန်းတန်ခိုးကြီးမားလှတဲ့ အနော်ရထာမင်းကြီးတောင်မှ ကျွဲခတ်လို့ နတ်ရွာစံရသေးတာပဲ၊ ငါလည်း ဒီလိုပေါ့''ဟု တွေးရင်း စိတ်ကို ဖြေသိမ့်ဖို့ ကြိုးစားရှာ၏။

သို့သော် ကျွဲက မြေမြင်းထဲမှာ တစ်စုံတစ်ရာ ဆိုးရွားသော အနံ့အသက်ကို ရလိုက်ဟန်ဖြင့် စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပြီး....

'ရှူး'ခနဲ နှာမှုတ်လိုက်ရာ....

''ကယ်တော်မူကြပါဦးဗျို့''

ငယ်သံပါအောင် ကုန်းအော်ပြီး မြေမြင်းတစ်ယောက် သုတ်ခနဲ ထကာ ခြေဦးတည့်ရာ ပြေးတော့သည်။ သူ့ဘောင်းဘီကိုပင် မကောက်ယူနိုင်အား။ သွေးရူးသွေးတမ်း။

ငှက်ခါးက မြေမြင်း ကျွတ်ကျကျန်ရစ်ခဲ့သော ဂျင်းဘောင်းဘီကို တယုတယ ကောက်ယူလိုက်သည်။

ဂျင်းဘောင်းဘီမှာ ဟောင်းနွမ်းညစ်ပတ်ပြီး အောက်ခြေအနားစများ ဖွာလန်ကြဲနေသည်က လွဲ၍ အတော်အသင့်သုံး၍ ရသေးသည်။

''အင်း...ဒီဘောင်းဘီကို ရွာထဲက အပေါင်ဆိုင်မှာ သွားရောင်းလိုက်ရင်တော့ ဒီညနေ စားစရာဖိုး ပြေလည်သွားမှာပဲ''

ဟု သူတွေးလိုက်၏။

မည်သို့ပင်ဖြစ်စေ၊ သူသည် မနက်တုန်းက ယင်ကောင်ကို ပေးခဲ့သောကတိကို တည်အောင်လုပ်နိုင်ပြီဖြစ်သည်။

■





## ၁၀

တောက်တဲ့က 'အခြေအနေ'ဆိုသောအရာကို ခေါင်းငုံ့လက်ခံချင်သူ မဟုတ်။

ယခု သူ့အတွက် အရေးတကြီး လိုအပ်နေသည်မှာ ဒေါ်ချို၏ ငါးဒိုင်တွင် အလုပ်သမားတစ်နေရာ လစ်လပ်ဖို့ ဖြစ်သည်။ အဲဒီအခြေအနေ ဘယ်တော့ရောက်လာမလဲဟု သူ ထိုင်စောင့်မနေနိုင်။

●

ရွာ၏ အစွန်ဘက် အကျဆုံးအပိုင်းဆီ တောက်တဲ့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ ထိုအပိုင်းတွင်နေထိုင်သူ အားလုံးနီးပါးမှာ ဒေါ်ချို၏ ငါးဒိုင်တွင် အလုပ်လုပ်နေကြသော အလုပ်သမားမိသားစုများ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကွေး တွန့်လိမ်ကာ ညစ်ပတ်နေသော အိမ်ကြိုအိမ်ကြား လမ်းကလေးအတိုင်း လျှောက်လာသည့်အခါ ဝါးခြမ်းကဲ့ကဲ့ဖြင့် ယက်ထားသည့် ယိုင်နဲ့နဲ့ ပါးလှပ်လှပ် ခြံစည်းရိုးကလေးများကို တွေ့ရသည်။ အုန်းပင်တွေ၊ ရွံ့လူးနေသည့် ဝက်သိုက်တွေကြားမှာ တဲဟုပင် ပြောရန် ခက်သည့် လေးတိုင်စင်သာသာ လူနေ အိမ်စုတ်စုတ်ကလေးများကိုလည်း တွေ့ရသည်။

နပ်ချေးတွဲလောင်းနှင့် မည်းတူးညစ်ပေနေသည့် ကလေးငယ်များသည် ဘောင်းဘီမပါ၊ အောက်ပိုင်းဗလာဖြင့် အုန်းပင်တွေကြား မြေကွက်လပ်မှာ ဆော့ကစားနေကြ၏။

''ယား....ကျွန်ကျောင်းကွ။ ချွင်ချွင်''

''ငါက ပိုးမင်းသားကွ။ ဒီမှာကြည့်...ယား''

''ခွပ်...ခွပ်...ဒုတ်''

ကလေးတွေက တရုတ်သိုင်းကားထဲမှ ဇာတ်လိုက်တွေလို သူတို့ကိုယ်သူတို့ နာမည်တပ်ကာ အုန်းလက်ခြောက်များ၊ ဝါးခြမ်းပြားများကို အသီးသီးကိုင်ပြီး ဓါးခုတ်တမ်း ကစားနေကြ၏။

တောက်တဲ့က ကလေးတွေ ကစားနေသည့်ဘေးမှာ ထိုင်ချလိုက်ပြီး စိတ်ရှည်လက်ရှည် စောင့်ကြည့်နေသည်၊ အချိန်က ညနေစောင်းလာပြီ။ ငါးဒိုင်မှ အလုပ်သမများ သူတို့အိမ်သို့ ပြန်လာကြတော့မည်။

ကလေးတွေက ကစား၍ အရှိန်ကောင်းနေဆဲ၊ တောက်တဲ့ကလည်း ပြုံးစေ့စေ့ဖြင့် ထိုင်ကြည့်နေဆဲ၊ လူကြီးတစ်ယောက်က ပွဲကြည့်ပရိတ်သတ်အဖြစ် အားပေးနေသည်ကို တွေ့ရသောကြောင့် ကလေးတွေက ပိုပြီး တက်တက်ကြွကြွ စိတ်ပါလက်ပါကစားရင်း အရှိန်မြင့်တက်လာသည်။

''ယား...ဒီမှာလာပြီ ရေခဲတောင် အတွင်းအားကွ''

''ရော့....မင်းကို ငါ အဆိပ်အပ်နဲ့ ပစ်လိုက်ပြီ''

''ကဲကွာ... ခွပ် ဒုတ်''





''မင်းကို လက်နက်ပုန်း မှန်သွားပြီလေ။ မင်း သေပေးရမှာလေကွာ''

''ဘာဆိုင်လို့လဲကွ။ ကျွန်ကျောင်းက လက်နက်ပုန်းနဲ့မှ မပစ်တာ''

ထိုစဉ် နောက်ကလေးတစ်ယောက်က....

''ငါက အိုးရန် ရသေ့ကြီးကွ''

ဟု အော်ကာပြေးလာပြီး ဝက်ချည်သည့် ကြိုးတစ်ချောင်းကို ဝှေ့ယမ်းကာ ကျန်ကလေးများကို လိုက်ရိုက်သည်။ ဝါးခြမ်းပြားဖြင့် ခုခံသူက ခုခံ၊ အုန်းလက်ဖြင့် ပြန်ရိုက်သူက ရိုက်ဖြင့် ဝရုန်းသုန်းကားဖြစ်သွားကြ၏။

ထိုသို့ ကစားပွဲ အရှိန်ကောင်းနေစဉ် တောက်တဲ့က....

''ကျွန်ကျောင်းက တော်တော်ညံ့တာပဲကွ။ ပိုးမင်းသားကိုတောင် မနိုင်ဘူး''

ဟု အသံခပ်ကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ကလေးများ၏ ကစားပွဲတစ်ခုလုံး တိခနဲ ရပ်သွားပြီး လှည့်ကြည့်ကြ၏။ ကလေးများ၏ မျက်လုံးအစုံတို့က စူးစမ်းမှုအပြည့်။

သူ့ကိုယ်သူ ကျွန်ကျောင်းအဖြစ် ကစားနေသည့် ကလေးက မခံချင်စွာဖြင့် တောက်တဲ့ကို ပြန်ပြောသည်။

''ဘာလို့ မနိုင်ရမှာလဲဗျ။ ကျွန်တော်က ဒီကောင့်ကို သနားလို့သာ နေတာ။ ကျွန်တော် တကယ်ချရင် ဒီကောင် ဖင်သနီလန်အောင် ထွက်ပြေးမှာ''

''ဟေ... ဟုတ်လား''

တောက်တဲ့၏ အံ့သြတကြီး ရေရွတ်လိုက်သည့် အာမေဋိတ်သံက ကလေးတစ်ယောက် ဘဝင်မြင့်သွားစေနိုင်လောက်အောင် အသက်ပါလှသည်။ ထို့ပြင် ပိုးမင်းသားလုပ်သည့် ကလေးဘက်သို့ လှည့်ပြီး ကြည့်လိုက်သည့်အကြည့်က အထင်သေးသည့်ဟန်အပြည့်။

ထိုချာတိတ်က တောက်တဲ့၏ အကြည့်ကြောင့် အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



မခံချင်ဖြစ်သွားပြီး....

"ဘာ.... ငါလားထွက်ပြေးမှာ။ ဟိုတစ်ခါ ရန်ဖြစ်တုန်းက မင်းနှာနုကို ငါ ပိတ်တီးလိုက်တာ မှတ်မိသေးလား။ မင်း မနိုင်တော့လို့ မင်းအမေကို ငိုပြီး သွားတိုင်တာလေ...။ ဦးလေး...ဦးလေး ဒီကောင်မှ စကြောက် သိလား။ ငိုလည်း ငိုတတ်တယ်"

တောက်တဲ့က ခေါင်းတညိတ်ညိတ်ဖြင့်...

"အေးကွ၊ ကျုန်ကျောင်းလုပ်ပြီး ငိုတယ်ဆိုရင်တော့ အလကားပဲ"

"အောင်မာ...ကျွန်တော်မငိုဘူး ဦးလေး။ ဟိုကောင်သာ စကြောက်...သိလား။ ဒါနဲ့များ သူ့ကိုယ်သူ ပိုးမင်းသားတဲ့"

"ဟုတ်လား....။ ဒါဆို ဒီကောင်က ဖွတ်ကြားပိုးမင်းသားပေါ့"

တောက်တဲ့က မသိမသာ အတို့အထောင် လုပ်ပေးသည်။ သို့ဖြင့်...

"လာလေ...ပိုးမင်းသားအကြောင်း သိသွားစေရမယ်။ ယား..."

"ဟောဒီမှာ ကျုန်ကျောင်းလာပြီကွ။ ရော့..."

ကလေးနှစ်ယောက် ဝါးခြမ်းပြားတစ်ယောက်တစ်ချောင်းကိုင်ပြီး တခွပ်ခွပ် ခုတ်ထစ်ကြတော့သည်။ ပါးစပ်ကလည်း တယိယိ၊ တယားယား အသံမျိုးစုံ အော်ဟစ်ကြသေး၏။

တောက်တဲ့ကတော့ ဘေးမှ ထိုင်ကြည့်ရင်း....

"ဟင်း....ကျုန်ကျောင်းကလည်းကွာ၊ ဒါးခုတ်တာ အားမပါလိုက်တာ၊ မိန်းမလျာကျနေတာပဲ။ ဟော...ဟော...ဟိုကောင် အီသွားပြီ တွေ့လား။ အေး....အဲဒီလို ခုတ်မှပေါ့။ ဟုတ်ပြီကွ။ ပိုးမင်းသားကမှ တကယ်ချတာ။ ဟာ...မိုက်တယ်ကွာ။ ကြည့်စမ်း...။ တကယ့်သိုင်းဆရာကြီး ကျနေတာပဲ၊ ဟိုကောင်တော့ ခံရတော့မယ် ထင်တယ်"

စသော စကားလုံးများကို တွင်တွင်ကြီးပြောရင်း တစ်ဘက်ကို တစ်လှည့်စီ မြှောက်ထိုးပင့်ကော် လုပ်ပေးနေရာ ကလေးနှစ်ယောက်သည် ကစားရင်း ကစားရင်း အားပါလာပြီး တကယ်ထသတ်ကုန်ကြတော့သည်။





လက်ထဲမှာ ဝါးခြမ်းပြားတွေ ဘယ်ရောက်ကုန်သည်မသိတော့။ ကလေးနှစ်ယောက်သည် ဖုတ်တွေ၊ သဲတွေထဲမှာ ပေလူးနေအောင် နပမ်းသတ်ရင်း တလှိမ့်ပြီးတလှိမ့် လိမ့်သွားကြ၏။ တစ်ယောက်ဆံပင်ကို တစ်ယောက် ဆောင့်ဆွဲကြ၏။ ကုန်းကိုက်ကြ၏။ အာခေါင်ကို ဆွဲကြ၏။ ဖဲ့ကြ၏။

ထိုအချိန်မှာပင် ငါးဒိုင်မှ အလုပ်သမတွေ အလုပ်သိမ်းပြီး ရွာထဲသို့ အုပ်စုလိုက် ပြန်ဝင်လာကြလေရာ...

"အမလေး...အမလေး လုပ်ကြပါဦး။ သားရေ...သား။ ကြည့်ပါဦး အရပ်ကတို့၊ ကျွန်မသားလေးကို ဟို....မိမဆုံးမ ဖမဆုံးမ ကလေးက မတရားလုပ်နေပါတယ်အေ့..."

ရန်ဖြစ်နေသော ကလေးတစ်ယောက်၏ မိခင်ဖြစ်သူက အူယားအားယား ပြေးထွက်လာပြီး သူ့သားကို ဆွဲဖယ်ကာ ကျုန်ကလေးတစ်ယောက်၏ ဦးခေါင်းကို 'ဒေါင်'ခနဲမြည်အောင် ခြေသွက်လက်သွက်ဖြင့် ခေါက်လိုက်၏။

ထိုစဉ် ကျုန်ကလေး၏ မိခင်ကလည်း ထဘီတိုတို ပြင်ဝတ်လိုက်ပြီး ပြေးထွက်လာကာ...

"ဟဲ့.... ဖေတစ်ရာ မောင်တစ်ကျိပ် မရဲ့၊ ပါးကျိုးသွားချင်လို့လား။ ငါ့သားကို မထိနဲ့။ နင်မွေးထားတဲ့ဟာကမှ မိမဆုံးမ ဖမဆုံးမဟဲ့"

"ဘယ်သူက ပါးကျိုးမှာလဲ။ သတ္တိရှိရင် လာလေ...ပန်းစုံမရဲ့။ ငါ့အကြောင်း ပြလိုက်ရသေးရဲ့။ ငါ့အကြောင်း ပြလိုက်ရသေးတာပေါ့"

"လာပြီဟေ့ လာပြီ။ ဟောသလို..."

"ဖြန်း"

"ကဲဟယ်...ကဲဟယ်"

ကလေးရန်ပွဲမှ အစပြုပြီး အမေလုပ်သည့် မိန်းမနှစ်ယောက်ပါ ထဘီမနိုင် ပုဝါမနိုင် နပမ်းဖက်လုံးကာ စိတ်ရှိလက်ရှိ သတ်ကုန်ကြတော့သည်။ ဆံပင်တွေ ဖိုယိုဖားယား ပြေကျကုန်သည်။ နားရွက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဆွဲသည်။ တုတ်တိုဖြင့် နှက်သည်။ နှစ်ယောက်စလုံး မထနိုင်လောက်အောင် ဖူးယောင်ကွဲပြဲသွားပြီးတော့မှ ရန်ပွဲ အဆုံးသတ်တော့သည်။ တောက်တဲ့ကား အစောကြီးကတည်းက လစ်သွားပြီ။

မရှိတော့....။

■





## ၁၁

ကြက်ဖကြီးက ကိုထင်အောင်ဇော်၏ရှေ့တွင် ကျုံ့ကျုံ့ကလေး တရိုတသေထိုင်နေ၏။ ကိုထင်အောင်ဇော်က ဆံပင်တိုနုံ့နုံ့ကလေးတွေ ငုတ်စိငုတ်စိ ထောင်နေသော ဦးခေါင်းကို လက်ဖြင့် အကြိမ်ကြိမ်ပွတ်သပ်ရင်း စဉ်းစားနေ၏။

သူစဉ်းစားနေသော ပြဿနာမှာ ကြက်ဖကြီးကို အလုပ်ပေးသင့် မပေးသင့်။

●

ကိုထင်အောင်ဇော်သည် လူပုသလောက် အလွန်ဉာဏ်နီဉာဏ်နက်များသော စီးပွားရေးသမားပိစိကွေးကလေးဖြစ်သည်။ ကမ္ဘာ့စီးပွားရေး၊ စတော့ရှယ်ယာဈေးကွက်၊ ရေနံပြဿနာနှင့် တတိယကမ္ဘာနိုင်ငံများ စားနပ်ရိက္ခာပြတ်လပ်မှု၊ အားလုံးကို ကရားရေလွှတ် တတွတ်တွတ်ပြောနိုင်စွမ်းရှိအောင်လည်း ကျကျနနလေ့လာထားသူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ယခုပင် တစ်ခုခုထလုပ်လိုက်လျှင် အမေရိကန်မှ ဆော့ဖ်ဝဲ သူဌေး ဘီလ်ဂိတ်ထက်ပင် ချမ်းသာသွားတော့မလိုလို လူတွေရှေ့မှာ ပြောလေ့ရှိ၏။ သူ့တွင် အလွန်တရာမှ ကြီးမားလှသော စီးပွားရေး စီမံကိန်းတစ်ခုရှိသည်ဟု အားလုံးက ယုံကြည်ထားကြသည်။

သို့သော် အခုအချိန်ထိတော့ ကိုထင်အောင်ဇော်တစ်ယောက် ဘာမှ လုပ်၍ အဆင်မပြေသေး။

ဟိုတစ်လောကတော့ ကမ္ဘာ့အဆင့်မီ သွားကြားထိုးတံများ ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် ထူထောင်မည်ဟု သတင်းလွှင့် လိုက်သေးသည်။ ထိုကုမ္ပဏီကြီးတွင် သူက M.D၊ သူ့မိန်းမ မသီတာက အထွေထွေမန်နေဂျာချုပ်၊ သူ့သားအကြီးကောင် ရှစ်တန်းကျောင်းသား နှင့် အငယ်ကောင် ငါးတန်းကျောင်းသားတို့ကို Purchasing မန်နေဂျာ များအဖြစ် ခပ်တည်တည်ဖြင့် ခန့်ထားပစ်လိုက်၏။

သွားကြားထိုးတံ ထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းဖြစ်သော 'ဝါး'ကို ဘယ်က ရမည်နည်း။ ရိုးမတောထဲတွင် လုပ်ကွက်ဖော်မှာလား သို့မဟုတ် ကန်ထရိုက်ဆွဲမှာလားဟု အားလုံးက ဝိုင်းမေးကြသည်။

မဟုတ်ပါ။ ကိုထင်အောင်ဇော်က ပြုံးပြုံးကလေးပင် ခေါင်းခါ၏။ ကမ္ဘာ့တစ်ဝှမ်း သစ်တောပြုန်းတီးမှု ပြဿနာပေါ်ပေါက်နေချိန်တွင် အဘယ်ကြောင့် ရိုးမတောထဲမှ ဝါးပင်များကို ခုတ်လှဲရမည်နည်း။ နောက်ပြီး အမှိုက်မှနေ၍ ရွှေဖြစ်စေသော နောက်ဆုံးပေါ် ခေတ်မီ Recycle နည်းပညာများကို စာအုပ်စာတမ်းပေါင်းများစွာတွင် လေ့လာဆည်းပူး တတ်မြောက်ထားသည်မှာ အနီ ထင်အောင်ဇော်တည်းဟူသော ပုဂ္ဂိုလ် ကြီးပင် မဟုတ်တုံလော။

ကိုထင်အောင်ဇော်က အရင်းအနှီး တစ်ပြားမှ မစိုက်ထုတ်ရဘဲ ကုန်ကြမ်းရနိုင်မည့်နည်းဗျူဟာကို ကျင့်သုံး၏။ သူ့သားနှစ်ယောက်ကို ပင်လယ်ထဲမှ မျောလာသော ဝါးလုံး ဝါးခြမ်း သေးသေးလတ်လတ် ပိစိကွေးမှန်သမျှ အကုန်ဆယ်ခိုင်းသည်။ သူများခြံကာထားသော ဝါးခြမ်း





ပြားများကို အလစ်တွင် ဖြုတ်ယူခိုင်းသည်။ အမှိုက်ပုံတွင် တွေ့ရသမျှ ဝါးတို ဝါးစ မှန်သမျှကို ကောက်ခိုင်းသည်။

ကုမ္ပဏီ၏ အထွေထွေမန်နေဂျာချုပ်ဖြစ်သော သူ့မိန်းမ မသီတာ က ခါးမတိုတစ်ချောင်းကိုင်ကာ သားနှစ်ယောက်ရှာလာပေးသမျှ ဝါးလုံး ဝါးခြမ်းတွေကို သွားကြားထိုးတံ အရွယ်သေးသေးကလေးတွေဖြစ်အောင် ခွဲရသည်။

နောက်ဆုံးတွင် သူ့သား အငယ်ကောင်က သူများအိမ်ခြံစည်းရိုးမှ ဝါးခြမ်းပြားတစ်ချောင်းကို တိတ်တဆိတ် နှုတ်ယူနေခိုက် ခွေးကိုက် ခံလိုက်ရသောကြောင့် သူတို့မိသားစုကုမ္ပဏီမှ သွားကြားထိုးတံ တစ်ချောင်း မှ မထွက်နိုင်ခင် ဆေးဖိုးသုံးထောင်ကျော် အရင်ထွက်သွား၏။

ဤသို့ဖြင့် ကိုထင်အောင်ဇော်၏ ကမ္ဘာ့အဆင့်မီ သွားကြားထိုးတံ ကုမ္ပဏီကြီး နိဂုံးချုပ်သွားခဲ့လေသည်။

•

သည်တစ်ခါတော့ ကိုထင်အောင်ဇော်၏ မဟာစီးပွားရေး စီမံကိန်းမှာ ဖိနပ်လုပ်ငန်းဖြစ်သည်။

အိမ်တွင်းဖြစ် သားရေဖိနပ်လုပ်ငန်းထောင်ရန် သူ့ယောက္ခမက ငွေရင်းထုတ်ပေးသည်နှင့် တစ်ပြိုင်နက် 'မန္တလေး သားရေဖိနပ် ဈေးကွက် ကို ရိုက်ချိုးပစ်မည်'ဟူသော ကြွေးကြော်သံကို အလံလွှင့်ထူကာ (နာမည် ကျော်ဖိနပ်များဖြစ်ကြသည့် ဆင်ခြောက်ကောင်၊ ဆင်ကိုးကောင်တို့ထက် သာအောင်) 'ဆင်တစ်ထောင်'ဟူသည့် တံဆိပ်ဖြင့် ကိုထင်အောင်ဇော် တစ်ယောက် ဖိနပ်များ ထုတ်လုပ်တော့သည်။ ဖိနပ်ဘူးဒီဖိုင်းမှာ ဆင်ရုပ် ပိစိကွေးကလေးတွေ အများကြီးပါ၏။ အကောင်တစ်ထောင် ပြည့်မပြည့် တော့ မပြောတတ်။

ထို့နောက် သူ့ဇနီးဖြစ်သူ မသီတာက ဖိနပ်စည်းများကို ရှာကြံ



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်အထိတက်ကာ ဈေးထဲရှိ ဆိုင်များတွင် လိုက်ဖြန့်သည်။ လက်ငင်းပေးဖို့ မလိုဘဲ ရောင်းပြီးမှ ငွေချေရသည့်စနစ်ဖြင့် ဖြန့်ချိသည့်တိုင်အောင် ဆိုင်ပေါ်တွင် ပစ္စည်းထားစရာ နေရာရှုပ်သောကြောင့် မည်သည့်ဆိုင်ရှင်ကမှ လိုလိုချင်ချင်မယူကြ။

ထို့ကြောင့် သူ့ဖိနပ် အရောင်းတွင်ကျယ်ရေး၊ နာမည်ကြီးရေးအတွက် ကိုထင်အောင်ဇော် သေနင်္ဂနည်းဗျူဟာ ရေးဆွဲနေခိုက်တွင် ကြက်ဖကြီးက ဆိုက်ဆိုက်မြိုက်မြိုက် အလုပ်လာတောင်းခြင်း ဖြစ်လေသည်။

ကိုထင်အောင်ဇော်က သူ့ဆံပင်ဖြူဖြူငုတ်စိများကို ပွတ်သပ်ရင်း ကြက်ဖကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"မင်း ငါ့ဆီမှာ အလုပ်လုပ်ချင်လို့ရှိရင် သစ္စာရှိဖို့၊ နှုတ်လုံဖို့တော့ လိုလိမ့်မယ်။ ဘယ့်နှယ်လဲ..."

"ဟုတ်ကဲ့။ စိတ်ချပါခင်ဗျာ"

လူတစ်ယောက်ကို အယုံသွင်းသည့်နေရာတွင် အလွန်ထူးချွန်သော ကြက်ဖကြီး၏ လေသံနှင့် အမူအယာက ရှိသေလေးစားမှုအပြည့်။

ကြက်ဖကြီးထိုင်နေပုံကပင်လျှင် ကြမ်းပြင်ပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေခြင်းမဟုတ်။ ဥပုသ်သီလယူနေသည့် မိန်းမပျိုလေး တစ်ယောက်လို ပုဆစ်တုတ်ကာ ကျိုးကျိုးကလေးထိုင်နေခြင်းဖြစ်၏။ မျက်လွှာကိုပါ ချထားသေးသည်။

ကိုထင်အောင်ဇော်၏ မေးခွန်းကို ဖြေရန် လိုအပ်သည့်အခါတွင်မှ မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ကာ မဝံ့မရဲလှမ်းကြည့်ပြီး နှုတ်ခမ်းဖျားမှ လေသံထွက်သည်ဆိုရုံကလေး ဖြေ၏။

မည်သို့ပင်ဖြစ်စေ ကိုထင်အောင်ဇော်ကတော့ ကြက်ဖကြီးကို ကြွေသွားသည်။ ထို့ကြောင့်...

"ရော့....ဟောဒီမှာ"





ပိုက်ဆံနှစ်သောင်းကို သားရေကွင်းဖြင့် ထုတ်ထားသည့် အထုပ်အား ကြက်ဖကြီးရှေ့သို့ 'ဘုတ်'ခနဲ ပစ်ချပေးလိုက်၏။

ကြက်ဖကြီး လန့်ဖျပ်သွားပြီး မော့ကြည့်သည်။

ကိုထင်အောင်ဇော်က....

"အဲဒီမှာ ပိုက်ဆံနှစ်သောင်း။ တွေ့လား..."

"ဟုတ်ကဲ့..."

"အေ...အဲဒီပိုက်ဆံနဲ့ ဘာလုပ်ရမလဲဆိုတာ ငါပြောပြမယ်၊ သေသေချာချာ နားထောင်။ တစ်ချက်ကလေးမှ လွဲလို့ မဖြစ်ဘူးနော်"

ကိုထင်အောင်ဇော် ညွှန်ကြားချက်ပေးနေပုံက သေရေးရှင်ရေးစစ်ပွဲကြီးတစ်ပွဲကို ကြီးကြပ်ကွပ်ကဲနေရပုံမျိုး။ ကြက်ဖကြီးကတော့ ခေါင်းငုံ့မျက်လွှာချလျက်(ကြက်ဖကြီး၏စိတ်က ဘယ်ဆီဘယ်ဝယ် လွင့်မျောနေမည်ကိုတော့ မည်သူမှ သိနိုင်လိမ့်မည် မဟုတ်ပေ) တရိုတသေ နားထောင်နေ၏။

ကိုထင်အောင်ဇော်က....

"ဒီပိုက်ဆံနှစ်သောင်းကို ယူပြီးတော့ ရွာထိပ်က ထွက်မယ့် ထော်လာဂျီနဲ့ဖြစ်ဖြစ်၊ ဘတ်စကားနဲ့ဖြစ်ဖြစ် မြို့ကိုလိုက်သွား။ ဟိုရောက်ရင် ဈေးထဲကိုဝင်။ ဖိနပ်ရောင်းတဲ့ ဆိုင်တွေကို တွေ့လိမ့်မယ်"

"ကျွန်တော်က ဖိနပ်ရောင်းတဲ့ လူတွေကို ချောင်းရိုက်ပေးရမှာလား"

"ဟာ...မဟုတ်ဘူးကွ"

"ဪ...သိပြီ။ ဈေးထဲလာတဲ့ လူတွေရဲ့ ဖိနပ်ကို ခိုးပေးရမယ် ဆိုပါတော့"

ကိုထင်အောင်ဇော် စိတ်ညစ်သွားသည်။

"နေစမ်းပါဦးကွာ...။ ငါပြောတာ သေချာနားထောင်ပါဦး။ မင်းက ဆိုင်ဝင် တစ်ဆိုင်ထွက် ဖိနပ်လိုက်ဝယ်ရမယ်"

"ဗျာ...။ ကျွန်တော်က ဖိနပ်လိုက်ဝယ်ရမယ်။ ဟုတ်လား..."

"အေး...ဟုတ်တယ်၊ ဆိုင်တွေမှာ မင်းက 'ဆင်တစ်ထောင်တံဆိပ် ဖိနပ်ရှိလား'လို့ လိုက်မေး။ ရှိတယ်ဆိုရင် ဝယ်ပြီးတော့ 'ဒီဖိနပ်ဟာ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲ'ဆိုတဲ့အကြောင်း၊ 'ကျွန်တော် အမြီးနေကျ' ဘာညာနဲ့ ရေရေလည်လည် အမွှန်းတင်ရမယ်။ သဘောပေါက်လား။ အနီးအနားက လူတွေပါ ကြားအောင် အသံခပ်ကျယ်ကျယ်လည်း ပြောဦးနော်''

''ဟုတ်ကဲ့''

''အေး...။ တကယ်လို့ မင်းဝင်မေးတဲ့ ဆိုင်က 'မရှိဘူး'လို့ ဖြေရင်လည်း ဒီအတိုင်း ပြန်လှည့်မထွက်လာခဲ့နဲ့''

''ဟုတ်ကဲ့...။ ထမင်းတစ်နပ်လောက်ဖြစ်ဖြစ် မျက်နှာပြောင်ပြောင်နဲ့ ကပ်စားခဲ့ပါ့မယ်။ ရသမျှ အမြတ်ပဲလို့ သဘောထားရမှာပေါ့''

''ဟာ...သောက်တလွဲကွာ။ မင်းလုပ်ရမှာက အဲဒီဆိုင်ရှင်ကို 'ဘာဖြစ်လို့ ဒီလောက်နာမည်ကြီးတဲ့ ဆင်တံဆိပ်ကို မတင်တာလဲ' ဘာညာပြောပြီး အပြစ်တင်ရမယ်။ 'ရန်ကုန်တို့၊ မန္တလေးတို့မှာဆိုရင် ဆင်တစ်ထောင်ဖိနပ်ကို စီးမှ လူရာဝင်တာ။ အဲဒီဖိနပ်ကို ဆိုင်တိုင်းတင်ကြတယ်။ ဆင်တစ်ထောင်တံဆိပ်ဖိနပ် မရောင်းတဲ့ဆိုင်ဆို တစ်ခါတည်း အရင်းပြုတ်တော့တာပဲ' လို့ ခြောက်လှန့်ပြောပြီး ကြော်ငြာပေးရမယ်။ နားလည်ပြီလား''

''ဟင်..ဒါဆို ဒီပိုက်ဆံနှစ်သောင်းက ကျွန်တော့်အတွက် မဟုတ်ဘူးပေါ့''

ကြက်ဖကြီး၏ စိတ်ဝင်စားမှုအာရုံက လောလောဆယ် သူ့ရှေ့တွင် ရှိသော ပိုက်ဆံနှစ်သောင်းကိုသာ ဖြစ်၏။ ကျန်တာတွေ ဘာပဲပြောပြော သူ့နားရွက်ထဲ မဝင်ပါချေ။

ကိုထင်အောင်ဇော်က...

''ဘယ်က ဟုတ်ရမှာလဲ...။ ဒီနှစ်သောင်းက ဖိနပ်ဝယ်ဖို့ကွ။ မင်းအတွက် နေ့စားသဘောနဲ့ တစ်ရက်ကို တစ်ရာ့ငါးဆယ်ပေးမယ်။ လမ်းစရိတ်ကို မင်းဘာသာ မင်းရှင်း။ မကျေနပ်ရင် မြို့ပေါ်အထိ ကုန်းကြောင်းလျှောက်ပေတော့။ ဒါပဲ...''

ကြက်ဖကြီးက တည့်ည့်ညည်းတညူညူဖြင့်ပင် ခေါင်းညိတ်





လိုက်သည်။

သူ့ဦးနှောက်ထဲတွင် နောက်ဆုံးကျန်ခဲ့သော အချက်အလက်မှာ 'ငွေနှစ်သောင်းသည် ဖိနပ်ဝယ်ရန်ဖြစ်သည်'ဟူသော ကိစ္စဖြစ်၏။ ကျန်တာ သူ့ခေါင်းထဲမှာ ဘာမှမရှိတော့။

တကယ်တမ်းပြောရလျှင် 'ကိုထင်အောင်ဇော်တစ်ယောက် ဘာဖြစ်လို့ ကိုယ်ရောင်းတဲ့ဖိနပ်ကို ကိုယ်ပြန်ဝယ်နေသလဲ'ဆိုသည့် အချက်ကို ကြက်ဖကြီး သိပ်သဘောမပေါက်။

စောစောက သူ့ကို ရှင်းပြနေတုန်းကလည်း သိပ်စိတ်မဝင်စားလိုက်မိ။

ဤသည်ကပင် ကိုထင်အောင်ဇော်အတွက် ကံဆိုးစေခြင်း ဖြစ်လေသည်။

●

ဈေးထဲရှိ ဖိနပ်ဆိုင်တစ်ဆိုင်ရှေ့တွင် ကြက်ဖကြီး ယောင်တိယောင်နဖြင့် ရပ်နေသည်။ ခေါင်းကုတ်လိုက် ဖင်ကုတ်လိုက်ဖြင့် အူကြောင်ကြောင်ဖြစ်နေသော သူ့ကို ဆိုင်ရှင်က...

''ဘာလိုချင်လို့လဲ''

ဟု လှမ်းမေး၏။ ကြက်ဖကြီးက...

''ဟိုလေ...ဟိုဒင်းဗျာ...။ ဖိနပ်...ဝယ်မလို့''

''ဘာတံဆိပ် ယူမှာလဲ''

''ဆင်တွေအများကြီးနဲ့ဟာ...။ ဟိုဒင်း...ဆင်က တော်တော်များဘယ်ဗျ''

ဆိုင်ရှင်က ခေတ္တမျှ စဉ်းစားလိုက်ပြီး....

''သြော်..ဆင်တစ်ထောင်တံဆိပ်လား''

''အင်း...ဟုတ်တယ်...ဟုတ်တယ်။ အဲဒီဟာ...''



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က ချောင်ကြိုချောင်ကြားမှ ဆင်တစ်ထောင်ဖိနပ်ဘူး သုံးလေးဘူး ဆွဲထုတ်လာပြီး ကြက်ဖကြီးရှေ့သို့ ချပေးလိုက်သည်။ ကြက်ဖကြီးက ခပ်တည်တည်ဖြင့် ဖိနပ်တစ်ရံ ရွေးထုတ်လိုက်ပြီး...

"ဒါ...ဘယ်လောက်လဲ"

ဟု ဈေးမေးလိုက်သည်။ ဆိုင်ရှင်က....

"တစ်ထောင့်ခြောက်ရာ"

ကြက်ဖကြီး နည်းနည်းတော့ စဉ်းစားသည်။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်ဝယ်မည်ဆိုလျှင် နှစ်သောင်းဖိုးပြည့်အောင် တော်တော်ဝယ်ရဦးမည်။ တစ်ဆိုင်မှာ ဖိနပ်နှစ်ရံနှုန်းလောက် ဝယ်သွားလျှင် ကောင်းမည်လား။

သူ တွေဝေနေသည်ကိုကြည့်ပြီး ဆိုင်ရှင်က တစ်မျိုးထင်သွားပုံ ရသည်။

"ဘာလဲ...ဈေးများလို့လား။ ဒါဆို 'လင်းနို့'တံဆိပ် ဖိနပ်တစ်မျိုး ရှိသေးတယ်။ ဝယ်စီးကြည့်ပါလား။ တစ်ထောင့်နှစ်ရာပဲ ရှိတယ်"

"တစ်ထောင့်နှစ်ရာ...ဟုတ်လား။ ဒါဆို လေးရာတောင် သက်သာတာပေါ့"

"ဟုတ်တယ်...။ ဒီမှာ ကြည့်ပါဦး။ ခိုင်လည်း တော်တော်ခိုင်တယ်"

ဆိုင်ရှင်က ဖိနပ်တံဆိပ်အသစ်တစ်မျိုးကို ထုတ်ပြသည်။ ကြက်ဖကြီး သဘောကျသွား၏။ ခိုင်ခြင်း မခိုင်ခြင်းကိစ္စကို သူ စိတ်မဝင်စားလှပါ။

သူစိတ်ဝင်စားသည်က ဖိနပ်တစ်ရံလျှင် အသားတင် လေးရာ ကျော် ပိုထွက်လာမည့်ကိစ္စပင်ဖြစ်၏။ သူ့အလုပ်ရှင် ပိုင်ဆိုင်သောပိုက်ဆံ ကို မကုန်သင့်တာ မကုန်ရအောင် စေ့စပ်ချွေတာပေးခြင်းသည် သစ္စာရှိ သော အလုပ်သမားကောင်းတစ်ယောက်၏ ဝတ္တရားဖြစ်သည်ဟု သူ ဘာသာသူ ယူဆပစ်လိုက်၏။

"ဒါဆို...လင်းနို့တံဆိပ်ဖိနပ် နှစ်ရံပေးဗျာ"





သူ ဒီလို အလိုက်တသိ ချွေချွေတာတာ သုံးစွဲခဲ့ပုံကို အလုပ်ရှင် ဖြစ်သူ ကိုထင်အောင်ဇော် ပြန်သိရသည့်အခါ သူ့ကို ကျေးဇူးတင် ဝမ်းမြောက်၍မဆုံးနိုင်အောင် ရှိပေလိမ့်မည်ဟု ယုံကြည်မိ၏။

သူ ဝယ်ယူသော ဖိနပ်ကို ချီးမွမ်းခန်းဖွင့်ရန် မှာကြားလိုက်သည့် ကိုထင်အောင်ဇော်၏ ဩဝါဒကိုလည်း မမေ့လျော့ပါချေ။

ဈေးထဲတွင် ရှိရှိသမျှ ဖိနပ်ဆိုင်တိုင်းကို ဝင်ကာ....

"လင်းနို့တံဆိပ်ဖိနပ် နှစ်ရံပေးပါ"

ဟု ဝယ်သည်။ ဆိုင်ရှင်က တအံ့တဩဖြင့်...

"ဘာလဲ...။ ခင်ဗျားတစ်ယောက်တည်း ဖိနပ်နှစ်ရံ စီးမလို့လား"

"ဒါပေါ့ဗျ။ အဲဒီတံဆိပ်ကို ကျုပ်က အရမ်းကြိုက်တာကိုး...။ တစ်ခါစီးရင် အနည်းဆုံး နှစ်ရံပဲ။ ကမ္ဘာမှာ ဒီဖိနပ်ကို မစီးရင် လူရာ မဝင်ဘူးဆိုတာ ခင်ဗျား နည်းနည်းမှ မကြားမိဘူးလားဟင်။

အမေရိကန်သမ္မတ ဂျော့ဘုရှ်တို့၊ ဗြိတိန်က တိုနီဘလဲကို့ဆိုရင် လင်းနို့တံဆိပ်ဖိနပ်ပဲ စီးတယ်။ ကျုပ် ဆွေမျိုးထဲမှာ လင်းနို့တံဆိပ် ဖိနပ် မစီးတဲ့ကောင်များတွေ့ရင် ကျုပ်တော့ ပါးချည်းပဲ နင်းရိုက်ပစ် လိုက်တာပဲ"

•

ရွာသို့ ပြန်ရောက်ပြီး ကိုထင်အောင်ဇော်ကို သူဝယ်ယူလာခဲ့သည့် လင်းနို့တံဆိပ်ဖိနပ်များ အစုလိုက် အပုံလိုက် ပြလိုက်သောအခါတွင်ကား အကြီးအကျယ် ပြဿနာတက်တော့သည်။

"ငါ့ဖိနပ်ကို ကြော်ငြာချင်လို့ ပိုက်ဆံအကုန်ခံပြီး မင်းကို ခိုင်းတာကွ။ ဘယ်မအေ့လင် ဖိနပ်ကို ဝယ်လာရတာလဲ သောက်ရူးရဲ့"

"ဟင်.. ဟုတ်လား။ မသိဘူးလေ..."

အလုပ်ရှင်၏ ဘတ်ဂျက်ငွေကို ချွေတာခဲ့သည့် စေတနာကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မထောက်ထားဘဲ ကိုထင်အောင်ဖော် ဒေါသတကြီးဖြင့် ကြက်ဖကြီးကို ချက်ချင်း အလုပ်ဖြုတ်ပစ်လိုက်၏။

''ဩော်....ငွေရှင်၊ ကြေးရှင်၊ ဓနရှင်လူတန်းစားကား ရက်စက်လှပေစွတကား''

ဟု ရေရွတ်ရင်း ကြက်ဖကြီးခမျာ သူ ရစရာရှိသော နေ့တွက် တစ်ရာ့ငါးဆယ်ကိုပင် မတောင်းရဲတော့ဘဲ ကုပ်ကုပ်ကလေး ပြန်လစ်လာရသည်။

သို့သော် အဲသည်နေ့အဘို့ ကြက်ဖကြီး အပြင်ထွက်ခြင်းသည် အလဟဿ မဖြစ်လှချေ။

ရွာထဲရှိ အပေါင်ဆိုင်ရှေ့မှာ ဖြတ်အသွား ဆိုင်တံခါး အပြင်ဘက်တွင် လှန်းထားသော ဂျင်းဘောင်းဘီအဟောင်းကို မြင်မြင်ချင်း သူ့သူငယ်ချင်း ရေမြင်း၏ ဘောင်းဘီမှန်း သူ ချက်ချင်းမှတ်မိလိုက်၏။

ငှက်ခါးက လာရောင်းသွားမှန်း သိမထားသောကြောင့် ငွေရှင်၊ ကြေးရှင်၊ ဓနရှင် လူတန်းစားကို စိတ်နာပြီး ပြန်လာသော ကြက်ဖကြီး၏ ရင်ထဲတွင် 'ငါ့ကို ထင်အောင်ဖော်က အနိုင်ကျင့်လိုက်သလိုမျိုး ရေမြင်းကိုလည်း အပေါင်ဆိုင်ပိုင်ရှင်က မတရား ခေါင်းပုံဖြတ်နှိပ်စက်လိုက်ခြင်းဖြင့် ဘောင်းဘီကိုပါမကျန် ချွတ်ယူလိုက်ချေပြီ'ဟု အတွေးပေါက်သွား၏။

မိတ်ဆွေသူငယ်ချင်း၏ အကျိုးစီးပွားကို ကာကွယ်ရာတွင် ဘယ်သောအခါကမှ နောက်မတွန့်ခဲ့သော ကြက်ဖကြီးသည် အပေါင်ဆိုင်ပိုင်ရှင် အလစ်တွင် ရေမြင်း၏ဘောင်းဘီကို အောင်မြင်စွာ ပြန်လည်သိမ်းပိုက်လာနိုင်ခဲ့၏။

■





၁၂

ဂျင်းဘောင်းဘီ ပြန်ရလာသည်ကို မြင်သောအခါ တစ်ညနေလုံး ဗျစ်တောက် ဗျစ်တောက် လုပ်နေသော ရေမြင်းတစ်ယောက် ပုံမှန်ပြန်ဖြစ်သွား၏။

ကြက်ဖကြီးက ငှက်ခါးဝယ်လာခဲ့သော ဆန်လုံးနီနီ ခပ်ညံ့ညံ့ဖြင့် ချက်ထားသည့် ထမင်းအကြွင်းအကျန် အနည်းငယ်ကို ငှက်ပျောအူဟင်းချိုဖြင့် သောက်ရင်း ထင်အောင်ဖော်ထံတွင် သူ အလုပ်မဖြစ်ခဲ့သည့်အကြောင်း ပြန်ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့ကတော့ တက်ကြွစွာဖြင့်ပင်...

''ငါကတော့ မနက်ဖြန်ကျရင် ဒေါ်ချို့ငါးဒိုင်မှာ အလုပ်ရပြီကွ''

ကျန်သူများက သူ့ကို မယုံသင်္ကာစွာဖြင့် ဝိုင်းကြည့်ရင်း....

''ဟုတ်လို့လားကွ''

''သေချာပါတယ်ကွ။ ဒေါ်ချိုက ပြောလိုက်တယ်။ သူ့ဆီက အလုပ်သမတွေ အလုပ်မဆင်းနိုင်ရင် ငါ့ကို ခန့်မယ်တဲ့။ အဲ...မနက်ဖြန် ဆိုရင် သူ့အလုပ်သမနှစ်ယောက် အလုပ်ဆင်းမှာ မဟုတ်ဘူး။ အဆင်ပြေ ရင် မင်းတို့အတွက်ပါ ငါပြောပေးမယ် သိလား''

အလုပ်သမနှစ်ဦး မနက်ဖြန် အလုပ်ဆင်းမှာ မဟုတ်သည့် အကြောင်း ဘယ်လိုလုပ်ပြီး ဒီနေ့ကတည်းက ကြိုတင်သိနေရသလဲ ဟူသည့် မေးခွန်းကို ကျန်သုံးယောက်က မမေးကြ၊ မေးစရာလည်းမလို။

တောက်တဲ့သည် အကွက်ဆင်ရာတွင် အလွန်တော်သော ငတိ ဖြစ်သည်။ သူဆင်ထားခဲ့ပြီးသော 'ဖန်တီးမှု'တစ်စုံတစ်ရာ ရှိမည်မှာ သေချာ၏။ မနက်ဖြန်ကျလျှင် တောက်တဲ့ အလုပ်ရပြီဟု စိတ်ချလက်ချ ယုံကြည်ထားလိုက်ဖို့သာ ရှိတော့သည်။

''မင်းတို့ အလုပ်ရှာတဲ့ကိစ္စမှာ ငါ့ကို ဘယ်တော့မှ ထည့်မစဉ်းစား နဲ့တော့။ သေတာတောင် မလိုက်ဘူးကွ။ မှတ်ထား''

ရေမြင်းက မကျေမနပ်ဖြင့် ပြောသည်။ သူ့ကို ကျွဲလိုက်ခတ်တော့ မလို ဖြစ်သည့်ကိစ္စ။ ငှက်ခါးက သူ့ဘောင်းဘီကို ကောက်ယူပြီး ရောင်းစား သည့်ကိစ္စတို့နှင့် ပတ်သက်ပြီး စိတ်ကောက်ကာ စူပွစူပွဖြစ်နေ၏။

''အေးပါ...။ မင်းကတော့ တစ်သက်လုံး မင်းလှေဆောက်တဲ့ ကိစ္စကလွဲပြီး ကျန်တာ ဘာမှ သုံးလို့ရမယ့်ကောင် မဟုတ်ပါဘူး''

ဟု ငှက်ခါးက ပြောလိုက်သည့်အခါ ရေမြင်းက....

''အသုံးမကျတာပဲ ကောင်းတယ်ကွ။ နို့မို့ဆိုရင် အသုံးချခံ နေရဦးမယ်''

''အေး...ဟုတ်တယ်ကွ၊ ကြည့်စမ်း...တောက်တဲ့ဆိုရင် မနက်ဖြန်





ကစပြီး သူများရဲ့ အသုံးချခံရတဲ့ကောင် ဖြစ်တော့မယ်။ ငါဆို ဒီနေ့ တည်းက တစ်ခါတည်း အလုပ်ပြုတ်သွားတော့ မနက်ဖြန် ဘာမှ လုပ်စရာ မရှိတော့ဘူး။ ဟော့ကောင်...တောက်တဲ့။ မင်းလည်း အသုံးချခံရတဲ့ ကောင် မဖြစ်ချင်ရင် မနက်ဖြန် အလုပ်သွားမလုပ်နဲ့ကွ''

ဟု ကြက်ဖကြီးက ဝင်ပြောသည်။ တစ်ချိန်လုံးငြိမ်၍ နားထောင် နေသော ယင်ကောင်က အလန့်တကြား မျက်လုံးကလေးပြူးပြီး...

''ဟင်း...မနက်ဖြန်အလုပ်မရှိကြရင် ဘယ့်နှယ်လုပ်ပြီး ထမင်းစား ရမှာလဲ။ ဒုက္ခပါပဲနော်...''

ဟု ညည်းတွားရင်း ကြမ်းပြင်ပေါ်တွင် ဆွေ့ဆွေ့ခုန်နေ၏။

ရေမြင်းက နှာခေါင်းကိုရှုံ့ရင်း....

''အဲဒါမျိုးတွေကြောင့် နင်ရူးတာပဲဖြစ်မယ် ယင်ကောင်။ တစ်နေ့ စာတစ်နေ့ပဲ ပူစမ်းပါဟာ...။ အဝေးကြီးကို လှမ်းလှမ်းပြီး မပူစမ်းပါနဲ့။ ဝေးဝေးကို လှမ်းပြီးပူလေလေ၊ မြန်မြန်ရူးဖို့ နီးစပ်လေလေပဲ...ဟဲ့၊ နားလည်လား...''

ယင်ကောင်က နှုတ်ခမ်းစူသွားပြီး....

''အောင်မယ်...သူများကိုများ အရူးတဲ့။ ကဲ....ကဲ အရူးလို့ ပြောချင်ဦး။ မှတ်ပြီလား''

''အောင်မလေး...အောင်မလေး။ ကြောက်ပါပြီဟာ...။ အေးပါ... အေးပါ။ နောက် မပြောတော့ပါဘူး''

ယင်ကောင်က သူမ ခေါင်းအုံးအိပ်သည့် ပုဆိုးစုတ်ဖြင့် တဖုံးဖုံး ထိုက်ရိုက်ရာ ရေမြင်းမှာ လှည့်ပတ်ပြေးရင်း ရယ်မောနေရသည်။

''မရယ်နဲ့။ ထပ်ရိုက်လိုက်မှာနော်။ ကြည့်ပါလား...မရယ်နဲ့လို့ ပြောနေတဲ့ ဥစ္စာ။ ဟင်း...ဘာမှတ်လဲ၊ တစ်အိမ်လုံးကို မီးရှို့ပစ်လိုက်မယ်''

ယင်ကောင်က ပြောမရသည့်အဆုံး စိတ်တိုတိုဖြင့် အနီးတွင် တွေ့ရသော မီးခြစ်တစ်လုံးကို ကောက်ယူပြီး လက်ထဲမှ ပုဆိုးစုတ်ကို မီးရှို့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုန်း'ခနဲ မယုံကြည်နိုင်လောက်အောင် လွယ်လင့်တကူ မီးစွဲသွားပြီး အပူရှိန်က သူမ၏လက်ကို လှမ်းဟပ်လိုက်ရာ..

''အမလေး''

ယင်ကောင်က လန့်ပြီး လက်ကို ခါယမ်းရင်း ပုဆိုးစကို ယောင်ယမ်း လွှင့်ပစ်လိုက်မိ၏။ ပုဆိုးစက ဒွေးနေသော ဝါးထရံ အနီးသို့ ကပ်ပြီး ကျသည်။

''ဟာ... မီးလောင်ပြီဟေ့''

''မီသေးတယ်...မီသေးတယ်။ မီးမစွဲခင် မြန်မြန်ငြိမ်း''

''ရေနဲ့ပက်လေကွာ...။ မြန်မြန်လုပ်''

''ဝုန်း''

မီးတောက်တွေကို ချုတ်ထားသည့် အကျီဖြင့် ပြေးရိုက် ပုတ်ငြိမ်းသတ်သူကငြိမ်း၊ ထရံကို ကန်ကျောက်ခွာချဘို့ အလန့်တကြား ကြိုးစားသူက ကြိုးစားဖြင့် ဝုန်းဒိုင်းကျဲသွား၏။

နောက်ဆုံး ငှက်ခါးက သောက်ရေအိုးထဲမှ ရေဖြင့် ပြေးလောင်းလိုက်မှ မီးငြိမ်းသွားသည်။

''ဟူး....တော်သေးတာပေါ့ကွာ။ ဝါးထရံတစ်ချပ်လုံး မီးစွဲမသွားလို့။ နို့မို့ဆိုရင် တစ်အိမ်လုံး ပြာအကျပဲ''

တောက်တဲ့က မီးအနည်းငယ်ကျွမ်းပြီး မဲခြစ်နေသည့် ထရံအောက်ခြေကို စမ်းကြည့်ရင်း ပြော၏။ ထိုစဉ် တရှုံ့ရှုံ့ငိုသံကြားသဖြင့် သူတို့အားလုံး လှည့်ကြည့်မိကြသည်။

အခန်းထောင့်တွင် တစ်ယောက်တည်း တိတ်တိတ်ကလေး ကျိတ်ငိုနေသော ယင်ကောင်။

သူတို့လေးယောက်စလုံး ယင်ကောင်ကိုကြည့်ပြီး ငြိမ်ဖြစ်ကြသည်။ ငှက်ခါးက ယင်ကောင့်ပုခုံးကို ပုတ်ပြီး ချော့မော့၏။

''ဟေ့...ဟေ့ မငိုနဲ့လေကွာ။ တိတ်ပါကွ''

''... ... ...''





''ဘာဖြစ်လို့လဲ...။ ကြောက်လို့လား။ မကြောက်ပါနဲ့ကွာ. ၊ မီးငြိမ်းသွားပါပြီ။ ဘာမှ မဖြစ်တော့ပါဘူး''

''... ... ...''

ယင်ကောင်က ဘာမှ ပြန်မပြော။ ခေါင်းကိုလည်း မမော့ဘဲ တရှုံ့ရှုံ့ ရှိုက်ကာရှိုက်ကာ ငိုနေဆဲ။ ငှက်ခါးက....

'ဘာလဲ...။ မင်းကို ဆူမှာစိုးလို့လား။ မဆူပါဘူးကွာ. ၊ ငိုမနေပါနဲ့တော့။ ဟော... နှပ်ချေးတွေတောင် ထွက်လာပြီ။ ဟား...ဟား.. သြော်...ခုမှ သတိရတယ်။ ရော့...ဟောဒီမှာ ညနေတုန်းက မင်းအတွက် ဝယ်လာတာ။ ကဲ...ကြည့်လိုက်ပါဦး။ တွေ့လား...''

ငှက်ခါးက ဈေးထဲမှဝယ်လာသော အပေါ်စား ကြည့်မှန်ဝိုင်းလေးတစ်ချပ်ကို ထုတ်ပေးလိုက်သည်။

ယင်ကောင်က မှန်ထဲသို့ ကြည့်လိုက်ရာ မျက်ရည်များနှင့် နှာရည်တို့ ယိုစီး ညစ်ပေနေသည့် သူမ၏မျက်နှာကို တွေ့ရပြီး ရှက်ရယ် ရယ်လိုက်၏။

ငှက်ခါးက အငိုတိတ်သွားပြီဖြစ်သော သူမ၏လက်ထဲသို့ မှန်ကို ထည့်ပေးခဲ့ပြီး တဲအောက်သို့ ဆင်းလာခဲ့တော့သည်။

●

တဲအိမ်မှ ခြေလှမ်းငါးဆယ်ခန့်သာ ကွာဝေးသော ရေမြင်းချောင်းလေး လေပုကျင်းရှိရာဆီ လာသည့်လမ်းတွင် ကျန်သုံးယောက်က ငှက်ခါးကို ဝိုင်း၍ အပြစ်တင်ကြသည်။

''မင်းကွာ...မိုက်ပါဘိ။ ပိုက်ဆံမရှိရတဲ့ကြားထဲ...နှမြောစရာကြီးကွာ။ အရူးမ ကြည့်ဖို့ မှန်ဝယ်ပေးရတယ်လို့၊ သက်သက် ပိုက်ဆံဖြုန်းတာပဲ''

ထိုစကားကို နားထောင်ပြီး ငှက်ခါးက ခေါင်းကို ဖြည်းညင်း

www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ ခါယမ်း၏။ ထိုနောက် လှိုင်းပုတ်သံတဝုန်းဝုန်းမှလွဲ၍ ဘာမှ မမြင်ရသော အမှောင်ထုထဲသို့ သူစိုက်ကြည့်နေသည်။

သူ့မှာ အစီပွါယ်တစ်ခုခုတော့ ရှိပေလိမ့်မည်။

... ... ... ... ... ...

ကျန်သုံးယောက်က သူ စကားပြောလာမည့်အချိန်ကို စိတ်ရှည်စွာ စောင့်နေကြ၏။

အတော်ကြာသွားမှ ငှက်ခါးက တီးတိုးပြောသည်။

"မိန်းမတစ်ယောက် တကယ်ရှူးသလား၊ မရှူးသလားဆိုတာကို သူ မှန်ကြည့်တဲ့အခါ ဘယ်လိုကြည့်သလဲဆိုတဲ့ အချက်တစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ ရတယ်"

■





# ၁၃

နံ့နက်ခင်းသည် ပင်လယ်ကမ်းစပ်ရှိ လှိုင်းလုံးများလိုပင် ငွေအိုရောင်သန်းနေ၏။ ဖြူဆွတ်မှုန်ရီသော ငွေအိုရောင်ဖြစ်သည်။ ကြည်လင်နေလျက်နှင့်ပင် ဘာကိုမှ ပြတ်ပြတ်သားသားမမြင်ရသောကြောင့် အနာဂတ်တစ်ခုနှင့်တူလွန်းသော အရောင်လည်းဖြစ်သည်။

ယင်ကောင်တစ်ကောင်တည်း တဲပေါ်မှ ဆင်းလာသောအခါ နံနက်ခင်းကြောင့် မျက်စိတွေ ခဏမျှ ဝေဝေဝါးဝါး ဖြစ်သွား၏။ မျက်စိကျိန်းသည်ကို သက်သာသွားအောင် မျက်ခွံများကို ခေတ္တပိတ်ပြီး နောက်တစ်ကြိမ်ဖွင့်ကြည့်လိုက်မှ ခပ်လှမ်းလှမ်းရှိ လှေကျင်းထဲတွင် အလုပ်ရှုပ်နေသည့် ရေမြင်းကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင် ရေမြင်းက သူ၏ (ဘယ်တော့မှ လက်စသတ် မည်မဟုတ်သော)လှေကို တဒုန်းဒုန်း တဒိုင်းဒိုင်း ဆောက်နေဆဲ။

"ကိုရေမြင်း"

ယင်ကောင်က လှေရှိရာဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာရင်း လှမ်းခေါ်လိုက်၏။ ရေမြင်းက သူ့လက်ထဲမှ သံရိုက်လက်စ တူကို ပစ်ချပြီး လှည့်ကြည့်သည်။ ဘာမှတော့ မပြော။

ယင်ကောင်က ထပ်၍....

"ကိုရေမြင်းတစ်ယောက်တည်းလား။ ကျန်တဲ့သူတွေကော..."

"ဟိုကောင်တွေ အလုပ်ရှာဖို့ ထွက်သွားကြပြီလေ။ ငါပဲ ကျန်ခဲ့တာပေါ့"

"ဟင်...ကိုရေမြင်းကကော ဘာလို့ အလုပ်သွားမရှာတာလဲ"

"ဟ....ဒီမှာ ငါလှေဆောက်နေတယ်လေဟာ။ ဒါ ငါ့အလုပ်ပေါ့"

ယင်ကောင်က မျက်မှောင်ကုပ်ပြီး နှုတ်ခမ်းကို စူလိုက်သည်။

"ကိုရေမြင်း ဆောက်နေတဲ့လှေက ပြီးသွားရင် ဘာလုပ်ဖို့လဲ"

ရေမြင်းက အဖြေရခက်သွားဟန်ဖြင့် လက်ဖဝါးနှစ်ဘက်ကို အကြိမ်ကြိမ်ပွတ်နေသည်။ အတန်ကြာမှ...

"နင်ဟာလေ...မိန်းမပီပီ သိပ်စပ်စုတာပဲ သိလား။ ဘာဖြစ်လို့ သိချင်ရတာလဲ။ ငါကိုယ်တိုင်တောင် မသိချင်ဘူး။ အဲဒါကြောင့် ငါ့ကိုယ်ငါ အဲဒီမေးခွန်းကို ဘယ်တော့မှ မမေးဘူး"

"ဟင်....ဘယ်လိုကြီးလဲ"

ယင်ကောင်က ခေါင်းရှုပ်သွားပြီး မျက်လုံးကလေးများ ပြူးပြူး ဝိုင်းနေသည့်တိုင်အောင် တအံ့တဩမေးလိုက်သည်။ ရေမြင်းက သောင်ပြင် ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း...

"အေး...ဘယ်လိုမှ မဟုတ်ဘူး။ ဒီအတိုင်းပဲ။ အပေါ်စားပြဇာတ် ကြည့်တဲ့ ခပ်ညံ့ညံ့ပရိသတ်လို 'ဇာတ်သိမ်းရင် ဘာဖြစ်မလဲ'ဆိုတဲ့ စိတ်နဲ့ လူ့ဘဝကို မတိုင်းတာချင်စမ်းပါနဲ့ဟာ။ တကယ့်ဘဝမှာ ဇာတ်သိမ်း





ဟာ အရေးမပါပါဘူး။ ဇာတ်မသိမ်းခင် တလျှောက်လုံး ဘာတွေလုပ် နေသလဲဆိုတဲ့ အချက်ကပဲ အရေးကြီးတာ"

ယင်ကောင်က သူ့စကားကြောင့် နှာခေါင်းကို မသိမသာ ရှုံ့မဲ့ လိုက်မိ၏။ ရေမြင်းက သူမ၏မျက်နှာကို တစ်ချက်လှမ်းအကဲခတ်လိုက်ပြီး စိတ်အားလျှော့သံဖြင့်...

"အေးလေ...။ ငါပြောပြတော့လည်း နင် နားလည်နိုင်မှာ မဟုတ် ပါဘူး။ နင်က ရူးနေတာပဲ၊ ဘယ်သိမှာလဲ။ ကောင်းပါတယ်ဆိုတဲ့ ငါတို့တောင်မှ မသိသေးတာတွေ အများကြီး ရှိနေသေးတဲ့ဥစ္စာ"

"ကိုရေမြင်းက ဘာတွေ သိချင်နေသေးလို့လဲ"

"ဩော်...အများကြီးပါ ဆိုနေမှ။ ဒီလိုလေဟာ...ဥပမာတစ်ခု မေးရရင် ငါတို့ အိပ်မက်မက်တဲ့အခါ အိပ်မက်ကို အဖြူအမည်းနဲ့ မြင်ရတာလား၊ ရောင်စုံမြင်ရတာလား"

ယင်ကောင်က ခေါင်းကုတ်ရင်း အတန်ကြာအောင် စဉ်းစားနေ ၏။ နောက်မှ မရေမရာလေသံဖြင့်....

"အင်း... ကျွန်မ စိတ်ထင်တော့ ရောင်စုံမြင်ရတယ် ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အိပ်မက်ထဲမှာ မြင်ရတဲ့ ကိုယ့်မိတ်ဆွေကို ဘယ်လို အင်္ကျီအရောင်လေးနဲ့ မြင်လိုက်ရတယ်ဆိုတာကအစ နိုးလာတဲ့အခါ ပြန် မှတ်မိနေတတ်တယ် မဟုတ်လား"

"အေးလေ...။ လူတွေရဲ့အိပ်မက်က ရောင်စုံပဲ ထားပါဦးတော့။ ကျွဲတို့ နွားတို့လို အရောင်ကန်းနေတဲ့ သတ္တဝါတွေကျတော့ကော အိပ်မက် တွေကို ဘယ်လိုမြင်ရသလဲ။ အဖြူအမည်းလား...။ ဒါဆို အိပ်မက်ဟာ အဆင့်အတန်း နှစ်မျိုးကွဲနေတယ်လို့ ယူဆရမလို ဖြစ်နေတာပေါ့။ ရောင်စုံ နဲ့တစ်မျိုး၊ အဖြူအမည်းနဲ့ တစ်မျိုးလေ"

"ဟာ... ရှုပ်ကုန်ပြီ။ ကြီးကြီးဖန်ဖန်တွေ လျှောက်မေးနေတယ်။ တော်ပြီ...ကိုယ့်ဘာသာကိုယ်ပဲ စဉ်းစားနေတော့"

ယင်ကောင်က စိတ်ရှုပ်ရှုပ်ဖြင့် ထိုနေရာမှ လှည့်ထွက်ခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလိုက်သည်။

ရေမြင်းက လှမ်း၍...

''နေစမ်းပါဦး။ နင့်မှာကော...အဲဒီလို ကြဲကြဲဖန်ဖန်သိချင်တဲ့ မေးခွန်းများ စဉ်းစားနိုင်လောက်တဲ့အသိဉာဏ် ရှိလို့လား''

ယင်ကောင်က မျက်ဝန်းကလေးများကို ခပ်စွေစွေ မေးစင်းရင်း စဉ်းစားလိုက်သည်။

ပြီးမှ....

''ရှိတာပေါ့...။ ဘာလို့ မရှိရမှာလဲ''

''အင်း... ပြောစမ်းပါဦး။ ဘာများလဲ...''

''ကျွန်မမှာလည်း ကျွန်မ မသိတာတွေ အများကြီးပေါ့။ ဥပမာ တစ်ခုပြောရရင် အိပ်တဲ့အခါ ကျွန်မရဲ့လက်နှစ်ဘက်ကို ဘယ်နားမှာ ထားရမှန်း အခုထိ မသိဘူး။ တစ်ခါတစ်ခါ ပက်လက်အိပ်ပြီး ရင်ဘတ်ပေါ် တင်ထားကြည့်တယ်။ တစ်ခါတစ်လေကျတော့လည်း ဘေးမှာချထား ကြည့်တယ်၊ နောက်ဆန့်ထားကြည့်လိုက်၊ ကွေးထားကြည့်လိုက်နဲ့ ခုချိန်ထိ ဘယ်လိုမှ အဆင်မပြေသေးဘူး။ ကိုယ့်လက်နှစ်ဘက်နဲ့ကိုယ် အလုပ်ရှုပ် ရင်း အိပ်ပျော်သွားတာချည်းပဲ''

ရေမြင်းက သူမ၏စကားကို ဆုံးအောင် နားထောင်ပြီးနောက် ရယ်မောလိုက်သည်။

ပြီးမှ...

''ဟုတ်တယ်...။ လူဆိုတာ ကိုယ့်အကြောင်းကိုယ် နားမလည် တတ်ကြဆုံးပဲ။ အဲဒါကို စဉ်းစားမိနိုင်လောက်တဲ့ အသိဉာဏ် ရှိနေသေး မှတော့ မင်းဟာ ဘယ်လိုနည်းနဲ့မှ ရူးနေတာ မဖြစ်နိုင်ဘူး ယင်ကောင်''

''ရှင်...''

''မင်းဟာ ရူးချင်ယောင် ဆောင်နေတာပဲ ဖြစ်ရမယ်။ ဒါကို ငှက်ခါးက စပြီးရိပ်မိတာပဲ။ ဘာဖြစ်လို့ ဒီလို ရူးချင်ယောင် ဆောင်နေသလဲ ဆိုတာတော့ မင်းအကြောင်းနဲ့မင်း ရှိမှာပေါ့။ နေပါ...နေပါ။ မင်း ဝန်မခံ





လည်း ကိစ္စမရှိပါဘူး။ မင်းဘာသာမင်း ရူးရူး မရူးရူး ငါတို့အတွက်တော့ ဘာမှ မထူးပါဘူးကွာ။ အတူတူပါပဲ။ ကဲ....မင်းအေးအေးဆေးဆေး နားလိုက်ပါဦး။ ဒီမှာ ငါ့လှေကို လုပ်လက်စလေး ဆက်လိုက်ဦးမယ်''

■



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ရွက်ကြွေတွေ လွင့်ပါးသော လေပြေလို သူမ၏စိတ်တွေ လှုပ်ခတ်ဝေ့ယမ်းနေကြလေသည်။ ရင်ဘတ်ပေါ် ပြေပြေလျော့လျော့ကျနေသော ဆွဲကြိုးကလေးသည် သူမ အသက်ရှူလိုက်တိုင်း နိမ့်လိုက်မြင့်လိုက် ညင်ညင်သာသာ လှုပ်ရှားနေ၏။

ယင်ကောင်က ထိုဆွဲကြိုး၏ အဖျားရှိ အရိုးခေါင်းပုံသဏ္ဍာန်လေးကို လက်ချောင်းလေးများဖြင့် အသာအယာ တို့ထိကြည့်လိုက်သည်။ အတိတ်သည် ပွန္နေးလတ်ဆတ်စွာ သင်းပျံ့လာ၏။

ထိုအတိတ်ကို မေ့ပစ်ချင်သော စိတ်အစွဲအလန်းတစ်ခုနှင့်ပင် သူမကိုယ်သူမ တကယ် အရှုးတစ်ယောက် ဖြစ်ပစ်လိုက်ချင်သည်။

သို့သော် သူမ တကယ်တမ်း ရူးသွပ်သွားဖို့ ကိုယ့်ကိုယ်ကို ဘယ်လိုမှ ခိုင်းစေကြည့်၍ မရနိုင်ဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှက်ခါးတို့လို အတိတ်နှင့်အနာဂတ်မှ လွတ်မြောက်နေသော လူသားဖြစ်ဖို့ မလွယ်ကူမှန်း ယင်ကောင် တဖြည်းဖြည်းနားလည်စ ပြုလာ၏။

သူမ၏ လည်ပင်းမှ အရိုးခေါင်းရုပ်နှင့် ရွှေဆွဲကြိုးကလေးကို ဖြုတ်ယူပြီး လက်ဖဝါးထဲထည့်ကာ အသာအယာ နမ်းရှုပ်လိုက်သည်။ ထိုဆွဲကြိုးကလေးသည် အတိတ်ကို ရစ်ဖွဲ့ချည်နှောင်ထားသော ကြိုးတစ်ချောင်းဖြစ်သည်။

ထိုအတိတ်၏ ပုံရိပ်လွှာထဲတွင် သူမသည် ယင်ကောင်မဟုတ်ဘဲ 'သင်းလဲ့ဝင်းညို'ဟုခေါ်သော ဂျစ်ကန်ကန် ပေပေတေတေ ကောင်မလေး တစ်ယောက်ဖြစ်နေပြီး ဆိုင်ကယ်တစ်စင်းကို အရှိန်ပြင်းပြင်း ခပ်ကြမ်းကြမ်း မောင်းနှင်နေ၏။

ထို့ပြင်...

ထို့ပြင်... ... ...

သူမ၏နံဘေးနားသို့ ဝေါခနဲ အမီလိုက်လာသော နောက်ဆိုင်ကယ်တစ်စင်းကို အပြိုင်စီးနင်း မောင်းနှင်လာသူက သူမ၏ အချစ်ဆုံး သူငယ်ချင်း 'ရွှေစင်'။

●

## အတိတ်

## နိဒါန်း

ဘယ်ဘက်ခြေဖျားဖြင့် အသာလေးဖိနင်းကာ ဆိုင်ကယ်ဂီယာကို နံပါတ်လေးသို့ ပြောင်းပြီးသည်နှင့်တစ်ပြိုင်နက် လက်ကိုင်လီဗာကို တစ်ရှိန်ထိုး ဆွဲတင်လိုက်သည်။

ဆိုင်ကယ်က ဝေါခနဲ မြည်သံနှင့်အတူ ကျည်ဆံတစ်တောင့်လို





တွန်းကန်ပြေးထွက်သွား၏။ မျက်နှာကို တဝိုးဝိုးလေတိုးနေသည့် အရှိန်ကြောင့် သင်းလဲ့ဝင်းညို၏ဆံပင်တွေ တဖျပ်ဖျပ် လွင့်ပျံနေကြလေသည်။

သင်းလဲ့ဝင်းညိုက ဆိုင်ကယ်ကို အရှိန်ထပ်မြှင့်လိုက်သည်။ ထိုသို့ ဆိုင်ကယ်ကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း စီးတတ်သည်က သူမ၏ အကြီးမားဆုံး ဝါသနာဖြစ်၏။

လမ်းကွေ့တွင် အရှိန်ကို မလျှော့ဘဲ ခန္ဓာကိုယ်ကို ဘေးတိုက် တစောင်း တိမ်းညွှတ်ကာ ဆိုင်ကယ်ဒူးကာနှင့် လမ်းမတို့ ပွတ်တိုက်မိတော့မတတ် တရှိန်ထိုး ဆွဲလှည့်ကွေ့ချသွား၏။

"တီ...တီ....တီ"

သူမ၏ နောက်ဘက်ခပ်လှမ်းလှမ်းမှ အချက်ပေး လှမ်းခေါ်လိုက်သည့် ရွှေစင်၏ ဆိုင်ကယ်ဟွန်းသံကိုကြားမှပင် သူမ၏ လီဗာကို အရှိန်လျှော့ချဖို့ သတိရသည်။

"ဒီကောင့်ကို ခဏစောင့်ပြီး ခေါ်ဦးမှ...."

ဟု သင်းလဲ့ဝင်းညို စိတ်ထဲက တွေးလိုက်၏။ ရွှေစင်က ဆိုင်ကယ်ကို ကြမ်းကြမ်းရမ်းရမ်း စီးနေသည့်တိုင် သင်းလဲ့ဝင်းညိုလောက်တော့ ကျွမ်းကျွမ်းကျင်ကျင် သပ်သပ်ယပ်ယပ် မရှိလှ။

သို့သော် မိန်းကလေးမဆန်စွာ ရဲရဲတင်းတင်း ရမ်းကားတတ်ကြပုံချင်းကတော့ သူတို့နှစ်ယောက်စလုံး အတူတူပင်ဖြစ်ကြ၏။ တစ်မြို့လုံးက ယောက်ျားလေး ဆိုင်ကယ်သူရဲများပင်လျှင် သင်းလဲ့ဝင်းညိုနှင့်ရွှေစင်နှစ်ယောက်ကို လက်မြှောက်ကြရသည်။

"ဝေါ"

သင်းလဲ့ဝင်းညို တွေးနေစဉ်မှာပင် ရွှေစင်၏ဆိုင်ကယ်က သူမ၏ အနီးမှာ ပွတ်ကပ်လျက် အရှိန်ပြင်းစွာ ကျော်တက်သွားရင်း....

"ဘာ...နှေးတုံ့ နှေးတုံ့ လုပ်နေတာလဲ။ ဟား...ဟား ငါ့ကို အမီလိုက်ခဲ့ သင်းလဲ့ရေ"

ရယ်မောသံနှင့်အတူ ရွှေစင်က အော်ပြောသွား၏။ သင်းလဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝင်းညိုက နှုတ်ခမ်းတွန့်ကာ တစ်ချက်ပြုံးပြီး လက်ကိုင်လီဗာကို ဆွဲလှည့် တင်လိုက်ရင်း...

"နေးမှဖြစ်မယ် ရွှေစင်ရေ။ နင့်အိမ်နဲ့ နီးနေပြီ။ တော်ကြာ နင့်မာမီ ဝရန်တာက ထွက်ကြည့်တာနဲ့ ဆုံလို့ ငါတို့ ဒီလိုအရှိန်နဲ့ ဆိုင်ကယ်စီးလာတာမြင်ရင် သေအောင်ဆူလိမ့်မယ်"

"အောင်မယ်...နင်ကလည်း ပူစရာမရှိ ကြံဖန်ပူနေပြန်ပြီ"

"ကြံဖန်ပြီး ပူတာမဟုတ်ဘူး ရွှေစင်ရဲ့။ နင့်မာမီက အစ ကတည်းက နင့်ကို ငါနဲ့ပေါင်းလို့ ပျက်စီးတယ်လို့ ကြုံရင်ကြုံသလို ပြောပြောနေတာ"

သူမ၏ စကားကြောင့် ရွှေစင် တစ်ချက်မျက်နှာပျက်သွား၏။ ဘာမှတော့ ပြန်မပြော။ ဆိုင်ကယ်ကို အရှိန်လျှော့ပြီး လမ်းဘေးတွင် ထိုးရပ်သည်။

သင်းလဲ့ဝင်းညိုကလည်း ဆိုင်ကယ်ကို အသာရပ်ပြီး ဆင်းလိုက်၏။ ရွှေစင်က စိတ်မကောင်းစွာဖြင့် တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်းချ သံဖြင့် ရောပြီး....

"နင်က ငါ့မာမီကို စိတ်ဆိုးလို့လားဟင်"

သင်းလဲ့ဝင်းညိုက မျက်လုံးလေးများ ဝိုင်းသွားသည်။ ထို့နောက် တအံ့တသြဖြင့် ရယ်ချလိုက်ရင်း....

"ဟယ်...ရွှေစင်ရယ်။ နင်ကလည်း ပေါက်ပေါက်ရှာရှာ။ ဘာလို့ စိတ်ဆိုးရမှာလဲ။ တကယ်လည်း နင့်မာမီပြောတဲ့အတိုင်း ဟုတ်နေတာပဲ။ နင် ငါနဲ့ပေါင်းပြီးတော့မှ ညည့်နက်သန်းခေါင်ထိ အပြင်ထွက်လည် တတ်လာတယ်၊ ဆိုင်ကယ်စီးကြမ်းလာတယ်။ ကဲ....ဘယ်မှာကောင်းတာ ရှိသေးလို့လဲ။ ဟား...ဟား"

ရွှေစင်ကတော့ သင်းလဲ့ဝင်းညိုလို မရယ်နိုင်ဘဲ မျက်နှာညှိုး သွားရင်း.....

"အဲဒါ နင့်ကြောင့် မဟုတ်ပါဘူးဟာ။ ငါ့မာမီက ငါတို့ရဲ့





ဘော်ဒါအကန့်ကို သဘောမပေါက်လို့ပါ။ လူဆိုတာ သူငယ်ချင်းရဲ့ လွှမ်းမိုးမှုမပါဘဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် ရှင်သန်ကြ၊ လှုပ်ရှားကြ တာချည်းပဲလေ။ ဒါပေမဲ့ မာမီက...."

ရွှေစင်က စကားကို ဆုံးအောင်မပြောနိုင်ဘဲ အသံတိုးဝင်သွား သည်။ သို့သော် သူမ ဘာပြောချင်သည်ကို သင်းလဲ့ဝင်းညို သဘော ပေါက် နားလည်လိုက်သည်။

ရွှေစင်နှင့် သင်းလဲ့ဝင်းညိုတို့နှစ်ဦးသား၏ နောက်ခံအခြေအနေ ချင်းက ကွာခြားလှသည်။ ရွှေစင်က ချမ်းသာသော၊ စည်းကမ်းကြီးသော မိသားစုမှ တစ်ဦးတည်းသောသမီး။

သင်းလဲ့ဝင်းညိုမှာက အဖေကော အမေပါ မရှိတော့။ စီးပွားရေး သမား ဦးလေးနှစ်ယောက်နှင့်အတူ နေထိုင်ကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် သူမ၏ပုံစံက မိန်းကလေး သိပ်မဆန်ဘဲ ယောကျ်ားပုံစံ ပေါက်နေ၏။

နောက်ပြီး ဦးလေးနှစ်ယောက်၏ စိတ်ဓါတ်အတိုင်း ဖွတ်တီး ဖွတ်ထိုး ပေပေတေတေနေတတ်သည်။ ယင်းကို ရွှေစင်အမေက ကျောင်း အုပ်ဆရာမကြီးဟောင်းပီပီ လုံးဝကြည့်မရ။

သင်းလဲ့ဝင်းညိုကို 'ဆိုင်ကယ်လမ်းသရဲမ' ဟု နာမည်တပ်သည်။ သူ့သမီးရွှေစင်နှင့် ပေါင်းသင်းသွားလာနေသည်ကိုလည်း နည်းနည်းမှ သဘောမတူ။ ရွှေစင်ခမျာ ခဏခဏ အဆူခံရ၏။

ရွှေစင်ကတော့ သူ့မိခင်နှင့် သူ့အချစ်ဆုံးသူငယ်ချင်းတို့ကြားတွင် နှစ်ဘက်စလုံးအတွက် မျက်နှာပူရ၊ အသက်ရှူကြပ်ရသည်။ ရွှေစင်၏ အခက်အခဲကို နားလည်သော သင်းလဲ့ဝင်းညိုက ခံစားချက် ပေါ့ပါးအောင် တမင်ရယ်မောရင်း....

"ထားလိုက်စမ်းပါဟာ...။ ဘာပဲဖြစ်ဖြစ် အရေးကြီးလို့လား ငါတို့နှစ်ယောက်အတွက် ဆိုင်ကယ်စီးနေရတာလောက် အဓိပ္ပါယ်ပြည့်စုံတာ ဘာမှမရှိဘူး။ ကဲ....လာ။ သွားစို့"

သင်းလဲ့ဝင်းညိုက ပြောပြောဆိုဆိုနှင့် ဆိုင်ကယ်ပေါ်ပြန်တက်ကာ



www.burmeseclassic.com

www.burmeseclassic.com

စက်နှိုးထွက်လိုက်၏။ ရွှေစင်ကလည်း သူမနောက်မှ ဆိုင်ကယ်ကို ဘီးလိမ့်ထွက်လိုက်သည်။

''ဟဲ့…ဖြည်းဖြည်း၊ ဖြည်းဖြည်း မာမီထွက်ကြည့်နေတယ်''

ထုံးစံအတိုင်း အရှိန်ကို အသားကုန် တင်လိုက်ပြီးမှ နောက်က ရွှေစင်၏ သတိပေးသံကြောင့် ဗြုန်းခနဲ လက်ကိုင်လီဗာကို ပြန်လျှော့ချလိုက်ရ၏။

ထို့ကြောင့် နောက်မှ ကပ်လျက်ပါလာသော ရွှေစင်က ရှေ့မှ ရုတ်တရက် အရှိန်လျှော့သွားသည့် သင်းလဲ့ဝင်းညို့ကို ဝင်မတိုက်မိအောင် လက်ကိုင်ကို ဘေးသို့ ဆွဲချလိုက်ရာ….

''ဝုန်း''

ဒူးဆစ်ခန့်မြင့်သည့် တိုင်ငုတ်တစ်ခုကို အရှိန်ဖြင့် ဝင်တိုက်မိ၏။ ရွှေစင်က စိတ်ပျက်လက်ပျက်ဖြင့်….

''ဟယ်…ဒုက္ခပဲ သင်းလဲ့ရေ၊ ငါ့ဆိုင်ကယ်တော့ သွားပါပြီ''

''ဟင်…ဘာဖြစ်သွားပြီလဲ''

သင်းလဲ့ဝင်းညို့က ဆိုင်ကယ်ကို ရပ်ကာ အပြေးဆင်းလာပြီး မေး၏။ ရွှေစင်က….

''မသိဘူး၊ ဝပ်ရှော့ပို့မှ ရတော့မယ်ထင်တာပဲ၊ ဒုက္ခပါပဲဟာ… မာမီလှမ်းကြည့်နေတဲ့အချိန်ကျမှ သူ့မျက်စိရှေ့မှာ ဖြစ်ရတယ်လို့၊ ပြောလို့ကို ဆုံးမှာ မဟုတ်တော့ဘူး။ ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ''

''ဘယ်နိုင်မလဲ ရွှေစင်ရယ်…၊ ဆုတော့လည်း ခံလိုက်ရုံပေါ့ ကဲ….လောလောဆယ် ဆိုင်ကယ်ကို ဝပ်ရှော့ပို့လိုက်ရအောင်။ ပြီးမှပဲ နင့်ကို ငါ့ဆိုင်ကယ်နဲ့ အိမ်ပြန်လိုက်ပို့ပေးမယ်''

ရွှေစင်က တွေတွေငေးငေးလေး တစ်ချက်စဉ်းစားရင်း….

''ဝပ်ရှော့ပို့မယ်ဆိုရင်လည်း မနက်ဖြန်ည အမီပြန်ရမှ ဖြစ်မှာ သင်းလဲ့ရေ၊ မနက်ဖြန် နင့်မွေးနေ့လေ…၊ မေ့မထားနဲ့ဦး၊ ခါတိုင်းနှစ်တွေ လိုပဲ မြို့လယ်ကန်တစ်ပါတ် ဆိုင်ကယ်စီးမယ်။ ပြီးရင်…ရွှေပင်လယ်မှာ





ရေခဲမုန့် သွားစားကြမယ်နော်''

''အိုကေ….''

နှစ်တိုင်း ကိုယ့်မွေးနေ့ကိုယ် အမြဲမေ့လျော့နေလေ့ရှိသော သင်းလဲ့ဝင်းညို့ကို ထုံးစံအတိုင်း ရွှေစင်ကပင် အမှတ်တရ သတိပေး၏။ 'ငါ့မွေးနေ့တွေကို အဓိပ္ပါယ်ရှိအောင် လုပ်ပေးနိုင်တာ ရွှေစင်တစ်ယောက်တည်း ပါပဲ'ဟူသည့်အတွေးဖြင့် သင်းလဲ့ဝင်းညို့ ခွန်အားရှိစွာ ပြုံးဖြစ်လေသည်။

အဲသည်နေ့ ဝပ်ရှော့မှ အပြန်တွင် ရွှေစင့်ကို ဆိုင်ကယ်ဖြင့် လိုက်ပို့ရင်း ရွှေစင့်မာမီနှင့် တွေ့သောအခါ နှစ်ယောက်စလုံး ခေါင်းမဖော်နိုင်အောင် အဆူခံရသည်။

ရွှေစင့်ဆိုင်ကယ်ဖြင့် သစ်ငုတ်တိုကို ဝင်တိုက်မိပုံကို သူ့မိခင်က မြင်သွားသောကြောင့်ဖြစ်၏။

''ဘယ်တော့မှ ဆိုင်ကယ်စီးဘို့ စိတ်မကူးနဲ့တော့ မိရွှေစင်။ နောက်တစ်ခါဆို ညည်း အသက်ပါပျောက်မယ်။ ကြားလား…၊ ဟို…ကောင်မလေးကလည်း…မိသင်း၊ ညည်းလည်း ကြပ်ကြပ်သတိထား။ ညည်းပဲ ဒီအချိုးတွေကို ခေါင်းဆောင်လမ်းပြလုပ်နေတာ။ ဘယ်နှယ့်တော်… မိန်းကလေးဖြစ်ပြီး ဆိုင်ကယ်တစ်စီးနဲ့ လတ်လျားလတ်လျား ငါဖြင့် ကြည့်လို့ကို မရပေါင်တော်။ ဟင်း…''

သင်းလဲ့ဝင်းညို့တစ်ယောက် လျှာကလေးတစ်လစ်ထုတ်ပြီး ငြိမ်ကုတ်နေရ၏။ နာရီဝက်လောက်ကြာအောင် အဆူခံပြီးမှ ပြန်ခွင့်ရသည်။

ရွှေစင်တို့ အိမ်လေခါးပေါ်မှဆင်းပြီး သူမ၏ ဆိုင်ကယ်ပေါ် တက်မိသည်နှင့် တစ်ပြိုင်နက်….

''ရှူး….ရှူး''

သင်းလဲ့ဝင်းညို့၏ နှုတ်ဖျားက စပိန်သီချင်းတစ်ပုဒ် အလိုက်မြူးမြူးကြွကြွ လေချွန်ရင်း ဆိုင်ကယ်ကို စက်ကုန်ဖွင့် အရှိန်တင်လိုက် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အကိုတ်
## ရင်ခွင်

သင်းလဲ့ဝင်းညိုက ပြင်ထားပြီးသား ရွှေစင့်ဆိုင်ကယ်ကို ဝပ်ရှော့မှ ဝင်ယူသည်။ သူမ၏ ဆိုင်ကယ်ကိုတော့ စက်ပြင်ဆရာကို စီးခိုင်းပြီး ရွှေစင့်အိမ်သို့ ထွက်လာခဲ့သည်။ ရွှေစင့်အိမ်ရှေ့ရောက်တော့ ည ခုနစ်နာရီ ခွဲနေပြီ။

သူမက ဆိုင်ကယ်ကို တဝေါဝေါစက်နှိုးသံပေးလိုက်ရင်း....

''ရွှေစင်ရေ....ရွှေစင်''

''ဘာလုပ်မလို့လဲ။ ညကြီးမိုးချုပ်မှကြတော်...။ တကကတည်း''

ရွှေစင့်အမေ ထွက်လာပြီး လေသံမာမာဖြင့် ဆီးဟောက်၏။ ရွှေစင်က သူ့အမေနောက်မှ ခပ်ယို့ယို့လေးထွက်လာပြီး ပုန်းလျှိုးကွယ်လျှိုးဖြင့် မျက်စိတစ်ဘက် လှစ်ခနဲ မှိတ်ပြသည်။

သင်းလဲ့ဝင်းညို သဘောပေါက်လိုက်၏။ အခြေအနေမကောင်း။ ရွှေစင်တစ်ယောက် ရေရေလည်လည် အဆူခံထိနေပုံရသည်။

''ဟဲ့....ငါမေးနေတယ်လေ၊ ဘာလာလုပ်တာလဲ''

ရွှေစင့်အမေ၏ ထပ်ဆင့်မေးခွန်းကြောင့် သင်းလဲ့ဝင်းညိုက ကမန်းကတန်းဖြင့်...

''ဟိုလေ...ရွှေစင့်ဆိုင်ကယ် မနေ့က ဝပ်ရှော့မှာ အပ်ခဲ့ရလို့ အဲ...အဲဒါ ပြင်ပြီး ဒီနေ့ လာပြန်ပို့တာပါ အန်တီ။ ရွှေ...ရွှေစင် လာလေ ဟာ''

အကျိုးအကြောင်းပြောပြရင်း ရွှေစင့်ကိုပါ မရဲတရဲဖြင့် လှမ်းခေါ်လိုက်၏။ ရွှေစင်ကလည်း ရောရောယောင်ယောင် ဟိုလိုလို ဒီလိုလိုဖြင့်...

''အေး...အေးလာပြီ''

ဟု ပြောရင်း သူ့အမေဘေးမှ လှစ်ခနဲ ထွက်ကာ လှေခါးမှ ဆင်းလိုက်သည်။ ရွှေစင့်အမေက မျက်လုံးများ ဝိုင်းနေအောင် ပြူးကာ





အလန့်တကြားကြည့်ရင်း....

''အလိုတော်...။ ခုပဲ ပြောနေဆိုနေတဲ့ကြားက ဒါက ဘယ်ကို သွားဦးမလို့လဲ။ ဟဲ့...အခု အိမ်ပေါ်ပြန်တက်ခဲ့စမ်း''

''ခဏလေးပါမာမိရဲ့။ ဒီနားလေးတင်၊ ဆိုင်ကယ် စက်စမ်းမလို့ပါ''

''ဝေါ...ဝေါ...ဂူး''

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ရွှေစင်က သင်းလဲ့ဝင်းညို၏ နောက်သို့ ဖျတ်ခနဲ ဝင်ထိုင်လိုက်ပြီးသည်နှင့် ဆိုင်ကယ်ကို ဝေါခနဲ စက်နှိုးကာ တစ်ရှိန်ထိုး ထွက်ခဲ့တော့သည်။

ရွှေစင့်မိခင်ကား တဟဲ့ဟဲ့ အော်ရင်း အိမ်တံခါးဝတွင် ကျန်ရစ်ခဲ့တော့၏။ သင်းလဲ့ဝင်းညိုစိတ်ထဲက 'ဆောရီးပဲ အန်တီ'ဟု တီးတိုး ရေရွတ်လိုက်သည်။

မတတ်နိုင်ပါ။ ဒီည သူတို့နှစ်ယောက်တည်း ကျင်းပမည့် မွေးနေ့ပွဲသည် ရွှေစင်မပါလျှင် ဘယ်လိုမှ အဓိပ္ပါယ်ရှိမည်မဟုတ်ပါ။

သူမ ဆိုင်ကယ်ကို အရှိန်ထပ်မြှင့်လိုက်၏။

●

စက်ပြင်ဆရာကို ဝပ်ရှော့သို့ ပြန်ပို့ပေးခဲ့ပြီးနောက် ကိုယ့်ဆိုင်ကယ်ပေါ် ကိုယ်ပြန်တက်ခါနီးတွင် ရွှေစင်က...

''ဪ...ခဏနေဦး သင်းလဲ့။ ငါ...နင့်ကို မွေးနေ့လက်ဆောင် တစ်ခု ပေးစရာရှိသေးတယ်''

သင်းလဲ့ဝင်းညိုက ရယ်မောလိုက်ရင်း...

''အောင်မယ်...အရင်နှစ်တွေတုန်းကတော့ ဘာမှ မပေးဘဲနဲ့ ခုမှ ထူးထူးခြားခြား။ ဘာလဲ...ငါသိပ်ကြိုက်တဲ့ ဟာလေဒေးဗစ်ဆန် (Harley Davidison)ဆိုင်ကယ်တစ်စီး ဝယ်ပေးမလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ဟင်း...လောလောဆယ်တော့ 'ဟာလေ'ဝယ်နိုင်လောက်အောင် ငါ ပိုက်ဆံမရှိသေးဘူး ကောင်စုတ်မရဲ့။ ရော့...ဒါပဲယူတော့"

ရွှေစင်က ပြောပြောဆိုဆိုနှင့် သူမမွေးနေ့လက်ဆောင်ကို ဂျာကင်အင်္ကျီအိတ်ထဲမှ ထုတ်ပြ၏။

ရွှေဆွဲကြိုးလေးတစ်ကုံး။

အရိုးခေါင်းပုံသဏ္ဍာန် လော့ကက်သီးလေးနှင့်။

သင်းလှဲ့ဝင်းညို့က လော့ကက်သီးလေးကို ကြည့်ပြီး ပြုံးလိုက်သည်။ ထို့နောက် 'ကျေးဇူးတင်သည်'ဟူသော စကားတစ်ခွန်းမှ မပြောဘဲ ဆွဲကြိုးကို လှမ်းယူကာ သူမ၏လည်ပင်းတွင် စွပ်လိုက်၏။ ပြီး....

"ကဲ...သွားစို့"

ဆိုင်ကယ်နှစ်စင်း၏ ပြိုင်တူစက်နှိုးသံက ဝေါခနဲ ဆူညံသွား၏

•

လမ်းဘေး မီးတိုင်တွေက ရိပ်ခနဲရိပ်ခနဲ ကျန်ခဲ့သည်။ မျက်နှာကို လေတိုးလွန်းသောကြောင့် အရေပြားတွေ စပ်ဖျဉ်းဖျဉ်း ဖြစ်လာ၏။

ရှေ့မှ မြင်ကွင်းကို သဲသဲကွဲကွဲ မမြင်ရသောကြောင့် မျက်လုံးများကို မှေးစင်းပြီး ထားလိုက်ရသည်။ နားရွက်ဖျားစပ်တွေကို လေတိုးသံက တဝိုးဝိုး မြည်နေ၏။

ဆိုင်ကယ် အမြန်နှုန်းပြဒိုင်ခွက်ကို ကြည့်လိုက်တော့ ကီလိုမီတာ တစ်ရာ့သုံးဆယ်။ သင်းလှဲ့ဝင်းညို့ စိတ်ထဲတွင် ဆိုင်ကယ်စီးနေရသည်ဟု မထင်ဘဲ လေထဲတွင် ပျံဝဲနေရသည်ဟု အောက်မေ့မိ၏။

ရှေ့တွင် ရထားလမ်းကျော်ခုံးတံတားကို တက်ရတော့မည်ဖြစ်သောကြောင့် သင်းလှဲ့ဝင်းညို့စိတ်ထဲတွင် သတိထားလိုက်သည်။ ဒီကြားထဲ လမ်းမီးတိုင်များအနီးတွင် တဝီဝီပျံသန်းနေသော ပိုးဖလံကောင်တွေ





က မျက်နှာကို တဖျတ်ဖျတ် လာရောက်ထိခတ်ကြ၏။

ပိုးကောင်တွေ မျက်လုံးထဲ ဝင်မှာစိုးရသည်။ ကြောက်မက်ဖွယ်ကောင်းလောက်အောင် မြန်နေသော ဆိုင်ကယ်၏ အရှိန်နှုန်းကို လျှော့ချရန် စိတ်ကူးလိုက်၏။ ထိုစဉ်မှာပင်....

"ဂူး...ဝေါ"

မိုးခြိမ်းသံလို မြည်ဟည်းထစ်ချုန်းလျက် ရွှေစင်၏ ဆိုင်ကယ်က သူမကို ရိပ်ခနဲ ဖြတ်ကျော်တက်သွားသည်။

ရွှေစင်၏ ပုံသဏ္ဍာန်က အရိပ်တစ်ခုလိုပင် မသဲမကွဲ။

ဝိုးခနဲ...။

မသိစိတ်၏ လှုံ့ဆော်မှုကြောင့် 'ရွှေစင်သတိထား'ဟု သူမ၏နှုတ်မှ အလိုအလျောက် လှမ်းအော်ပြောလိုက်မိသွား၏။ သူမ၏ စကားဆုံးခင်မှာပင်...

ရွှေစင်၏ လက်တစ်ဘက်က ဆိုင်ကယ်လက်ကိုင်ကိုလွှတ်ပြီး မျက်လုံးဆီမြှောက်ကာ တစ်ခုခုကို ပွတ်သပ်လိုက်သလိုမျိုး မြင်လိုက်ရ၏။

ထိုအချိန်မှာပင် ဆိုင်ကယ်က (ကုန်းတံတားကို ဖြတ်ကျော်နေပြီဖြစ်ရာ) အရှိန်များလွန်းသောကြောင့် သွက်သွက်ခါပြီး ယိုင်သွားသည်။

ရွှေစင်က လက်ကိုင်ကို ပြန်ထိန်းသော်လည်း မမီတော့။

"ဟာ...."

ရွှေစင့်ထံမှ တစ်ဝက်တစ်ပျက် အာမေဋိတ်။

"ကျွီ...ဒုန်း...ဝုန်း"

ဆိုင်ကယ်သည် တစောင်းလဲ့ပြီး အရှိန်ပြင်းစွာဖြင့် ကားလမ်းပေါ်တရွတ်တိုက် ရွှေ့လျားသွားရာ...

"အား..."

ဆိုင်ကယ်နှင့်အတူ ညပ်ပါသွားသော ရွှေစင်သည် တစ်ကိုယ်လုံး ဖိချေပွတ်ဆွဲခံလိုက်ရသလို ကားလမ်းမတစ်လျှောက် အရှိန်ပြင်းစွာ ရွှေ့လျားရင်း ခုံးကျော်တံတား၏ လက်ရန်းများ၊ တိုင်များနှင့် ဦးခေါင်းကို ဆောင့်



www.burmeseclassic.com

www.burmeseclassic.com

မပြတ် တဒိုင်းဒိုင်း ဆောင့်ရိုက်ခံလိုက်ရသည်။

"ရွှေစင်"

သင်းလဲ့ဝင်းညိုတစ်ယောက် သံကုန်အော်ဟစ်လျက် ရွှေစင် လဲကျနေရာဆီသို့ ပြေးသွား၏။

"ရွှေစင်...ရွှေစင်"

လဲကျနေသော ရွှေစင့်ဆိုင်ကယ်ဘီးများက အရှိန်မသေသေးဘဲ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တဝိုးဝိုး အော်မြည်နေဆဲ။

ရွှေစင်၏ ဦးခေါင်းခွံရှိုးနောက်ပိုင်း တစ်ခြမ်းလုံးကတော့ ဟင်းလင်းပွင့်လျက်။ ခုံးကျော်တံတား လက်ရန်းတိုင်များတွင် သွေးနှင့် ဦးနှောက်အပိုင်းအစတို့က မြင်မကောင်းအောင် ပေကျံ ဖွာလန်ကျဲနေကြသည်။

မျက်ခွံများပွင့်လျက် မျက်လုံးအကြောင်သားဖြင့် အသက်ပျောက်နေသည့် ရွှေစင်၏အလောင်းကို ပွေ့ဖက်ရင်း သင်းလဲ့ဝင်းညိုက ကျောက်ရုပ်လို ကြက်သေ သေနေမိ၏။

ငိုချင်သည်။ ငို၍မရ။

မျက်ရည်တွေ ကျမလာ။

ဘာမှန်းမသိ။

"အဲဒါ...နင့်ကြောင့် ငါ့သမီးသေရတာ။ နင့်ကြောင့်ဟဲ့...နင့်ကြောင့်။ ဟီး....ဟီး။ ငါ့သမီးကို နင်သတ်တာဟဲ့။ နင်သတ်တာ"

ချုံးပွဲချငိုကြွေးနေသည့် ရွှေစင့်မိခင်ကို သူမ တွေတွေငေးငေး ရပ်ကြည့်နေမိသည်။ သူမမှာ ပြန်ပြောစရာစကား တစ်လုံးတစ်လေမျှပင် ရှိမနေတော့ပါ။

နှလုံးသားသည်လည်း အခွံဟောင်းလောင်းလို မှောင်မိုက်နေပြီ ဖြစ်၏။

သင်းလဲ့ဝင်းညို နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက်သည်။ သူမ အသက်ရှူ ကြပ်လာသည်။





"ဟုတ်တယ်...သိပ်ဟုတ်တာပေါ့။ ရွှေစင့်ကို ငါသတ်လိုက်တာပဲ။ ငါ.... ငါ့ကြောင့်။ ရွှေစင့်ကို သတ်ခဲ့တာ ငါပဲ...ငါပဲ"

သူမ၏ ခြေလှမ်းတွေ ဘယ်လိုရွေ့လျားနေသလဲ မသိ။

ဘယ်ကို ရွေ့နေသည်လည်း မသိ။

သူမ ဘာကိုမှ မသိချင်တော့ပါ။ ဖြစ်နိုင်လျှင် အရာရာအားလုံးကို မေ့လျော့ပျောက်ပျက်သွားချင်သည်။ ဖြစ်နိုင်လျှင် တစ်ခဏချင်း ရူးသွပ်သွားချင်သည်။ ဖြစ်နိုင်လျှင် အတိတ်မရှိ၊ အနာဂတ်မရှိသော သူရူး တစ်ယောက်ဘဝမျိုး ရောက်ချင်သည်။

ဖြစ်နိုင်လျှင်...

ဖြစ်နိုင်လျှင်... ... ...

အတိတ်
နိဂုံး

သူမသည် သူရူးတစ်ယောက် မဟုတ်ပါ။

ရူးသွပ်ရန် ကြိုးစားခဲ့သူတစ်ယောက်သာလျှင် ဖြစ်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com


# ၁၅

တောက်တဲ့က သွန်နာခေါင်းထဲမှ နှပ်ချေး ဖတ်ကို ကလော်ထုတ်ရင်း ငါးဒိုင်ပိုင်ရှင် ဒေါ်ချို့ကို မျက်နှာသေလေးဖြင့် ကြည့်နေ၏။ ပြီးမှ အားမလို အားမရသည့်လေသံဖြင့်...

''မနေ့က ဒေါ်ဒေါ်ပဲ ပြောခဲ့တာလေ...။ မေ့ သွားပြီလား။ အလုပ်သမားထဲက လွတ်သွားတဲ့နေရာ ရှိရင် ကျွန်တော့်ကို ခန့်မယ်ဆို''

''အေး...ဒါ...ပြောတော့ ပြောမိတယ်။ ဟို ဒင်း...''

ဒေါ်ချို့က ထစ်အထစ်အဖြင့် ဘာပြောရမှန်း မသိ ဖြစ်နေ၏။ ရေမြင်းက....

''ဒါဖြင့်လည်း ခန့်လေ ဒေါ်ဒေါ်ရာ...။ ဒီနေ့ အလုပ်သမနှစ်ယောက် ခွင့်ယူတယ်ဆို၊ သူတို့နေရာမှာ ကျွန်တော် ခဏဝင်လုပ်ပါရစေနော်...ဒေါ်ဒေါ်။ အလုပ် သမားထပ်လိုတယ်ဆိုရင်လည်း ကျွန်တော့်သူငယ်ချင်း တွေကိုပါ ပြန်ခေါ်ပေးမယ်လေ...နော်''


www.burmeseclassic.com

www.burmeseclassic.com



''အောင်မယ်လေး...တော်ပါ ငါ့လူရယ်။ မင်းတို့အုပ်စုကိုတော့ ကြောက်လွန်းလို့ပါ''

သူ့နောက်မှ ဖြုန်းခနဲ ကြားလိုက်ရသော စကားသံကြောင့် လှည့်ကြည့်လိုက်ရာ ဒေါ်ချို့ခင်ပွန်း ဦးစိန်ထွန်းကို တွေ့လိုက်ရ၏။

ရေမြင်းက အတတ်နိုင်ဆုံး မျက်နှာချိုသွေးလိုက်ရင်း...

''ဘာ...ဘာဖြစ်လို့လဲ ဦးလေးရာ''

''ဟ...လာလာချည်သေး။ ဘာဖြစ်ရမှာတုံးကွ၊ မင်းတို့အုပ်စု ငါ့ကို ဒုက္ခပေးပေါင်း များပြီလေ...။ အလုပ်ကို လက်ကြောတင်းအောင် လုပ်မယ့်ကောင်တွေလည်း မဟုတ်ဘူး။ မင်းတို့ကို ခန့်လိုက်ရင် ငါးပါး မှောက်ရချည်ရဲ့။ တော်ပါကွာ...။ ငါ အခုကတည်းက တစ်ခါတည်း အပြတ်ပြောလိုက်မယ်။ မင်းသူငယ်ချင်းတွေကိုလည်း မခန့်ဘူး၊ မင်းကို လည်း အလုပ်မခန့်ဘူး။ အိုကွာ...ဘယ်လိုနည်းနဲ့မှ အလုပ်ခန့်ဖို့ မဖြစ်နိုင် ဘူး။ ရှင်းလား...''

ဦးစိန်ထွန်း၏စကားက ပြတ်သားလွန်းသောကြောင့် နောက်ထပ် စောဒကတက်နေစရာ အကြောင်းမရှိတော့။ ရေမြင်းက ခေါင်းငုံ့လျက် မြေကြီးကိုသာ စိုက်ကြည့်နေမိ၏။ အတန်ကြာမှ.....

''ဒါဆိုလည်း ပြီးရောပေါ့ဗျာ''

ဟု တစ်ခွန်းတည်းပြောပြီး လှည့်ထွက်လာခဲ့သည်။

●

ရေမြင်းက....

''ဒီလိုပါပဲ တောက်တဲ့ရာ...။ အခုကိစ္စမှာ ဘယ်သူ့ကိုမှ အပြစ် တင်စရာ အကြောင်းမရှိပါဘူး။ အားလုံးဟာ ကိုယ့်လိုချင်မှု တစ်ခုကိုယ်စီနဲ့ ပဲကွာ''

''ဟုတ်ပါတယ်...။ ငါကလည်း ဦးစိန်ထွန်းကို အပြစ်ပြောနေတာ





မဟုတ်ပါဘူး။ ငါ...သူ့ကို နားလည်ပေးနိုင်ပါတယ်။ အေးဆေးပဲ''

တောက်တဲ့က နှပ်ချေးဖတ်ကို လက်ညှိုးနှင့် လက်မကြားတွင် အလုံးကလေးဖြစ်အောင် လုံးရင်း တစ်ခွန်းချင်း အေးအေးဆေးဆေး ပြောနေ၏။ ထို့နောက် သူကပင်ဆက်၍....

''ငါတို့အတွက်ကတော့ ဘာမှ အကြောင်းမဟုတ်ဘူးလေကွာ။ အရင်ကတည်းက ဒီလိုပဲ ရှိရင်စား၊ မရှိရင် ဗိုက်မှောက်နေနဲ့ ပေါ့ပေါ့ပါးပါး ဖြတ်သန်းလာခဲ့တာပဲ။ ရိုးနေပါပြီ။ ငါစိတ်ပူနေတာက ဟိုကောင်မလေး။ သူကျတော့ စားစရာမရှိရင် ငါတို့လို အေးအေးဆေးဆေး ဒူးနှံပြီး နေနိုင်မှာ မဟုတ်ဘူး''

ရေမြင်းက သက်ပြင်းတစ်ချက်ချပြီး...

''သိပ်လည်း စိတ်မပူပါနဲ့ကွာ။ ဟိုကောင် ငှက်ခါးနဲ့ကြက်ဖကြီးတို့ ရှိပါသေးတယ်။ ဒီကောင်တွေ ကြံဖန်လိုက်ရင် တစ်ခုခုတော့ အဆင်ပြေ လာမှာပါကွ။ အခု ဒီလောက်မိုးချုပ်နေတာတောင် ပြန်မလာသေးပုံ ထောက်ရင် အလုပ်ရနေပြီလား မသိဘူး''

''အေး....တော်တော်တောင် မိုးချုပ်နေပြီ၊ ဒီကောင်တွေ အလုပ် ပဲ ရနေတာလား၊ မဟုတ်ကဟုတ်ကတွေ လျှောက်လုပ်လို့ ဝိုင်းအရိုက် ခံရပြီး သေပဲ သေနေပြီလား မသိဘူး။ ငါတို့ လိုက်ရှာကြည့်ရင် ကောင်းမယ်ထင်တယ်။ ဟိုကောင်မလေးကော...''

''အိပ်နေပြီ၊ ညစာကို မနက်ကကျန်တဲ့ ထမင်းနဲ့ ဆူးပုပ်ရွက်ကို ဟင်းချိုချက်ပြီး ကျွေးထားလိုက်တယ်''

တောက်တဲ့က ထိုင်နေရာမှ ထရင်း ဘောင်းဘီမှ သဲများကို ခါလိုက်ပြီး....

''အိပ်နေရင်လည်း ပြီးတာပဲကွာ။ ထားလိုက်တော့။ လာ...ငါတို့ ဟိုကောင်တွေကို သွားရှာရအောင်''

●



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ငှက်ခါးနှင့်ကြက်ဖကြီးတို့မှာလည်း ပြဿနာတက်နေကြ၏။ ရန်ကုန်မှ ရောက်လာသော မန္တလေးဝါသနာရှင် ညွှန့်သည်များက 'သံပချိုပ်'ဟုခေါ်သော အလွန်အဆိပ်ပြင်းသည့် ငါးတစ်မျိုးကို လိုချင်သောကြောင့် ဖမ်းပေးနိုင်မည့် ရေငုပ်ကျွမ်းကျင်သူကို စုံစမ်းရှာဖွေနေကြောင်း သတင်းကြားရသည့်အတွက် ကြက်ဖကြီးနှင့်ငှက်ခါးတို့က ခပ်တည်တည်ဖြင့် အလုပ်သွားစပ်ကြသည်။

လုပ်အားခအဖြစ် သံပချိုပ်တစ်ကောင်မိအောင် ရေငုပ်ပေးနိုင်လျှင် တစ်သောင်းရမည်ဟု သိရ၏။

ကြက်ဖကြီးက ညွှန့်သည်ရှေ့တွင် ပိုင်ပိုင်နိုင်နိုင်ပြုံးရင်း....

"အို...ခုချိန်ကစပြီး စိတ်အေးအေးသာ ထားနေပေရော့။ ခင်ဗျားတို့ သံပချိုပ်တယ်နှကောင်လိုချင်သလဲ...။ အကောင်တစ်ရာလား အကောင်နှစ်ရာလား။ လိုချင်သလောက် ရရစေမယ်ဗျာ။ လုံးဝ အာမခံတယ်"

ညွှန့်သည်က မျက်လုံးပြူးသွားပြီး....

"ဟာ... အဲသည်လောက်ထိတော့ ဖမ်းရလွယ်ပါ့မလား။ သံပချိုပ်ဆိုတဲ့ကောင်က သိပ်အဆိပ်ပြင်းတာနော်"

"ဩော်.... ပူစရာမရှိ ကြံဖန်ပူနေပြန်ပါပြီ။ ဟောဒီက ငှက်ခါးဆိုတဲ့ ကျွန်တော့်သူငယ်ချင်းက ဒီရွာမှာ အတော်ဆုံးရေငုပ်သမား။ သူဖမ်းပြတဲ့အခါကျရင် တွေ့ပါလိမ့်မယ်။ ဟောတစ်ကောင်၊ ဟောတစ်ကောင်နဲ့ ခရုခွံ လိုက်ကောက်ရသလိုကို တဖျပ်ဖျပ်မိမှာ"

ကြက်ဖကြီးက ပါးစပ်ထဲ တွေ့ကရာတွေ လျှောက်ပြောနေသလောက် ငှက်ခါးကတော့ ဘေးမှာ ငူငူကြီးထိုင်ရင်း မျက်ခမ်းတွေ လှုပ်နေသည်။ သံပချိုပ်တဲ့။ အဆိပ်အပြင်းဆုံးတဲ့။ ဒုက္ခပါပဲ။

ကြက်ဖကြီးကတော့ ခပ်တည်တည်ဖြင့်...

"ဒီလို အတော်ဆုံးရေငုပ်သမားနဲ့ ဆုံရတာ ခင်ဗျားတို့ ကံကောင်းတယ်လို့သာ မှတ်လိုက်ကြတော့ဗျို့။ ကိုင်း...မနက်ဖြန်မနက် ရှစ်နာရီလောက် ပင်လယ်ထဲ ထွက်ကြတာပေါ့။ ဩော်...ဒါနဲ့ ကျွန်တော်တို့ကို





စရံငွေလေးတော့ ချီးမြှင့်လိုက်ပါဦးနော်"

"ဗျာ...။ စရံငွေပေးရမယ်....ဟုတ်လား။ ဘာဖြစ်လို့လဲ"

ညွှန့်သည်က တအံ့တသြပြန်မေးသည်။ ကြက်ဖကြီးက...

"ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန် ရေငုပ်သွားဖို့အတွက် လိုအပ်တာလေးတွေ ဝယ်ရမယ်လေဗျာ။ ပြီးတော့...မနက် ပင်လယ်ထဲထွက်မယ့် စက်လှေကို ဒီညကတည်းက သွားပြီး စရံသတ်ထားမှ ရမှာပေါ့"

"ဩော်... စက်လှေအတွက်ဆိုရင်တော့ မလိုတော့ပါဘူး။ ကျွန်တော်တို့ဘာသာ စက်လှေတစ်စင်း ရှာငှားထားပြီးပါပြီ။ ဒီညတောင် စက်လှေပိုင်ရှင်နဲ့ တွေ့ဖို့ ချိန်းထားသေးတယ်။ ဟော...ဟိုမှာ ပြောရင်းဆိုရင်း လာနေပြီ"

ငှက်ခါးနှင့်ကြက်ဖကြီးတို့က ညွှန့်သည် လက်ညှိုးညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ရာ....

"ဟာ...သေပြီ"

ကြက်ဖကြီးနှုတ်မှ လွှတ်ခနဲ ခပ်တိုးတိုးညည်းလိုက်မိ၏။ ငှက်ခါးလည်း အလိုလိုပင် ခေါင်းကလေးပုပြီး ကိုယ်ကိုကျုံ့ကာ ကွယ်ထားလိုက်မိသည်။ ဝင်လာကြသူများက....

ဦးစိန်ထွန်း၊ မြင့်နိုင်၊ ဘတိုးနှင့် အခြားနှစ်ယောက်။

(သူတို့က ငှက်ခါးနှင့်ကြက်ဖကြီးကို မကြည့်မိကြသေးဘဲ) မြင့်နိုင်ကစ၍ ညွှန့်သည်များကို ကျန်သူများနှင့် မိတ်ဆက်ပေးသည်။

"မိတ်ဆွေတို့ကို စက်လှေငှားမယ့် ပုဂ္ဂိုလ်ပါပဲဗျာ။ သူက ဒီရွာမှာ ငါးဒိုင်လည်း ဖွင့်ထားတယ်လေ။ ရွာမျက်နှာဖုံးသူဌေး ဆိုပါတော့ဗျာ။ အဲ...အဆင်သင့်ချင်တော့ ရေငုပ်ပေးမယ့်လူပါ တစ်ခါတည်း ရလာတယ်ဗျို့။ မိတ်ဆွေတို့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့။ ဟောဒီက ကိုဘတိုးရဲ့ တပည့်နှစ်ယောက်က မိတ်ဆွေတို့ လိုချင်တဲ့ သံပချိုပ်ကို ရအောင် ငုပ်ပေးပါမယ်တဲ့"

"ဟုတ်ကဲ့။ ကျွန်တော့်တပည့်တွေက ပုစွန်တို့၊ ဘာတို့ ငုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကျပါ။ စိတ်ချရပါတယ်။ သုံးကြည့်ပါ''

ဘတိုးကလည်း သူ့လူနှစ်ယောက်ဘက် မေးငေါ့ပြရင်း အသံသြသြကြီးဖြင့် ဝင်ပြော၏။

ညွှန့်သည်က သူတို့ကို အားတုံ့အားနာအကြည့်ဖြင့် ကြည့်လိုက်ရင်း...

''ဟာ...ဒါဆိုရင် အားနာစရာတွေ ဖြစ်ကုန်ပြီဗျာ။ ကျွန်တော်တို့က ဒီမှာ ရေငုပ်သမား ငှားထားပြီးသား ဖြစ်နေပြီ၊ အခုလေးတင်ပဲ၊ ဟောဒီမှာ တစ်ယောက်က ဒီရွာမှာ အတော်ဆုံးရေငုပ်သမားလို့ပြောတာနဲ့...အဲဒါ''

ညွှန့်သည်က ပြောပြောဆိုဆို ငှက်ခါးရှိရာဆီသို့ လက်ညှိုးထိုးပြလိုက်ရာ ဦးစိန်ထွန်း၊ မြင့်နိုင်နှင့် ဘတိုးတို့၏ အကြည့်က ဖျတ်ခနဲ ရောက်လာကြပြီး...

''ဘာ....ဒီကောင် ဟုတ်လား''

''ငှက်ခါးကို..ငှက်ခါးကို...ငှားတယ်။ ဟုတ်လား''

''ဒီကောင်က အတော်ဆုံးရေငုပ်သမား။ ဟုတ်လား...။ ဟား... ဟား...ဟား...။ သေလိုက်ပါတော့။ ဟား...ဟား''

ဘတိုးက လှူမှုရေးယဉ်ကျေးမှု ခေါင်းပါးစွာ တဟားဟား အော်ရယ်နေသောကြောင့် ညွှန့်သည်မှာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေ၏။

ဦးစိန်ထွန်းကတော့ လူကြီးပီပီ သက်ပြင်းချကာ ဦးခေါင်းကို လေးလေးတွဲ့တွဲ့ ခါရမ်းရင်း ငှက်ခါးနှင့်ကြက်ဖကြီးတို့ကို တစ်လှည့်စီ ကြည့်လိုက်ရင်း...

''ခက်တယ်ကွာ...ခက်တယ်၊ မင်းတို့အနေနဲ့ တို့ရွာ နာမည်ပျက်မယ့်ကိစ္စမျိုးကိုတော့ မလုပ်ကြပါနဲ့လို့ ဦးလေး ဖမတ္တာရပ်ခံချင်တယ်ကွာ''

''ဟာ...ဦးလေးကလည်းဗျာ။ ကျွန်တော်တို့က အခု ဘာလုပ်နေလို့လဲဗျ၊ အလုပ်လိုချင်လို့ ရိုးရိုးသားသား လာတောင်းတာပဲဥစ္စာ''

ကြက်ဖကြီးက ဝင်ပြောသည်။ ဦးစိန်ထွန်းက....

''အေးလေ...။ မင်းတို့ ဘာလုပ်တယ်ဆိုတာ မင်းတို့ဘာသာ





မင်းတို့ အသိဆုံးပါ။ မနက်ကလည်း တောက်တဲ့ဆိုတဲ့ကောင် ငါ့ဆီနိုင်မှာလာရှုပ်သွားပြီးပြီ၊ တို့ရွာသားအချင်းချင်းတော့ ပြဿနာမရှိပါဘူး၊ မင်းတို့ကိုစိတ်ဆိုးလည်း ခဏပေါ့။ ပြီးရင် ခွင့်လွှတ်လိုက်ကြတာပဲ မဟုတ်လား။ အခုကိစ္စက တို့ရွာသားအားလုံးကို မင်းတို့လို ကလိမ်ကကျစ်တွေလို့ ထင်သွားရင် မကောင်းဘူးလေ။ ဒါကို စိုးရိမ်လို့ ပြောတာပါ''

ငှက်ခါးက ဝုန်းခနဲ ထရပ်လိုက်ပြီး...

''မဟုတ်ဘူး ဦးလေး။ ဒါ...ကလိမ်ကကျစ် မဟုတ်ဘူး။ကျွန်တော်တို့ တကယ်ကို အလုပ်လုပ်မှာ...။ ဘယ်နည်းနဲ့မဆို ကျွန်တော်တို့ အလုပ်တစ်ခုခု ရမှကိုဖြစ်မယ်''

''အဓိပ္ပါယ်မရှိဘူး။ ဒီအလုပ်ကို လုပ်ရအောင် မင်းတို့က ဘယ်လောက်များ ရေငုပ်နိုင်လို့လဲ''

ဘတိုး ဝင်မေးလိုက်သော လေသံက မာသည်။ ငှက်ခါးကလည်း ချက်ချင်းပင် လေသံမာမာဖြင့် တုံ့ပြန်၏။

''ခင်ဗျားကကော ဘယ်လောက်ရေငုပ်နိုင်လို့လဲ ကိုဘတိုး။ တကယ်ဆို ခင်ဗျားကမှ ရှက်ဖို့ကောင်းတာ။ ကိုယ်တိုင်လည်း မလုပ်ဘဲနဲ့ တပည့်တွေကိုခိုင်းပြီး ရလာတဲ့ပိုက်ဆံကို ခင်ဗျားက အခန့်သား မိုက်ကြေးခွဲဦးမှာ မဟုတ်လား''

''ဘာကွ။ မင်းကများ ငါ့ကို''

ဘတိုးက ဒေါသတကြီးဖြင့် ထရပ်လိုက်စဉ် ရန်ကုန်မှ ညွှန့်သည်များက မျက်စိပျက် မျက်နှာပျက်ဖြင့်...

''ခင်ဗျားတို့ချင်း ပြေလည်အောင် အေးအေးဆေးဆေး ညှိနှိုင်းကြပါဗျာ...။ ကျွန်တော် ကြားထဲက တောင်းပန်ပါတယ်''

သွေးအေးသော မြင့်နိုင်က ဘတိုးကို အသာအယာလက်ကုပ်၏။ ဘတိုး ခဏငြိမ်သွားသည်။ ငှက်ခါးက ဦးစိန်ထွန်း၊ ဘတိုးနှင့် မြင့်နိုင်တို့၏ မျက်နှာများကို တစ်ယောက်ချင်းစီ စေ့စေ့ကြည့်လိုက်ပြီး...

''ကျွန်တော်တို့ကတော့ ဒီအလုပ်ကို ရမှ ဖြစ်မှာမို့ ခင်ဗျားတို့ကို



www.burmeseclassic.com

www.burmeseclassic.com

လုံးဝနောက်မဆုတ်ပေးနိုင်ဘူး။ မကျေနပ်ရင် ကြိုက်တဲ့နည်းနဲ့ ယှဉ်နိုင်တယ်''

ငှက်ခါး၏ လေသံက စူးရှအေးစက်လွန်းနေ၏။ အားလုံး တစ်ခဏမျှ တိတ်ဆိတ်သွားကြသည်။ နောက်မှ မြင့်နိုင်က အနည်းငယ် ရယ်မောလိုက်ပြီး...

''မင်းကလည်းကွာ...ဒေါသကြီးပဲ။ ဟဲ...ဟဲ ဒီလိုလုပ်ပါလား။ မင်းရဲ့ အရည်အချင်းကိုလည်း ဟောဒီက အလုပ်အပ်မယ့် မိတ်ဆွေက တစ်ခါတည်း စိတ်ချသွားအောင်လို့ ကိုဘတိုးတပည့်တစ်ယောက်ယောက်နဲ့ ရေငုပ်ပြိုင်ကြည့်ပါလား။ ဟဲ....ဟဲ သတ္တိရှိရင်ပေါ့လေ''

သူ့စကားအဆုံးတွင် ကြက်ဖကြီးက ထိတ်လန့်တုန်လှုပ်စွာဖြင့် ငှက်ခါး၏ မျက်နှာကို မော့ကြည့်သည်။ ကြက်ဖကြီး၏ အကြည့်က အဓိပ္ပါယ်များစွာပါ၏။

''ဟော့ကောင် ငှက်ခါး မပြိုင်နဲ့။ နောက်ဆုတ်လိုက်။ အဲဒီကောင်တွေက ပုစွန်ငုပ်နေကျ၊ ဝါရင့်ရေငုပ်သမားတွေ။ မင်း ဘယ်လိုမှ မနိုင်နိုင်ဘူး။ သေသွားလိမ့်မယ်''

ဟူသော အသံတိတ်စကားလုံးများဖြင့် ကြက်ဖကြီး၏ မျက်ဝန်းအစုံက တောင်းပန်တားမြစ်နေကြ၏။ ငှက်ခါးကတော့ ဘယ်သူ့ကိုမှ မကြည့်ဘဲ ခေါင်းကို မော့ထားသည်။ သူ ဘာကိုမှမမြင်။ အတန်ကြာမှ....

''ကောင်းပြီ...။ ကြိုက်တဲ့လူ ထွက်ခဲ့။ ကျွန်တော်နဲ့ ရေငုပ်ပြိုင်မယ်''

သူတို့ကို အမောတကော လိုက်ရှာနေသော တောက်တဲ့နှင့် ရေမြင်းတို့က အနီးသို့ ရောက်လာချိန်တွင် ထိုစကားကို ကြားလိုက်ရပြီး ရင်ထဲ ဆို့နင့်သွားကြ၏။

■





# ၁၆

မတ်စောက်သော ကမ်းပါးစပ်တွင် လေက တဟူးဟူးတိုက်ခတ်နေသည်။ လရောင်က မပီဝိုး တဝါး။ ပင်လယ်ပြင်သည် အနက်ရောင် သိပ်သည်း မှောင်မိုက်နေ၏။

ဘတိုး၏ တပည့်ကတော့ ရေငုပ်နေကျ ဖြစ်သောကြောင့် သက်တောင့်သက်သာနှင့်ပင် အဆင်သင့်ဖြစ်နေသည်။ ငှက်ခါးကတော့ ပင်လယ်ပြင်ကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေ၏။ သူ့တစ်ကိုယ်လုံး မလှုပ်မယှက်။

သန္နိဋ္ဌာန်ချထားပြီးသော ငှက်ခါး၏ မတွန့်မဆုတ်မျက်နှာကို မြင်ရသောကြောင့် မြင့်နိုင်နှင့် ဘတိုးတို့ အနည်းငယ် တုန်လှုပ်စပြုလာသည်။ မြင့်နိုင်က ချောင်းတစ်ချက်ဟန့်လိုက်ရင်း....


www.burmeseclassic.com

www.burmeseclassic.com



''မင်း နောက်ဆုတ်ချင်ရင် ပြောနော် ငှက်ခါး။ အချိန်မီသေးတယ်။ တော်ကြာ မင်း ရေထဲမှာ တစ်ခုခုဖြစ်သွားမှာစိုးလို့ ပြောတာ''

''ဟင့်အင်း...။ ကျွန်တော် ဆုံးဖြတ်ပြီးပြီ''

မြင့်နိုင်က အနည်းငယ် တွေဝေနေပြီးမှ...

''ဒါဆိုလည်း....ငါတို့ဟာက အလကားတော့ မငုပ်နိုင်ဘူးကွာ။ လောင်းကြေး စားကြေး လုပ်မလား''

ငှက်ခါးတို့လေးယောက်စလုံး မျက်နှာပျက်သွားကြ၏။ သူတို့ထံတွင် ပိုက်ဆံတစ်ပြားမှမရှိမှန်း သိသောကြောင့် တမင်လောင်းကြေး ခေါ်ခြင်းဖြစ်ကြောင်း သိလိုက်ကြသည်။

ရေမြင်းက...

''ခင်ဗျားမှာကော ပိုက်ဆံဘယ်လောက်ရှိလို့ လောင်းချင်ရတာလဲ။ ဒီမယ်...ငှက်ခါးရှုံးရင် ကျုပ်လှေကို အပိုင်ယူဗျာ''

သူမျှော်လင့်ထားသလို ဖြစ်မလာသောကြောင့် မြင့်နိုင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ပြီးမှ ကလန်ဆန်လျက်...

''မင်းလှေကို ဘာလုပ်ရမှာတုန်းကွ။ ငါ့မှာလည်း ပိုက်ဆံတော့ မရှိပါဘူး။ ဒါပေမဲ့ အဲ.. ဟုတ်ပြီ၊ ဦးလေး...ဦးလေးဖွဲ့ကြိုး ခဏလောက် ပေးဗျာ။ စိတ်ချ။ ဘာမှမဖြစ်စေရဘူး။ ကျွန်တော်ပြန်ပေးမယ်''

မြင့်နိုင်က ဦးစိန်ထွန်းလည်ပင်းမှ ရွှေဆွဲကြိုးကို ခဏတောင်းယူပြီး

''ကြည့်...ဟောဒီမှာ ဘယ်လိုလဲ။ မင်းတို့ လောင်းရဲလား''

ငှက်ခါးတို့လေးယောက် အသံတိတ်ဆိတ်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ ထိုခဏအတွင်းမှာပင် သူတို့အားလုံးသည် တူညီသော တစ်စုံတစ်ရာကို တစ်ပြိုင်တည်း စဉ်းစားမိလိုက်ကြ၏။

''ယင်ကောင်''

တောက်တဲ့က အားလုံးကို 'ခဏစောင့်နေကြဦး'ဟု မှာခဲ့ပြီး ရေမြင်းကို လက်တို့ခေါ်ကာ ကိုက်ငါးရာမျှပင်မဝေးသော သူတို့၏တဲဆီသို့ ပြေးကြသည်။





တဲပေါ်တွင် ယင်ကောင်က ခွေခွေလေး ဘေးတစောင်း လဲလျောင်းပြီး အိပ်မောကျနေ၏။ တောက်တဲ့က ခြေသံမကြားရအောင် ဖွဖွကလေးနင်းပြီး ချဉ်းကပ်သွားလိုက်သည်။

လည်ကုပ်နောက်ဘက်တွင် ခပ်လျော့လျော့ကျနေသည့် ဆွဲကြိုး ချိတ်ကလေးကို အသက်ပင်မရှူရဲဘဲ ညင်သာစွာ ဖြုတ်ယူလိုက်၏။ နောက်...ဖြည်းဖြည်းချင်း ဆွဲယူလိုက်သောအခါ အရိုးခေါင်းပုံ လော့ကက်သီးလေးတန်းလန်းနှင့် ဆွဲကြိုးက လက်ထဲတွင် အလိုက်သင့်ပါလာသည်။

လက်ထဲသို့ ဆွဲကြိုးရောက်လာသောအခါ တောက်တဲ့က ရေမြင်း၏မျက်လုံးများနှင့် ဆုံအောင် တည့်တည့်ကြည့်လိုက်သည်။

သူတို့နှစ်ယောက်စလုံး၏ မျက်ဝန်းများသည် အစိမ်းရောင် ကြေကွဲမှုများဖြင့် အေးစက်နေလေသည်။

●

တောက်တဲ့နှင့် ရေမြင်းတို့ယူလာသော ရွှေဆွဲကြိုးကို မြင့်နိုင် လက်ထဲသို့ ထည့်ပေးရင်း...

''ကဲ...ဘယ်လိုလဲ။ ကျေနပ်ပြီဆိုရင် အလုပ်စကြရအောင်''

တုံ့ပြန်သံ တော်တော်နှင့်ထွက်မလာ။ ခဏအကြာမှ မြင့်နိုင်က မလွှဲသာသောလေသံဖြင့်...

''ဟုတ်ပြီလေ...။ ဒါဆိုလည်း စကြတာပေါ့။ ဒါပေမဲ့ ရေသိပ်နက်တဲ့နေရာတော့ မရွေးပါနဲ့။ ပေသုံးဆယ်လောက်ဆိုရင် တော်ရောပေါ့''

ဦးစိန်ထွန်းက တစ်စုံတစ်ရာ ဝင်ပြောသင့်၊ မပြောသင့် ဝေခွဲမရသည့်ဟန်ဖြင့် ရပ်ကြည့်နေသည်။ ဘတိုးက တားမြစ်တော့မလို ပါးစပ်ပြင်ပြီးမှ ဆုံးဖြတ်ချက်ပြောင်းလိုက်ပုံရ၏။ သူ့တပည့်ရေငုပ်သမားကို ဘယ်သူမှ မကြားနိုင်လောက်သည့် တစ်နေရာသို့ လက်တို့ခေါ်သွားပြီး

''ဒီကောင် အလေ့အကျင့်မရှိတော့ သိပ်ငုပ်နိုင်မှာ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တွာ။ မင်း ရေထဲမှာ ဆယ်မိနစ်လောက်ငုပ်ပြီး ပြန်တက်ခဲ့''

ဟု ခပ်တိုးတိုးမှာနေ၏။ ပြီးမှ ဘတိုးက ဦးစိန်ထွန်းနှင့်မြင့်နိုင်တို့ထံ ပြန်လျှောက်လာသည်။ ဦးစိန်ထွန်းက...

''ဟော့ကောင်တွေ ကြည့်လည်း လုပ်ကြဦးနော်။ ဒုက္ခတွေ များကုန်လိမ့်မယ်''ဟု သတိပေးသောအခါ ဘတိုးက...

''အသာနေ ဦးလေး။ ဒီကောင်တွေကို အဲဒီလို ပညာပေးမှ မှတ်မှာ။ နို့မို့ဆို့ရင် တစ်သက်လုံး ဒီကောင်တွေ အကျင့်ပျောက်မှာ မဟုတ်ဘူး။ ဒီလိုပဲ ရွာထဲမှာ လျှောက်ဒုက္ခပေးလိုက်၊ ပေါ့ပေါ့နေ ပေါ့ ပေါ့စားလိုက်နဲ့။ ဒီတစ်ခါတော့ ကောင်းကောင်း ဆုံးမရမယ်''

''အေးကွ။ ဟုတ်တော့....ဟုတ်တယ်''

ဘတိုး၊ မြင့်နိုင်နှင့် ဦးစိန်ထွန်းတို့ ခေါင်းချင်းရိုက် တိုင်ပင် နေကြစဉ် ငှက်ခါးက သူတို့အားလုံးကို လျှစ်လျူရှုထားလိုက်ပြီး ကမ်းပါး စပ်သို့ လျှောက်သွားကာ သူပြိုင်ဘက်ရေငုပ်သမားနှင့် ယှဉ်လျက် ရပ်နေ လိုက်၏။

ကြက်ဖကြီးက တစ်ဘက်မှ ရေငုပ်သမားကို လှမ်းမေးလိုက်သည်။

''ဟော့ကောင်...မင်း ဘယ်လောက်ကြာကြာ ငုပ်နိုင်လဲ''

ရေငုပ်သမားက စပ်ဖြဲဖြဲဖြင့်...

''ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်တော့ အသာလေးပဲ''

ထိုအဖြေကြောင့် တောက်တဲ့၊ ရွှေမြင်းနှင့် ကြက်ဖကြီးတို့ ကျောရိုးထဲ စိမ့်သွားကြ၏။ ပုံမှန်ရေငုပ်နေကျ လူတစ်ယောက်အဖို့ ထို အဖြေသည် ပိုပိုသာသာပြောခြင်းမဟုတ်မှန်း သူတို့ ကောင်းစွာ နား လည်ကြသည်။

ရွှေမြင်းက စိုးရိမ်တကြီးဖြင့် ငှက်ခါး၏လက်ကို သတိပေး ဖျစ်ညှစ်လိုက်၏။

ငှက်ခါးက အေးတိအေးစက်ဖြင့် သူတို့မျက်နှာများကို တစ် ယောက်စီ ကြည့်လိုက်ပြီး....





''မင်းတို့ ဘာကြောက်နေကြတာလဲ။ ဟိုကောင်...တောက်တဲ့ မင်းရဲ့နှုပ်ချေးဖတ်တွေကို ကလော်မနေစမ်းနဲ့ကွာ။ ဒီမှာ ငါပြောတာကို သေသေချာချာနားထောင်ကြ။ ယင်ကောင်ရဲ့ ဆွဲကြိုးကို ငါ့ကြောင့် ဘယ်နည်းနဲ့မှ မဆုံးရှုံးစေရဘူးလို့ ငါတာဝန်ယူတယ်။ ရှင်းလား။ ကဲ... စမယ်''

ငှက်ခါးက ပြတ်ပြတ်သားသားပြောပြီး တစ်ဘက်လူကို စတင်အချက် ပေးလိုက်သည်။

''တစ်...နှစ်...သုံး''

''ဝုန်း...ဝုန်း''

ရေထဲသို့ နှစ်ယောက်စလုံး ပြိုင်တူ ခုန်ဆင်းသွားကြ၏။ ရေပြင် ပေါ်တွင် ဂယက်များ လှုပ်ရှားရိုက်ခတ်သွားသည်။ နောက်...ပလုံစီ ထလာ၏။

ထို့နောက် ပင်လယ်ရေမျက်နှာပြင်သည် သူ ဘာမှ မသိသလိုပင် သွေးအေးစွာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

တောက်တဲ့၊ ရွှေမြင်းနှင့် ကြက်ဖကြီးတို့ရင်ထဲတွင် လေးလံ နေကြသည်။ ငှက်ခါးသည် သူ့ဘဝတစ်လျှောက်လုံးတွင် ဘာတာဝန်မှ ယူခဲ့ဖူးခြင်း မရှိပါ။

ယခု သူက 'ငါတာဝန်ယူတယ်'ဟူသော စကားကို ပြောသွား သည်။ ယင်းကြောင့်ပင် သူ့တာဝန်ကို သူကျေပွန်အောင် လုပ်လိမ့်မည် ဖြစ်ကြောင်း သူတို့ကောင်းစွာ နားလည်နေကြလေသည်။

သူ့တစ်ကိုယ်လုံး ရေမျက်နှာပြင်နှင့် ထိလိုက်သည်နှင့် တစ်ပြိုင် နက် ငှက်ခါးက အသက်ကို အောင့်ထားလိုက်သည်။ သူ နစ်ဝင်သွား၏။

သာမန်ရေမျက်နှာပြင်ပေါ်တွင် လေဖိအားဖြင့် ရေတစ်စတုရန်း လက်မလျှင် '၁၄.၇'ပေါင်လေး၏။ ရေအနက် '၃၃'ပေရောက်တိုင်း ရေဖိအားက ၁၅ တန် အလေးချိန်အထိ မြင့်တက်လာသည်။

ရေထဲသို့ သူ့တစ်ကိုယ်လုံး အလွယ်တကူ နစ်မြုပ်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အတွက် ငှက်ခါးက သူ၏လက်အစုံကို ဘေးသို့ ဆန့်ကာ ထားလိုက်သည်။ တဖြည်းဖြည်း ပေ(၃၀)အနက် ပင်လယ်ကြမ်းပြင်ပေါ်ရှိ ကျောက်တုံးများနှင့် သူ့ခြေထောက်တို့ စတင်ထိတွေ့၏။

သူ....ရင်ဘတ်ထဲတွင် အောင့်လာသည်။

ဦးစိန်ထွန်း၊ ဘတိုးနှင့် မြင့်နိုင်တို့က နာရီတကြည့်ကြည့်နှင့် ရေမျက်နှာပြင်ပေါ် ဘွားခနဲ ပြန်ပေါ်လာမည့်သူကို စောင့်နေကြ၏။ ပင်လယ်လေ တဝေါဝေါတိုက်ခတ်သံနှင့် လှိုင်းရိုက်သံတို့မှလွဲ၍ အရာရာသည် လူသေမျက်ခွံပေါ်မှ ကြေးပြားစေ့လို အေးစက်တိတ်ဆိတ် နေကြသည်။

သူတို့ စောင့်မျှော်နေကြသူ နှစ်ယောက် ရေထဲသို့ ဆင်းသွားသည်မှာ ငါးမိနစ်ကျော်ပြီ။ ဟော...ခြောက်မိနစ်။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံး၊ လေး။

'ငါမရတော့ဘူးထင်တယ်'

ဟု ငှက်ခါး တွေးလိုက်မိ၏။ သူ့ရင်ဘတ်တစ်ခုလုံး ပွင့်ကန်ထွက်သွားတော့မတတ် နာကျင်နေသည်။ လေ....လေ။ လေကို ရှူရှိုက်ဖို့ လိုအပ်နေပြီ။

မှောင်မိုက်လေးလံသော ရေထုကြီးက သူ့ကို ဖိအားကြီးမားစွာဖြင့် သတ်ဖြတ်နေ၏။ သူ ဘာကိုမှ မမြင်နိုင်တော့။ သိစိတ်သည်ပင် ကင်းလွတ်လုဆဲဆဲ။

ခုနစ်မိနစ်နှင့် ဆယ့်ခြောက်စက္ကန့်။

လူတစ်ယောက် ရေမျက်နှာပြင်ပေါ် ဘွားခနဲ ပေါ်လာ၏။

စောင့်ဆိုင်းနေကြသူများအားလုံးက...

''ဟော...ပေါ်လာပြီ''

အာမေဋိတ်သံပြုရင်း ပြိုင်တူလှမ်းကြည့်လိုက်ကြ။ ဘတိုး၏ တပည့် ပုစွန်ငုပ်သမားဖြစ်နေ၏။ အားလုံးက မတုန်မလှုပ်နှင့် ထိုသူကို ကျော်လွန်ပြီး ပင်လယ်ရေမျက်နှာပြင်ကိုသာ ဆက်လက်ငေးစိုက်ကြည့်





နေဖြစ်ကြ၏။

သူတို့အားလုံးသည် ငှက်ခါးကို စောင့်မျှော်နေကြခြင်းဖြစ်သည်။

သူ ပင်လယ်ရေအောက် ရောက်နေသည်မှာ နာရီပေါင်းများစွာ ကြာမြင့်လှပြီဟု ငှက်ခါး အောက်မေ့နေမိ၏။ အမှောင်ထုထဲတွင် သူ၏ သိစိတ်သည် ဟိုးအဝေးကြီးသို့ လွင့်ပါသွားလိုက်။ သူ့အနီးသို့ တဖြည်းဖြည်းပြန်မျောပါလိုက်နှင့်။

သူ့တစ်ကိုယ်လုံးကို အသုတ ခေါင်းတလားထဲထည့်ပြီး အဖုံးပိတ်သံရိုက်ထားသလို ခံစားရသည်။

နောက်ဆုံး အသိစိတ်ကလေး သူ့ထံသို့ ပြန်ရောက်လာသည့် အချိန်တွင် ငှက်ခါးသည်....

''ငါ...သေချင် သေပစေတော့''

ဟု ဆုံးဖြတ်ရင်း နံဘေးရှိ ရေအောက် ကျောက်ဆောင်တစ်ခုကို မြဲမြံစွာ ကုတ်ကပ်ဖက်တွယ် ထားလိုက်သည်။

အဲသည်နောက် သူ ဘာမှမသိတော့။

ရေမြင်းက ဘာလုပ်ရမည်မှန်းမသိသဖြင့် သူ့လက်ဖဝါးနှစ်ဘက်ကိုသာ ဂနာမငြိမ်စွာ ပွတ်သပ်နေမိသည်။ ထိုစဉ် နာရီကို ငုံ့ကြည့်နေသော ဦးစိန်ထွန်းက...

''ဆယ်မိနစ်၊ ဆယ်မိနစ်တောင် ရှိသွားပြီကွ''

ဟု တုန်ရီသောအသံကြီးဖြင့် ပြောလိုက်၏။ ထိတ်လန့် ချောက်ချားမှုတစ်ခုသည် သူတို့အားလုံး၏ အပေါ်သို့ အဝတ်စ အနက်ရောင်တစ်ထည်လို လွှမ်းခြုံအုပ်မိုးလာသည်။

''တစ်ခုခုတော့ လုပ်ကြမှဖြစ်မယ်။ ဟေ့...ဟေ့ကောင်တွေ မင်းတို့...''

စိုးရိမ်တကြီးပြောလိုက်သော မြင့်နိုင်၏ စကားမဆုံးသေးခင်မှာပင် တောက်တဲ့၊ ရေမြင်းနှင့် ကြက်ဖကြီးတို့သည် တစ်ပြိုင်တည်း ပြေးထွက်သွားကြပြီး ပင်လယ်ထဲသို့ လက်တွဲကာ ခုန်ချလိုက်ကြတော့၏



www.burmeseclassic.com

www.burmeseclassic.com

ဘတိုးကလည်း သူတပည့် ရေငုပ်သမားနှစ်ယောက်အား ငှက်ခါးကို ရှာဖို့ အချက်ပြလိုက်သည်။

သူတို့သည် ကလေကချေဟု အစက သူတို့ သတ်မှတ်ထားခဲ့ကြသည့် လူတစ်ယောက်အတွက် စိုးရိမ်နေကြသည်။ ကလေကချေဆိုသည်မှာ ဘာလဲ...။ လူ့တန်ဖိုးဆိုသည်မှာ ဘာလဲ...။

အရင်တုံးကကော ဘာဖြစ်လို့ ဒီလူတစ်ယောက်ရဲ့ တန်ဖိုးကို အသိအမှတ်မပြုခဲ့ကြတာလဲ...။ ရေအောက်တွင် အသက်ရှုခွင့် မရတော့သည့်အခါတွင်မှ လူသားတစ်ဦးကို စာနာရမည်လား...။

ကုန်းပေါ်တွင် လေကို ရှူရှိုက်ခွင့်ရနေတုန်းကတော့ လူသားအားလုံး ညီတူညီမျှ ရခဲ့ကြတဲ့ အခွင့်အရေးကို ဘာဖြစ်လို့ ခွဲခြားသတ်မှတ်ချင်ကြရတာလဲ...။

တကယ်တော့ လူတိုင်းသည် (အလိုဆန္ဒများ အားလုံးထက်ပို၍ အရေးကြီးသော)လေကို ရှူရှိုက်ဖို့အတွက် အသက်ရှင်နေကြခြင်းဖြစ်ကြောင်း အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါး သဘောပေါက်ဖို့ကောင်းပါသည်။

ရေအောက်တွင် ကျောက်ဆောင်တစ်ခုကို တွယ်ဖက်လျက် သတိလစ်နေသည့် ငှက်ခါး၏လက်များကို ခဲယဉ်းစွာ ဖြုတ်ရသည်။ ရေမျက်နှာပြင်ပေါ် ရောက်သည့်အခါတွင်လည်း ကမ်းပေါ်သို့ ချက်ချင်းတင်၍ မရသေး။ ဖိအားအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်အောင် ရေထဲတွင် ငါးမိနစ်ခန့်ထားပြီး သတိလည်လာအောင် ပြုစုပေးရ၏။

သတိပြန်ရလာသည်နှင့်တစ်ပြိုင်နက် ငှက်ခါး၏ နှုတ်မှ...

''ဆွဲကြိုး။ ယင်ကောင်ရဲ့ ဆွဲကြိုးရော...''

ဦးစိန်ထွန်းက အရိုးခေါင်းပုံ ဆွဲကြိုးလေးကို ငှက်ခါး၏ လက်ဖဝါးထဲသို့ ထည့်ပေးလိုက်သည်။

ဆွဲကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် ငှက်ခါးက ကုန်းရုန်းပြီး ထရပ်လိုက်ရာ...





''ဟော့....ဟော့ ငှက်ခါး။ ခဏနားဦးလေကွာ''

''နေဦး... ငှက်ခါး။ ဦးလေး ပြောစရာရှိလို့''

ဦးစိန်ထွန်း၊ ဘတိုးနှင့် မြင့်နိုင်တို့ ဝိုင်းပြီးတားနေကြသည်ကို လစ်လျူရှုပြီး....

''ရတယ် ဦးလေး။ ကျွန်တော် အိုကေပဲ။ ဘာမှမဖြစ်ဘူး။ ပြောစရာရှိတာကို ကျွန်တော့်သူငယ်ချင်းတွေနဲ့ပဲ ရှင်းတော့''

ငှက်ခါးက မောဟိုက်သံဖြင့် ပြောရင်း သူ့တဲအိမ်လေးဆီသွားဖို့ ခြေလှမ်းပြင်လိုက်သည်။

ယင်ကောင်၏ ဆွဲကြိုးကလေးက သူ့လက်ထဲမှာ တန်းလန်း။

■

www.burmeseclassic.com

www.burmeseclassic.com


# ၁၇

ပြတင်းပေါက်တံခါးမရှိသော တဲအိမ်ကလေး ထဲတွင် လရောင်က မှုန်ရီပြာလဲ့နေ၏။ ခုတင်ပေါ်တွင် ဘေးတစောင်း ခွေလျက်ကွေးကွေးလေး အိပ်နေသော ယင်ကောင်ကို မြင်ရသည်။

ငှက်ခါးက ခုတင်နံ့ဘေးတွင်ရပ်ကာ ယင်ကောင်၏ မျက်နှာကို ငုံ့ကြည့်လိုက်၏။ သူမ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ ဆင်းရဲခြင်းနှင့် သောကအလုံးစုံတို့သည် လွင့်ပျယ်နေ၏။ ဟန်ဆောင်ခြင်းတို့သည်လည်း လွင့်ပျယ်နေ၏။ မျှော်လင့်ခြင်းတို့သည်လည်း လွင့်ပျယ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ခြင်းသည် ကမ္ဘာဦးအစက ပွင့်သော ပန်းလို သန့်စင်နေလေသည်။

ငှက်ခါးက ကိုယ်ကို ကိုင်းညွတ်ပြီး ဆွဲကြိုး၏ တစ်ဘက်အစကို အိပ်ပျော်နေသော ယင်ကောင်၏ လည်ပင်းအောက်ဘက်မှ လျှိုသွင်းရန် ကြိုးစားသည်။

ဆွဲကြိုးစကာ လည်ပင်းအောက်သို့ ရောက်သွားသော်လည်း တစ်ဘက်မှ ပြန်ဆွဲထုတ်ဖို့ ခဲယဉ်းနေ၏။

ယင်ကောင်ကို နိုးလည်း မနိုးသွားစေချင်။ သည်ကြားထဲ ရေငုပ်လာရသဖြင့် မောဟိုက်ပင်ပန်းနေသောကြောင့် ငှက်ခါး၏လက်တွေက တုန်ယင်နေသည်။

သူ သတိကြီးစွာဖြင့် ဆွဲကြိုး၏ အစနှစ်ဘက်ကို ချိတ်မိအောင် ကြိုးစားသည်။ ထိုအခိုက်မှာပင်...

ငှက်ခါး၏ ရွှဲရွှဲစိုနေသော ဆံပင်ပေါ်မှ ရေစက်တစ်စက်သည် ယင်ကောင်၏ ပါးပြင်ပေါ်သို့ 'ပေါက်'ခနဲ ကျသွားရာ ယင်ကောင်က လန့်နိုးသွားပြီး...

"ဟင်...ရှင်...ရှင်"

သူမ၏ လည်ပင်းဆီ ကိုင်းညွတ်နေသော ငှက်ခါး။ သူ့လက်ထဲမှ ဆွဲကြိုးတို့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်...

"ဖြန်း"

ပါးရိုးပေါ် ပြင်းထန်စွာ လွှဲရိုက်ခံလိုက်ရသော လက်ဖဝါးအားကြောင့် မောပန်းအားပြတ်နေသည့် ငှက်ခါးမှာ ဝုန်းခနဲ ပစ်လဲကျသွား၏။

"ရှင်...ရှင်...ကျွန်မ ဆွဲကြိုးကို ခိုးတယ်။ သူခိုး ရှင်...သူခိုး"

ကြမ်းပြင်ပေါ် လဲကျနေသော ငှက်ခါးကတော့ ပြန်မထဖြစ်သေး။ မောဟိုက်စွာဖြင့် အသက်ကို ရှူရိုက်ရင်း သူ့ကို ဒေါသတကြီး စွပ်စွဲနေသော ယင်ကောင်ကို ငေးကြည့်နေမိသည်။

တကယ်လည်း သူ့မှာ ပြောစရာ စကားမရှိပါ။ သူ ဒီအတိုင်းပင်





ကြည့်ရှုံ့သက်သက်လေး ကြည့်နေ၏။

ထိုအချိန်တွင် တဲပေါ်သို့ရောက်လာသော တောက်တဲ့ ရေမြင်းနှင့် ကြက်ဖကြီးတို့ကတော့ ငြိမ်သက်စွာ လက်ပိုက်လျက် ရပ်နေရင်း အခြေအနေအားလုံးကို စောင့်ကြည့်နေကြ၏။

မည်သူကမျှ တစ်ခွန်းမှ ဝင်မပြော။ သူတို့အားလုံး နေတတ်ကြပါသည်။ သူတို့သည် အရာရာနှင့် နေသားတကျ နေတတ်ကြသူများဖြစ်၏။

ငှက်ခါးက တံခါးဝဆီသို့ လှမ်းကြည့်လိုက်ပြီး သူ့သူငယ်ချင်းများကို မြင်သည့်အခါ လဲကျနေရာမှ အားယူကုန်းထလာသည်။

ယင်ကောင်ကတော့ ဒေါသဖြင့် အသားတွေ တဆတ်ဆတ်တုန်ကာ အသက်ရှူသံတွေ ပြင်းနေ၏။ ငှက်ခါးက သူမကို လှည့်မကြည့်တော့ဘဲ ဆွဲကြိုးကို ပစ်ချပေးခဲ့ပြီး တဲတံခါးဝဆီသို့ တရွေ့ရွေ့လျှောက်လာ၏။

တံခါးအနီးသို့ ရောက်သောအခါ ရေမြင်းနှင့် ကြက်ဖကြီးက ဆီးကြို တွဲယူလိုက်သည်။ သူတို့ အောက်သို့ ဆင်းလိုက်သည့်အချိန်မှာပင် တဲဆီသို့ ခပ်သုတ်သုတ်အမီလိုက်လာသော ဦးစိန်ထွန်းနှင့် ဆုံ၏။ ဦးစိန်ထွန်းက...

"ငှက်ခါး။ စောစောကကိစ္စအတွက် ဦးလေးတို့ကို စိတ်မရှိပါနဲ့ကွာ။ တကယ်အလုပ်လုပ်ဖို့ မင်းတို့ ဒီလောက်အလေးအနက်ထားမှန်း ဦးလေးတို့ မသိလို့ပါ။

အစကတည်းက အကျိုးသင့်အကြောင်းသင့် သိထားရင် ဒီလိုအသက်အန္တရာယ်နဲ့ နီးတဲ့အထိ မလုပ်ပါဘူး။ ပြေလည်ရာပြေလည်ကြောင်းကို ဦးလေး တစ်ခုခုစီစဉ်ပေးတာပေါ့။ အခုတော့..."

စကားပြောရင်းတန်းလန်းနှင့်ပင် ဦးစိန်ထွန်း၏ မျက်လုံးများက တဲအတွင်းမှ ယင်ကောင်ဆီသို့ ရောက်သွား၏။ သူ့စိမ်း မိန်းကလေး တစ်ယောက်ကို မြင်လိုက်ရသောကြောင့် ပြောလက်စ စကားများ တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ပျက်နှင့် ရပ်တန့်သွားသည်။

ယင်ကောင်ကလည်း အံ့သြစိတ်ရှုပ်ထွေးသည့် အကြည့်ဖြင့် ပါးစပ်အဟောင်းသားဖွင့်ဟလျက် ငှက်ခါးတို့လေးယောက်ကို တစ်လှည့်၊ ဦးစိန်ထွန်းကိုတစ်လှည့် ကြည့်နေ၏။

တောက်တဲ့က ယင်ကောင်ရှိရာသို့ လက်မဖြင့် နောက်ပြန် ညွှန်ပြရင်း....

"ဦးလေး အကျိုးသင့် အကြောင်းသင့် သိချင်ရင် သူ့ကိုသာ မေးကြည့်ပေတော့။ ကျွန်တော်တို့ အလုပ်လုပ်ချင်ရတဲ့ အဓိကအကြောင်း ရင်းက သူ့ကြောင့်ပဲ"

ဟု အေးစက်စက်ပြောပြီး ရွှေမြင်း၊ ကြက်ဖကြီးတို့နှင့်အတူ ငှက်ခါးကိုတွဲကာ အမှောင်ထုထဲသို့ တရွေ့ရွေ့ တိုးဝင်သွားကြတော့သည်။

ယင်ကောင်က မိန်းမောမှုနေရာမှ နိုးထလာသူတစ်ယောက်လို...

"ဘာ... ဘာတွေဖြစ်နေကြတာလဲဟင်"

ဦးစိန်ထွန်းက သူ နားလည်သရွေ့ ရှင်းပြဖို့ရန် ချောင်းတစ်ချက် ဟန့်လိုက်၏။

"အင်း...ဘယ်ကစပြောရမလဲဆိုတော့"

■





# ၁၈

ဘယ်သူကမှ အပြစ်မတင်သော်လည်း သူမ ဘာသာ သူမ အပြစ်ရှိသလို ခံစားနေရသည်။ သူမ တစ်ညလုံး အိပ်၍မပျော်တော့။

မနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် လှေ ဒေါက်တင်သည့် တဲဆီသို့ သူမ အပြေးထွက်လာခဲ့ သည်။ လှေပေါ်တွင် ပုဆိုးစုတ်ကို ခေါင်းမြီးခြုံလျက် အိပ်နေသော ရွှေမြင်းတစ်ယောက်တည်းကိုသာ တွေ့ရ ၏။

"ကိုရွှေမြင်း ကိုရွှေမြင်း ထပါဦး...။ ဪ... ထပါဦးဆို။ ကိုငှက်ခါးကောဟင်...ကိုငှက်ခါးကော"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်....ငှက်ခါးလား...။ မသိဘူးလေ...။ မနက်ကတည်းက ဒီကောင်တွေသုံးယောက် တစ်ယောက်တစ်လမ်းစီ ထွက်သွားကြတာပဲ"

"ကိုငှက်ခါး ကျွန်မကို စိတ်ဆိုးသွားပြီထင်တယ်။ ကျွန်မ...ကျွန်မ သူ့ကို ဘယ်လိုတောင်းပန်ရမလဲဟင်"

ယင်ကောင်က စိုးရိမ်တုန်လှုပ်စွာ ပြောနေသလောက် ရေမြင်းက ပျင်းရိပျင်းတွဲ သန်းဝေလိုက်ရင်း...

"ထားလိုက်ပါ...။ ဒီကိစ္စက အရေးမကြီးပါဘူး။ အရေးကြီးတာက ငါပြန်အိပ်လိုက်ဦးမယ်"

ဟု ပြောပြီး တစ်ဘက်သို့ ပြန်စောင်းကာ အိပ်ပျော်သွား၏။

ယင်ကောင်တစ်ယောက်တည်း ထရမလို ထိုင်ရမလိုဖြစ်ပြီး ဂနာမငြိမ်စွာဖြင့် လေ့အနီးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိ၏။

သူမ၏စိတ်တွေ ယောက်ယက်ခတ်နေသည်။ မနေ့ညက ကိစ္စကို ဦးစိန်ထွန်း အစအဆုံးရှင်းပြ၍ သိလိုက်ရချိန်ကတည်းက သူမ ဆောက်တည်ရာ မရတော့။

ကိုယ့်ကိုကိုယ်သာ ထပ်တလဲလဲ အပြစ်တင်နေမိတော့သည်။ ဘုရားရေ...။ ငါ....ဘာဖြစ်လို့များ သူ့ကို သူခိုးလို့ စွပ်စွဲလိုက်မိပါလိမ့်။ (သူမ အိပ်တစ်ဝက် နိုးတစ်ဝက်အချိန်တွင် ရုတ်ချည်းပေါ်ပေါက်လာသော ဆင်ခြင်တုံတရားမပါသည့် အလိုအလျောက်တုံ့ပြန်မှုကြောင့်လည်း ဖြစ်နိုင်ပါသည်)

ယခုအချိန်မှာတော့ ငှက်ခါးထံမှ ရက်စက်ရန်လိုသော တန်ပြန်ပေးဆပ်မှုတစ်ခုခု သို့မဟုတ် "ခွင့်လွှတ်ပါတယ်"ဟူသည့် စကားတစ်ခွန်းခွန်းကို မကြားရဘဲ သေသွားခဲ့လျှင်တောင်မှ သူမ တစ္ဆေဘဝမှ ကျွတ်လွတ်နိုင်တော့မည် မထင်ပါ။

အဆုံးအစမဲ့သော သောင်ပြင်ဆီသို့သာ သူမ အဓိပ္ပါယ်မဲ့ငေးကြည့်ရင်း တစ်စုံတစ်ခုဖြစ်ပွားလာမည်ကို တောင့်တ စောင့်ဆိုင်းနေမိ





လေသည်။

ထိုအချိန်တွင် ကြက်ဖကြီးတစ်ယောက်တည်း လှေဆီသို့ လမ်းလျှောက်ပြန်လာသည်ကို တွေ့လိုက်ရ၏။ ယင်ကောင်က ကြက်ဖကြီးဆီသို့ အမောတကောပြေးသွားရင်း...

"ကိုငှက်ခါးကောဟင်။ ကိုငှက်ခါးကော..."

ကြက်ဖကြီးက ခေါင်းကုတ်ကာ စဉ်းစားလိုက်ပြီး...

"မသိဘူးဟ။ ရှာထဲသွားတယ် ထင်တယ်"

ဖြေပြီးသည်နှင့် လှေဆီသို့ ဆက်သွားရန် ခြေလှမ်းပြင်လိုက်ရာ ယင်ကောင်က ကြက်ဖကြီး၏ အကျီစကို အတင်းဖမ်းဆွဲထားပြီး...

"နေဦး ကျွန်မပြောမယ်။ သိပ်အရေးကြီးတယ်။ ကျွန်မ ကိုငှက်ခါးကို တွေ့ရမှ ဖြစ်မယ်။ ကျွန်မ သူ့ကို...သူ့ကို တောင်းပန်ချင်တယ်။ ဒါမှ သူ မကျေနပ်ဘူးဆိုရင် ကျွန်မကို ရိုက်ချင်လည်းရိုက်၊ သတ်ချင်လည်း သတ်ပါ။ ကျွန်မ လည်စင်းခံဖို့ အသင့်ပါပဲ။ ကျွန်မ...ကျွန်မကို သူနဲ့ တွေ့ပေးပါ။ ကျွန်မ သူ့ရှေ့မှာ ဒူးထောက် တောင်းပန်ချင်လို့ပါ"

ယင်ကောင်၏ စကားလုံးတွေထဲမှာ ရှိုက်သံသဲ့သဲ့ ပါလာ၏။ မျက်ဝန်းထောင့်မှ မျက်ရည်စက်တစ်စက် လိမ့်ဆင်းလာသည်။

သို့သော် ကြက်ဖကြီးကတော့ လေသံအေးအေးကလေးဖြင့်ပင်....

"ကိစ္စမရှိပါဘူးကွာ...။ တောင်းပန်ဖို့မှ မလိုတာ။ မေ့လိုက်...မေ့လိုက်။ အားလုံး အေးအေးဆေးဆေးပေါ့။ အဲ...နေဦး။ ငါသွားလိုက်ဦးမယ်"

"ဟင့်အင်း...ဘာလို့ တောင်းပန်ဖို့ မလိုရမှာလဲ။ ကျွန်မက သူ့ကို စော်ကားခဲ့တာ။ ကျွန်မက မှားယွင်းခဲ့တာလေ။ သူ ကျေနပ်အောင် တောင်းပန်ရမှ ဖြစ်မှာပေါ့။ ကျွန်မကို ဒီလိုအနုနည်းနဲ့ မနှိပ်စက်ကြပါနဲ့တော့ရှင်...။ သူ...ဘယ်မှာလဲ။ သူ...ဘယ်မှာလဲ။ ကျေးဇူးပြု ခေါ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲနာကျင်သော သီချင်းတစ်ပုဒ်ကို ဟစ်ကြွေးသလိုမျိုး သူမ ငိုယိုတမ်းတနေမိ၏။ ကြက်ဖကြီးက သူမကို တအံ့တသြကြည့် လိုက်ရင်း...

"အေးလေ...။ မင်း မှားတယ်ဆိုတဲ့အကြောင်း ငှက်ခါးလည်း သိတယ်၊ ဟော...အခု မင်းလည်းသိတယ်။ ကာယကံရှင်နှစ်ယောက်စလုံး သိသွားပြီလေ။ ကဲ....ပြီးပြီပေါ့။ ရှင်းနေတာပဲ။ ဘာလိုသေးလို့လဲ"

ကြက်ဖကြီးပြောသည့် စကားက ရိုးစင်းပြီး ရှင်းလင်းလွန်း နေသောကြောင့် သူမ အထိတ်တလန့်ပင် အံ့သြကြက်သေ သေသွားမိ၏။ ဘာဆက်ပြောရမည် မသိ။ ဘယ်လိုတုံ့ပြန်ရမည်ကို မသိ။ ကြက်ဖကြီး၏ အင်္ကျီစကို ဆုပ်ကိုင်ထားသည့် သူမ၏လက်ချောင်းများ ပြေလျော့ကျသွား သည်။ ကြက်ဖကြီးကတော့ သူမကို ခေါင်းတညိတ်ညိတ်ဖြင့်ပင် ကြည့်ရင်း လှေဆီသို့ ထွက်ခွာသွား၏။

ယင်ကောင်က ငိုင်တွေ စဉ်းစားရင်း ကျန်ရစ်ခဲ့သည်။ သူမ၏ ဦးနှောက်တွေ ဗလာဟင်းလင်းဖြစ်နေ၏။ နှလုံးသားထဲတွင် နာကျင်မှု တစ်ခုသာ ပြင်းပြင်းပျပျ ပူလောင်နေတော့သည်။

လှေဒေါက်တင်သည့် တဲထဲမှ ကြက်ဖကြီး ပြန်ထွက်လာသည်။

သို့သော် ခြေလှမ်းဆယ်လှမ်းမျှ ပြည့်အောင် မလှမ်းရသေး ခင်မှာပင် သူ ပြုန်းခနဲ ရပ်တန့်လိုက်ရ၏။

သူ သွားမည့်လမ်းကို ယင်ကောင်က ပိတ်ပြီး ရပ်ထားခြင်း ကြောင့်ဖြစ်သည်။ သူမ၏ အသွင်သဏ္ဌာန်က ကျောက်ဆစ်ရုပ်ထုတစ်ခု နှင့်တူနေ၏။ နည်းနည်းမှ မလှုပ်။ မရွေ့လျား...။

ယင်ကောင်က....

"ကျွန်မကို တစ်ခုတော့ အမှန်အတိုင်း ပြောခဲ့ပါ။ ရှင်တို့အားလုံး ကျွန်မကို စိတ်နာနေကြတယ်မဟုတ်လား။ ကျွန်မကို ရှင်တို့ ခွင့်မလွှတ်နိုင် ကြတော့ဘူး မဟုတ်လား...။ ပြောပါ။ ဘာကိုမှ မငဲ့ဘဲ ပြောချလိုက်ပါ။ ရှင်တို့ ကျွန်မကို စိတ်နာနေကြတယ်ဆိုရင်လည်း ကျွန်မ...ကျွန်မ ဒီကနေ



ထွက်သွားပါတော့မယ်"

သူမ၏စကားကြောင့် ကြက်ဖကြီး စိတ်ညစ်သွားသည်။ သူ သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ကြက်ဖကြီးက (ရိုးစင်းလွယ်ကူသော သင်္ချာတစ်ပုဒ်ကို ဘယ်လို ရှင်းပြ ရှင်းပြ သဘောမပေါက်နိုင်လောက်အောင်) ညံ့ဖျင်းဉာဏ်ထိုင်းသော တပည့်တစ်ယောက်ကို သနားနေရသည့် အကြည့်မျိုးဖြင့် ယင်ကောင်ကို ကြည့်လိုက်၏။ ထို့နောက်....

"မင်းကလည်း ငါတို့ကို ခုထိ သဘောမပေါက်နိုင်သေးပဲကိုး။ နာကျည်းတာတို့၊ တောင်းပန်တာတို့၊ ခွင့်လွှတ်တာတို့ဆိုတာတွေက ကြေးစားဇာတ်ဆရာတွေ ဆင်လေ့ရှိတဲ့ ခံ့ညားညားအကွက်တွေပါ။ လူ့ဘဝမှာ တကယ်တမ်းတော့ သိပ်အရေးပါလှတာ မဟုတ်ပါဘူးကွာ။

ခက်တာက တကယ့်လူတွေက အဲဒီလိုဆင်ထားတဲ့ ပြဇာတ် အကွက်တွေကို အတုခိုးခိုးပြီး တကယ့်လူ့ဘဝထဲမှာ လာသရုပ်ဆောင် နေကြတာပဲ၊ ဘဝဆိုတာ သူ့ဘာသာသူ ဖြစ်စရာရှိတာ ဖြစ်ပြီး ပျက်စရာ ရှိတာ ပျက်သွားတာ။ အဲဒါကို အလိုက်သင့် ပေါ့ပေါ့ပါးပါးလေးမနေဘဲ ဘာလို့ ဇာတ်နာအောင် လုပ်ချင်ကြတာလဲ။ ငါတော့ မသိဘူး"

ကြက်ဖကြီး၏ စကားလုံးတွေက ဘယ်သူ့ကိုမှ ရည်ရွယ်ပြီး ပြောခြင်းမဟုတ်သလို လေထဲမှာ လွင့်မျောပြန့်ကျဲနေ၏။ နောက်တော့ သူက ယင်ကောင်ကို သောင်စပ်နားဆီသို့ ညွှန်ပြပြီး 'ကဲ...လာ။ ဟိုနားမှာ သွားထိုင်ရအောင်။ မင်းကို အေးအေးဆေးဆေး ပြောပြချင်တယ်' ဟု ပြောလိုက်သည်။

သူတို့နှစ်ယောက် ကမ်းစပ်တွင် ထိုင်မိကြသောအခါ ကြက်ဖ ကြီးက

"လူတွေက ဘဝမှာ ကိုယ့်ကိုယ်ကို ဇာတ်လိုက်လို့ ထင်နေကြ တာချည်းပဲ။ လောက ပတ်ဝန်းကျင်တစ်ခုလုံးဟာ ကိုယ့်ကို ဗဟိုပြုပြီး ဖြစ်ပျက်နေကြသလိုမျိုး တွေးတတ်ကြတယ်။ အဖြစ်အပျက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာ ကိုယ်က သိပ်ပြီး အရေးပါနေသလို ကိုယ့်ကိုယ်ကို ထင်နေကြတယ်။

မင်းလည်း ဒီလိုပဲ ယင်ကောင်။ အခုဖြစ်သွားတဲ့ ကိစ္စအားလုံးထဲမှာ မင်းကိုယ်မင်း ဇာတ်လိုက်မင်းသမီးလို့ ထင်နေပုံရတယ်။ မဟုတ်ပါဘူး။ ဟောဒီ....လောကကြီးဟာ မင်း မမွေးခင်ကတည်းက ရှိနေတာ။ မင်းသေသွားလည်း ရှိနေဦးမှာပဲ။ မင်းဆိုတဲ့ လူတစ်ယောက် မရှိရုံနဲ့ လောကကြီးဟာ ဘာမှဖြစ်မသွားဘူး။ သူ့ဘာသာသူ ခုတ်မောင်းနေမှာပဲ။ ဒါကို သဘောမပေါက်ဘဲ မင်းက အလုပ်တွေရှုပ်နေတယ်။ ကြောက်ခွဲရတာတွေ၊ အတိတ်ကို မေ့ဖျောက်ပစ်ချင်ရတာတွေ၊ ရှုချင်ယောင် ဆောင်ရတာတွေနဲ့ မင်းဘာသာမင်း တစ်ယောက်တည်း ပြဇာတ်ကနေတယ်။ မင်းခံစားချက်တွေကို ကြီးကျယ်ခမ်းနားလှချည်ရဲ့လို့ မင်းတစ်ယောက်တည်း ထင်နေတယ်''

ကြက်ဖကြီးက သဲပွင့်များကို လက်ခုပ်ဖြင့် ခပ်ယူကာ ကမ်းစပ်ဆီသို့ ပစ်ချလိုက်သည်။ သူ့လက်ထဲမှ သဲပွင့်တို့သည် ကမ်းစပ်တွင် ရှိနေသည့် မရေမတွက်နိုင်သော သဲပွင့်များနှင့် ရောနှောကာ သူလိုကိုယ်လိုပင် ပျောက်ကွယ်သွား၏။

ခံစားချက်အရာများသည် သဲပွင့်များနှင့် တူလှပါသည်။ ကိုယ့်လက်ခုပ်ထဲတွင် ဆုပ်ကိုင်ထားစဉ်တုန်းကတော့ 'ဟုတ်လှပြီ'ဟု ထင်စရာကောင်းသော်လည်း တကယ်တမ်းလွှတ်ချလိုက်သောအခါ အခြားသဲပွင့်သဲမှုန်တွေလို အရောရောအနှောနှောဖြစ်ကာ ဘာမှ မဟုတ်တော့ဘဲ ပျောက်ကွယ်သွားသည်သာဖြစ်၏။

ကြက်ဖကြီးက....

''တကယ်တော့ မင်း 'ရင်နင့်လှချည်ရဲ့'လို့ ခံစားနေရတာတွေ အားလုံးဟာ ဘာမှမဟုတ်တဲ့ သဲပွင့်လေးတွေပါ။ မေ့ချင်လွန်းလို့ဆိုပြီး အတင်းကြီးမေ့ဖို့ ကြိုးစားနေစရာလည်း မလိုဘူး။ ရှုချင်ယောင် ဆောင်နေဖို့လည်း မလိုဘူး။ သူ့ဘာသာသူ မေ့ချိန်တန်ရင် အလိုလိုပြီးဆုံး





မေ့ပျောက်သွားမှာပဲ။

ဘာကိုမှ အတင်းကြီး လုပ်မယူပါနဲ့ ယင်ကောင်။ ဖြစ်နိုင်ရင် ပေါ့ပေါ့ပါးပါးကလေး နေထိုင်လိုက်ပါ။ ဥပမာ...ငါတို့လိုပေါ့။ ဘာကိုမှ 'ကပ်ငြိမှု'မထားနဲ့။ လွတ်လပ်အောင်နေ။ 'ကပ်ငြိမှု'ဆိုတာ ပါဠိလို 'လောဘ'လို့ ခေါ်တယ်။ လူတွေ ရမ်းသန်းပြီး အဓိပ္ပါယ်ဖွင့်နေကြသလို လောဘဟာ 'လိုချင်တပ်မက်မှု'မဟုတ်ဘူး။ 'ကပ်ငြိမှု'လို့ပဲ အဓိပ္ပါယ်ရတယ်။

လူ့ဘဝဆိုတာ ဘာများ ကပ်ငြိစရာရှိလို့လဲ။ အားလုံးဟာ သဲပွင့်သဲမှုန်တွေချည်းပါပဲကွာ''

''ဒါဆို ကျွန်မကလည်း ရှင်တို့အတွက် အရေးမကြီးတဲ့ သဲမှုန်သဲပွင့်ကလေးတစ်ခုပဲပေါ့။ ဟုတ်လား...''

''သိပ်ဟုတ်တာပေါ့ ယင်ကောင်ရယ်။ အဲဒါကြောင့် မင်း ဘာပဲလုပ်လုပ် ငါတို့စိတ်ထဲမှာ နာကျည်းစရာ၊ ဒေါသဖြစ်စရာ၊ ဝမ်းနည်းစရာ ဘာမှမရှိဘူး။ ရှင်းနေတယ်။ ငါတို့ရဲ့ စိတ်ဟာ ဘာခံစားချက်ကိုမှ မကပ်ငြိဘူး။ လုပ်စရာရှိရင် လုပ်တယ်။ တာဝန်ယူစရာရှိရင် ယူတယ်။ ပြီးတော့လည်း ငါတို့ရင်ထဲမှာ အားလုံး ပြီးဆုံးသွားတာပါပဲကွာ''

ကြက်ဖကြီး၏ စကားအဆုံးတွင် ယင်ကောင်က ဦးခေါင်းကို ငုံ့လျက် ကြာမြင့်စွာ ငြိမ်သက်နေ၏။ အသက်ရှူသည်ဟုပင် မထင်ရ။ နောက်ဆုံးတွင်မှ သူမက မျက်နှာကို ပြန်မော့လျက် ပင်လယ်ရေပြင်ကို ငြိမ်သက်စွာ ငေးကြည့်ရင်း....

''ကျွန်မ သဘောပေါက်ပါပြီ''

ဟု ပြောလိုက်သည်။ ထိုနောက် သူမ ထိုင်နေရာမှ ထပြီး တဲဆီသို့ တစ်လှမ်းချင်း ပြန်လျှောက်လာခဲ့တော့သည်။

တဲရှေ့သို့ သူမအရောက်တွင် တံခါးဝအနီး၌ မတ်တပ်ရပ်နေသော တောက်တဲ့ကို တွေ့လိုက်ရ၏။

တောက်တဲ့၏ နောက်ဖက်တွင် ရွှေစင်၏ အဖေနှင့်အမေ



www.burmeseclassic.com

www.burmeseclassic.com

တောက်တဲ့က....

"မင်းနဲ့တွေ့ဖို့ ညှေ့သည်တွေ ရောက်နေကြတယ် သင်းလဲ့ဝင်းညို"

ဟု ပြောလိုက်၏။ သူမ ဘာပြန်ပြောရမည်မှန်းမသိဘဲ ငေးကြောင် ကြည့်နေမိသည်။

ရွှေစင်၏မိခင်က မျက်ရည်များစီးကျလာရင်း...

"သမီးလေး...သမီး"

"အန်တီ...အန်တီ ဘာဖြစ်လို့ လိုက်လာတာလဲဟင်။ သမီးကို စိတ်မနာဘူးလား အန်တီ"

"ပြီးခဲ့တာတွေ မေ့လိုက်ပါတော့ သမီးရယ်။ အခု အန်တီတို့နဲ့ ပြန်လိုက်ခဲ့ပါ။ အန်တီ တိုတိုနဲ့ ရှင်းရှင်းပဲပြောတော့မယ်။ သမီးကို အန်တီတို့ မွေးစားချင်တယ်။ သမီး လက်ခံနော်"

ပြောပြောဆိုဆိုနှင့်ငိုရင်း သူမကို ပြေးကာ ပွေ့ဖက်လိုက်၏။ ယင်ကောင်ကိုယ်တိုင်လည်း ဘာကြောင့်မှန်းမသိဘဲ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

ရွှေစင်ဖခင်က...

"ကဲ...ဝမ်းနည်းစရာတွေ မတွေးကြနဲ့တော့။ လာ...သမီး။ အန်ကယ်တို့နဲ့ တစ်ခါတည်းပြန်လိုက်ခဲ့တော့။ ဟုတ်ပြီလား..."

ထိုစကားကြောင့် ယင်ကောင်ရင်ထဲမှာ လေးလံသွား၏။ အနီးသို့ တစ်ချက်ငေ့ကြည့်လိုက်ရာ တောက်တဲ့၊ ရေမြင်းနှင့် ကြက်ဖကြီးတို့ သုံးယောက် မတုန်မလှုပ် ရပ်နေကြသည်ကို မြင်ရသည်။

အားလုံး တိတ်ဆိတ်နေကြစဉ် တောက်တဲ့က....

"ပြန်လိုက်သွားလိုက်ပါ ယင်ကောင်။ မင်းကို နှင်တာတော့ မဟုတ်ပါဘူး။ နေခဲ့တာနဲ့ လိုက်သွားတာဟာ ဘယ်ဟာက အကောင်းဆုံး လမ်းလဲဆိုတာ ငါတို့လည်း မသိဘူး၊ မင်းလည်း မသိဘူး၊ ဘယ်သူမှ လည်း မသိဘူး။ ဒါပေမဲ့ အရာအားလုံးကို အေးဆေးပဲလို့ သဘောထား





လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်စရာရှိတာက ဖြစ်သွားမှာပဲ၊ နောက်ပြီးတော့ အဲဒါဟာ ပြီးဆုံးသွားမှာပဲ"

●

သူတို့အားလုံး ပြန်ရန် ကားပေါ်သို့တက်ကြသည့်အချိန်တွင် တောက်တဲ့၊ ရေမြင်းနှင့် ကြက်ဖကြီးတို့က လက်ပြလျက် ကျန်ရစ်၏။

ကားထွက်ခါနီးတွင် ရွှေစင်၏ဖခင်က ပိုက်ဆံအိတ်ကို ဖွင့်လိုက်ရင်း...

"ကလေးမလေးကို စောင့်ရှောက်ထားတဲ့အတွက် မောင်ရင်တို့ကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးကွာ။ ဒြော်....ဒီမှာ ဘယ်လိုမှ သဘောမထားနဲ့နော်။ ကျေးဇူးကို ပိုက်ဆံနဲ့ တန်ဖိုးဖြတ်တာ တော့ မဟုတ်ပါဘူး။ ဒီပိုက်ဆံက အန်ကယ့်ဘက်က တတ်နိုင်တာလေး ပြန်ကူညီတဲ့ သဘောပါ"

ဟု ယဉ်ကျေးစွာပြောရင်း ငါးရာတန်စည်း ပိုက်ဆံတစ်ထပ်ကို တောက်တဲ့၏ လက်ထဲသို့ ထိုးထည့်၏။

တောက်တဲ့က အေးစက်စက်ပြုံးရင်း ပိုက်ဆံအုပ်ထဲမှ ငါးရာတန် ဆယ်ရွက်ကိုသာ ရေတွက်ပြီး ထုတ်ယူကာ အကျႌအိတ်ထဲ ထည့်သည်။ ထိုနောက် ကျန်သောပိုက်ဆံအစည်းလိုက်ကို ကိုင်ပြီး....

"ယင်ကောင့်အတွက် ကျွန်တော်တို့ ကုန်ကျထားတဲ့စရိတ်က ငါးထောင်လောက်ပဲ ရှိတာပါ။ ဒီတော့ ပိုတာဒီကျန်တဲ့ပိုက်ဆံတွေက အလကားသက်သက် အပိုဆုပေးသလို ဖြစ်နေတယ်"

ကျန်ပိုက်ဆံများကို ပြန်ပေးလိမ့်မည်ဟု ထင်ပြီး ရွှေစင်၏ အဖေက ကားတံခါးမှန်ကို ပြန်ချသည်။ တောက်တဲ့က 'အဟမ်း'ဟု လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး...

"ရုပ်ရှင်ထဲမှာဆိုရင်တော့ အခုလို ပိုနေတဲ့ပိုက်ဆံတွေကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်မင်းသားက အန်ကယ့်ကို ပြန်ပေးလိုက်မှာပါပဲ။ ဇာတ်လိုက်မင်းသားရဲ့ မာနကို ပြရမှာကိုး။ ဒါပေမဲ့ ဟဲ...ဟဲ...ကျွန်တော်တို့ကတော့ မာနမကြီးတတ်ပါဘူး။ အပိုပေးလည်း ယူတာပဲ။ ဟဲ...ဟဲ''

ပိုက်ဆံများကို ပြန်ပေးတော့မလိုလိုနှင့် တောက်တဲ့က သူ၏ဘောင်းဘီအိတ်ထဲ ထိုးထည့်ပြီး ရယ်ပြလိုက်၏။

ကားက သူတို့ရှေ့မှ ဝေါခနဲ မောင်းထွက်သွားသည်။

■





# ၁၉

လေသည် ကမ်းခြေနှင့်ဝေးရာဆီသို့ ဟငြိမ့်ငြိမ့် ရွေ့လျားနေသည်။ ငှက်ခါးက ပဲ့ပိုင်းမှာ ထိုင်ကာ ဖြည်းဖြည်းချင်း လော့ခတ်ရင်း တိမ်တွေကို ငေးကြည့်နေသည်။

တိမ်တွေ ခရမ်းရောင်သန်းနေကြ၏။မကြာခင် 'မုဆိုးမလေ'တိုက်ခတ်တော့မည်။ (ထိုလေကြမ်းသည် တံငါသည်တို့ကို ရေအောက်သချိုင်းသို့ တိုက်ခတ်နစ်မြုပ်လေ့ရှိသောကြောင့် ကွယ်လွန်သူ တံငါသည်တို့၏ ဇနီးမယားများ မုဆိုးမဖြစ်ရခြင်းကို အစွဲပြုပြီး 'မုဆိုးမလေ'ဟု ခေါ်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ခါးကတော့ ထို'မှုဆိုးမလေ'ကိုချစ်သည်။ သေခြင်းတရားကို ကျောပိုးသယ်ဆောင်လာသော ထိုလေမုန်တိုင်း၏ လက်ချောင်းများသည် မိုးဦးပန်းပွင့်တို့၏ ပွင့်ချပ်များကို လတ်ဆတ်စွာ ဖူးပွင့်ရှင်သန်လာစေသော ကြောင့်ဖြစ်၏။

အကြမ်းတမ်းဆုံး မိုးသက်လေသည် အနူးညံ့ဆုံး ပွင့်ချပ်လွှာတို့၏ အိပ်မက်ကို ပေးလေသည်။

လှေဝမ်းထဲတွင် ပျင်းရိစွာလှဲအိပ်ရင်းလိုက်ပါလာသော တောက်တဲ့ က....

"လူတွေဟာ အကျီတိုက်တဲ့ မီးပူနဲ့ တူတယ်ကွ"

"ဘာဖြစ်လို့လဲ"

ဟု ရေမြင်းက ပြန်မေးလိုက်ရာ တောက်တဲ့က...

"လူတွေဟာ သူတို့ကိုယ်တိုင်လည်း ပူလောင်မှုကို သိမ်းပိုက်ထားကြတယ်။ ပြီးတော့ တခြားသူတွေကိုလည်း သူတို့အောက်မှ ပြားပြားဝပ်နေအောင် ဖိထားချင်ကြတယ်"

ကြက်ဖကြီးက လှေဦးမှ လှော်ခတ်နေရင်း နောက်သို့ လှည့်မကြည့်ဘဲ လှမ်းပြောသည်။

"ငါကတော့ အသုဘခေါင်းတလားနဲ့တူတဲ့ လူစားမျိုးပဲ ဖြစ်ချင်တယ်ကွာ"

"ဘာ....အသုဘခေါင်းနဲ့တူတဲ့လူ။ ဟုတ်လား...ကြက်ဖကြီး"

"အေး...။ အသုဘခေါင်းက ဘာမှ လုပ်စရာမလိုတဲ့အချိန်မှာ ပေါ့ပါးလွတ်လပ်နေတယ်။ တကယ်လိုအပ်လို့ အလုပ်လုပ်ရပြီဆိုရင်လည်း သေခြင်းတရားကိုတောင်မှ နှစ်နှစ်ခြိုက်ခြိုက် ထွေးပွေ့လက်ခံနိုင်တယ်လေ"

သူတို့အားလုံး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ ရေမြင်းက...

"မင်းတို့ကို ငါ မေးခွန်းနှစ်ခု မေးစရာရှိတယ်။ ပထမမေးခွန်းက ယင်ကောင်ကိုကော ဘယ်လိုလူစားမျိုးလို့ မင်းတို့ သတ်မှတ်ထားလဲ"





မည်သူမျှမဖြေကြ။ သူတို့အားလုံးက ငှက်ခါးဖြေမည့်အဖြေကို သိချင်စိတ်ဖြင့် စောင့်ဆိုင်းနေကြသည်။ ခဏအကြာတွင် ငှက်ခါးက

"အဲဒီကောင်မလေးက လူမဖြစ်သေးပါဘူးကွာ...။ လူတွေရဲ့ အတုကို ခိုးပြီး လိုက်လုပ်နေတဲ့ မျောက်ကလေးတစ်ကောင်နဲ့ တူတယ်ကွ သိလား"

သူ့အဖြေကြောင့် အားလုံး ရယ်မောလိုက်ကြသည်။ ရယ်သံများ တိတ်သွားသည့်အခါတွင်မှ ငှက်ခါးက....

"ဒါပေမဲ့ သူ့ကိုလည်း အပြစ်တင်စရာတော့ မရှိပါဘူး။ လောကမှာ လူတွေအားလုံးနီးပါးဟာ မျောက်တွေပါပဲ။ တကယ်လွတ်လပ်တဲ့ လူသားစစ်စစ်ဟာ မရှိသလောက် ရှားပါတယ်ကွာ"

ထိုစကားကို ပြောပြီးသည့်အချိန်တွင်ကား မည်သူမျှ မရယ်ကြ။ ထိုအချက်သည် ရယ်မောရမည့် ကိစ္စမဟုတ်မှန်း သူတို့ သဘောပေါက်နားလည်ထားခဲ့ကြသည်မှာ ကြာပြီဖြစ်၏။

ရေမြင်းက....

"ဒုတိယမေးခွန်းကတော့ ရှင်းပါတယ်။ အခု ငါတို့ ဘယ်ကို ခရီးသွားနေကြတာလဲ"

•

ကားပေါ်တွင် ထိုင်၍ လိုက်ပါလာသော သင်းလှဲ့ဝင်းညိုသည် အနည်းငယ် အသက်ရှူကျပ်လာသောကြောင့် ကားတံခါးမှန်ကို လျှောချလိုက်၏။

အပြင်အပမှ လတ်ဆတ်သော လေငွေ့အေးအေးသည် ကားထဲသို့ ဝင်လာသည်။ သူမ အသက်ကို တဝကြီးရှူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လေကို ရှူရှိုက်ဖို့အတွက်သက်သက် ရှင်သန်နေထိုင်နေခြင်းဖြစ်သည်'ဟု ငှက်ခါးကို သတိရစိတ်ဖြင့် သူမရင်ထဲမှာ လျှောင်လှုပ်သွားသည်။

ငါတို့ ဘာဖြစ်လို့ လေကို အတူတူမရှူရှိုက်ရမှာလဲ။

သူမ ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ခုကို အနိုင်အမာချလိုက်ပြီး

"အန်ကယ်...ကားကို ခဏလောက် နောက်ပြန်လှည့်ပေးပါလား။ သမီး သမီး...သူတို့ကို"

"ဘာလဲ...သမီး။ စောစောကတဲကို ပြန်သွားချင်လို့လား"

"ဟုတ်...ဟုတ်ကဲ့"

လမ်းခွဲအရောက်တွင် ကားကလေးသည် ဝေါခနဲ ချိုးလှည့်ပြီး လျှင်မြန်သောအရှိန်ဖြင့် နောက်ကြောင်းပြန်မောင်းနှင်လာခဲ့သည်။

•

"အခု ငါတို့ ဘယ်ကို ခရီးသွားနေကြတာလဲ"

လေနုရဲကို ပုတ်သော ပင်လယ်လှိုင်းများသည် စည်းချက်သံလို နရီကိုက်နေ၏။ ငှက်ခါးက လှော်တက်ကို ပေါင်ပေါ် ကန့်လန့်ဖြတ်ချထားလိုက်ပြီး....

"ဘယ်ကိုလဲဆိုတော့ ကမ္ဘာကြီးရဲ့ တစ်နေရာရာကိုပေါ့ကွာ။ မင်းက ဘာတွေကို တွေးပူနေရတာလဲ၊ ဘာတွေကို ဆုံးရှုံးမှာ ကြောက်နေလို့လဲ။ ငါတို့ ရောက်သွားမယ့်နေရာဟာ နာမည်တစ်စုံတစ်ခု ရှိချင်မှတော့ ရှိမယ်။ ဒါပေမဲ့ အဲဒီမှာ ခြေချဖို့ မြေကြီးရှိမယ်၊ သောက်စရာရေရှိမယ်၊ ပြီးတော့ ရှူရှိုက်စရာ လေရှိမှာလည်း သေချာတယ်။ အဲဒီမှာ ငါတို့ ရှင်သန်ကြမယ်။ လှုပ်ရှားကြမယ်။ ဘယ်နေရာပဲဖြစ်ဖြစ် ကမ္ဘာကြီးဟာ





ငါတို့ရဲ့ အိမ်ပါပဲ"

ကားရပ်သည်နှင့် တစ်ပြိုင်နက် သင်းလဲ့ဝင်းညို အပြေးဆင်းပြီး တဲထဲသို့ လှမ်းကြည့်လိုက်သည်။ တဲသည် ဗလာဟင်းလင်း၊ သုသာန်တစပြင်လို တိတ်ဆိတ်နေ၏။

လူသူ စွန့်ခွာခြင်းခံရသည့်နေရာတစ်ခုမှန်း ခံစားသိဖြင့် သူမ အလိုလို သိလိုက်သည်။

တဲဆီမှ ပြေးထွက်ပြီး လှေကျင်းရှိရာဆီ ကြည့်လိုက်ပြန်သည်။

လှေ ရှိမနေတော့။

သူမ တစ်စုံတစ်ရာကို နားလည်လိုက်သည်၊ ထိုနောက် ကြေကွဲမှုကို သယ်ဆောင်သော ခြေလှမ်းများနှင့်အတူ ကမ်းစပ်ဆီသို့ လေးလံကျိုးပဲ့စွာ ဆင်းလာခဲ့တော့၏။

ပင်လယ်ပြင်ထဲတွင် မိုးကုပ်စက်ဝိုင်းဆီ ဦးတည်ရွေ့လျားနေသော လှေငယ်လေးတစ်စင်းကို မြင်ရသည်။

သူမ ရင်ထဲမှလာသော အဝါရောင်လွမ်းဆွတ်မှုအသံဖြင့် အော်ဟစ်ခေါ်ငင်လိုက်သည်။

"ဟေး"

•

အသံသဲ့သဲ့ တစ်စုံတစ်ရာကို ကြားရသည်ဟု ခံစားစိတ်ဖြင့် သိလိုက်သည်၊ ငှက်ခါးတို့လေးယောက်စလုံး ပြိုင်တူလိုလို ကမ်းစပ်ဆီ နောက်ပြန်လှည့်ကြည့်ဖြစ်ကြ၏။ (တကယ်တော့ သူမ၏အသံသည် လှိုင်းသံ လေသံများကို ဖြတ်သန်း၍ သူတို့ဆီ ရောက်လာစရာအကြောင်းမရှိ)

တောက်တဲ့က ကမ်းစပ်မှ လက်ဝှေ့ယမ်းပြနေသော မိန်းမလေး သဏ္ဌာန်ကို လှမ်းကြည့်ရင်း....



www.burmeseclassic.com

www.burmeseclassic.com



"ယင်ကောင် ပြန်လာတာကွ" ,

ဟု ခပ်တိုးတိုးပြောရင်း ငှက်ခါးကို လှမ်းကြည့်သည်။ ငှက်ခါးက ဘာမှပြန်မပြောဘဲ လှေကိုသာ ဆက်လှော်နေသောကြောင့် သူလည်း စကားမဆက်တော့။

ရှုမြင်းက ရှောဟမ်းဟဲသို့ ပျင်းရိစွာဖြင့် ပြန်ဂုဲခွဲလိုက်ရင်း..

"ဟော့ကောင်...ငှက်ခါ။ မင်းကို ကောင်မလေးက ကြိုက်နေလား မသိဘူးကွ"

ငှက်ခါးက ခပ်တိုးတိုးရယ်လိုက်ပြီး....

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ သူက မျောက်လို လူတွေကို အတုနိုးတတ်တယ်ဆိုတော့ သူစိတ်ကူးနဲ့သူ အချစ်ဇာတ်လမ်းတွေဆင်ပြီး ပြဇာတ် ကချင်နေသလားမှ မသိတာ"

"မင်းကော အဲဒီကောင်မလေးအပေါ်မှာ ဘယ်လိုမှ မခံစားရဘူး လား။ မင်းရင်ထဲက စကားကို အမှန်အတိုင်းပြော"

ငှက်ခါးက မုဆိုးမလေ နီရောင်သန်းနေသော တိမ်တွေကို မော့ကြည့်လိုက်ရင်း....

"ငါ့ရင်ထဲမှာတော့ အဲဒီကောင်မလေးသာ တကယ့်မျောက်စစ်စစ် တစ်ကောင် ဖြစ်မယ်ဆိုရင် ကြိုးနဲ့ချည်ပြီး အိမ်မှာမွေးထားချင်တယ်ကွာ။ ဒီလောက်ပါပဲ။ တကယ်ပါ...။ ဒီထက် ဘာမှ မပိုခဲ့ပါဘူး"

သည့်နောက်မှာတော့ သူတို့အားလုံး တိတ်ဆိတ်သွားကြပြီး လှေကိုသာ ဖြည်းဖြည်းချင်း လှော်ခတ်နေမိကြတော့သည်။ ဘယ်သူမှ နောက်ကို ပြန်လှည့်မကြည့်ကြတော့။

ငှက်ခါးက ရင်ထဲမှ စကားတစ်ခွန်းကို တိုးတိတ်စွာ ရေရွတ်လိုက် သည်။

"နေရစ်ခဲ့တော့ ကောင်မလေးရေ...။ တို့တွေအားလုံးဟာ လူသားစစ်စစ်ဖြစ်တဲ့ တစ်နေ့မှာ ပြန်ဆုံခွင့်ရပါစေလို့ ဆုတောင်းပါတယ်..."

ကမ်းစပ်တွင်တော့ သူမက တရွေ့ရွေ့ဝေးသွားသော လှေငယ်ဆီ





ငေးကြည့် ကျန်ရစ်ခဲ့သည်။

ဆုံမှတ်နှစ်ခုသည် တစ်စထက်တစ်စ ပို၍ပို၍ ဝေးကွာသွားနေ၏။

တစ်မိုးသောက်သည့်အခါ အနီရောင်ကောင်းကင်အောက်တွင် သူတို့အားလုံး ပြန်လည်ဆုံတွေ့ကြရဦးမည်။

ဘဝသည် ထိုအခါကျမှပင် စတင်လိမ့်မည်ဟု မျှော်လင့်ရပေ သည်။

■

မင်းခိုက်စိုးစန်
ဒီဇင်ဘာ၊ ၂၀၀၃



www.burmeseclassic.com